မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၂ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၁၃၉)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းခရိုင်နှင့် ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ ဘုရင့်နောင်အငူသို့ ရောက်ရှိကြပြီး လှည့်လည်ကြည့်ရှုသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✤





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တုကို ကြည့်ရှုစဉ်။

သတင်းစဉ်

# အီးယူဈေးကွက်နှင့် လိုက်လျောညီထွေမှုရှိသော ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရန်ကြိုးပမ်းနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ယခင်က အီးယူဈေးကွက်သို့ မွေးမြူရေးငါး၊ ပုစွန်များ တင်ပို့ခွင့်မရှိဘဲ ဖမ်းဆီးရေးငါးများကိုသာ(ရေချို၊ ရေငန်)ခွင့်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ မွေးမြူရေးငါး၊ ပုစွန်များကို တင်ပို့ခွင့်ပြုခဲ့ရာ ဈေးကွက်နှင့်လိုက်လျောညီထွေမှုရှိသော စံချိန်စံညွှန်းမီ ရေထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရန် မြန်မာနိုင်ငံ ငါး၊ ပုစွန်မွေးမြူသောတောင်သူများနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

“အီးယူဈေးကွက်ကို ဒီဇင်ဘာ ၁ ရက်ကစပြီး မွေးမြူရေးငါး၊ ပုစွန် ပို့ခွင့်ရသွားပြီ။ ပို့ခွင့်ရတဲ့အချိန်မှာပဲ အီးယူက ဆန်ကို အခွန်ကောက်ပြီး ရေထွက်ပစ္စည်းမပါသေးတဲ့အတွက် ငါးလုပ်ငန်းပေါ်မှာ ထိခိုက်မှုတော့ မရှိသေးဘူး။ ဒါကြောင့် အီးယူဈေးကွက်နဲ့ လိုက်လျောညီထွေမှုရှိမယ့် ရေထွက်ပစ္စည်းတွေ ထုတ်လုပ်တင်ပို့ဖို့ ကြိုးစားနေပါတယ်။ စံချိန်စံညွှန်းမီသွားရင် အီးယူဈေးကွက်ရဲ့ အခွင့်အရေးတွေ ပိုရလာမှာပါ။ ဒါဟာ ကျွန်တော်တို့ရဲ့မျှော်မှန်းချက်ပါပဲ”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

မြန်မာနိုင်ငံရှိ အအေးခန်းများကို စံချိန်စံညွှန်းမီရန် အီးယူမှ သင်တန်းပေးခြင်း၊ လမ်းညွှန်ချက်ပေးခြင်း၊ စစ်ဆေးခြင်းတို့ ပြုလုပ်ခဲ့ရာ အအေးခန်း ၂၃ ခုမှထွက်ရှိသော ငါး၊ ပုစွန်များကို အီးယူဈေးကွက်သို့ တင်ပို့ခွင့်ရရှိပြီးဖြစ်သည်။ မွေးမြူရေးပိုင်းတွင်လည်း အီးယူမှသတ်မှတ်ချက်နည်းစနစ်အတိုင်း မွေးမြူခြင်းဖြင့် ထွက်ရှိသောငါး၊ ပုစွန်တို့ကို ထိုအအေးခန်းတို့တွင် ပြုပြင်ထုတ်လုပ်၍ အီးယူဈေးကွက်သို့ တင်ပို့သွားမည်ဖြစ်သည်။

အီးယူဈေးကွက်သို့ ငါး၊ ပုစွန်များ အပြိုင်အဆိုင်တင်ပို့လိုသော်လည်း ခွင့်ပြုချက်ရသော နိုင်ငံတို့မှ ရေထွက်ပစ္စည်းများကိုသာ လက်ခံသည့်အတွက် ထိုသို့လက်ခံနိုင်ရန် စံချိန်စံညွှန်းကို ထိန်းသိမ်းရန် အထူးလိုအပ်သောကြောင့် မြန်မာနိုင်ငံမှ ရေချိုမွေးမြူခြင်းနှင့် အအေးခန်းများ ပြုပြင်ပြောင်းလဲလုပ်ဆောင်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တိုက်တွန်းလျက်ရှိသည်။

ရေငန်ပုစွန်ဖြူ၊ ပုစွန်ကြားနှင့် ရေချိုပုစွန်တုပ်၊ တီလားပီးယား၊ ငါးတန်၊ ကကတစ်တို့သည် အီးယူဈေးကွက်နှင့် လိုက်လျောညီထွေမှုရှိသောကြောင့် မွေးမြူရေးတောင်သူများအနေဖြင့် ယခင်ပုံစံထက် ပြောင်းလဲမွေးမြူရန်လိုအပ်ပြီး စီးပွားဖြစ်အဆက်မပြတ်မွေးမြူရန်လည်း လိုအပ်သောကြောင့် ရရှိထားသော အီးယူဈေးကွက်ကို ရေရှည်ဆုပ်ကိုင်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ရမည့် ကဏ္ဍများလည်း ရှိနေကြောင်း သိရသည်။

***စာမျက်နှာ ၃ ကော်လံ ၁*** ❍

CB BANK
ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့မှုများ
Best Trade Finance Bank
2018 (Asset Triple A) (The Asian Banker)
Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

# နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းအစီအမံများ

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစစ ဘက်စုံတိုးတက်ဖွံ့ဖြိုးရန်အလို့ငှာ ခေတ်ပြောင်းစနစ်ပြောင်းဖို့ ကြိုးစားနေသောအချိန်ဖြစ်သည့်အတွက် နိုင်ငံတကာမှ မိတ်ဆွေများ၊ ကူညီကြမည့်သူများ၊ စီးပွားရေးအရ အကျိုးတူလုပ်ကိုင်ရန် လာကြမည့် ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုကြရပါသည်။

အထူးသဖြင့် စီးပွားရေးတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါသည်ဖြစ်ရကား နိုင်ငံတကာမှ စီးပွားရေးလာရောက်လုပ်ကိုင်ကြမည်ဆိုလျှင် ကြိုးနီစနစ်များကြောင့် ကြန့်ကြာမနေရအောင်၊ အစဉ်အလာ ဥပဒေများကြောင့် အဟန့်အတား ဖြစ်မနေရအောင် ပြည်သူ့အစိုးရက ဖြေလျှော့မှုများ၊ ပြင်ဆင်ပြောင်းလဲပေးမှုများကို အထူးအစီအစဉ်များဖြင့် ဖော်ဆောင်ပေးလျက်ရှိပါသည်။

ယခုအခါ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများ ရှိလာသကဲ့သို့ ကုမ္ပဏီထောင်ကာ ကုန်သွယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကြသူများလည်း ရှိနေကြောင်း သိရပါသည်။

ကုမ္ပဏီထူထောင်ကာ အလုပ်လုပ်ကြပြီး ငွေရေးကြေးရေး အရှုပ်အရှင်းများစွာနှင့် လိမ်လည်မှုအနေဖြင့် စွပ်စွဲဆိုခြင်းခံနေရသော နိုင်ငံခြားကုမ္ပဏီများ၏ သတင်းများလည်း ထွက်ပေါ်လာနေသည်ကို သတိပြုမိပါသည်။

နိုင်ငံခြားကလာသည့် ကုမ္ပဏီများ လုပ်ဆောင်မှုများကြောင့် ပြည်တွင်းက ပစ္စည်းသွင်းလုပ်အားထည့်ကြသည့် အကျိုးတူ စီးပွားရေးလုပ်ငန်းရှင်များမှာ ငွေကြေးအရှုပ်အထွေးဗရပွဖြင့် ကျန်ခဲ့ပြီး နစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည်ဆိုခြင်းမှာ ကောင်းသော လက္ခဏာမဟုတ်ပါ။ အာမခံချက်တစ်စုံတစ်ရာမရှိသော နိုင်ငံခြားမှလာသူများက အထုပ်ပိုက်ကာ ပြန်သွားသည့်အခါ ဘယ်ဆီလိုက်ရမည်မှန်းမသိ၊ အစပျောက်သွားတော့သည်ဆိုခြင်းမှာ မိမိနိုင်ငံသားတို့အတွက် များစွာနစ်နာလှပါသည်။

ထိုနည်းတူစွာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုသည်ဆိုခြင်းမှာ ပြည်တွင်း၌ ငွေကြေးအကျိုးအမြတ်ရရှိရေးအတွက် သက်သက်၊ အခွန်အတုတ်ရရေး သက်သက်သာမကဘဲ နိုင်ငံတကာနည်းပညာ၊ ခေတ်မီအလုပ်အကိုင်စီမံခန့်ခွဲပုံ စသည့်ပညာရပ်ပိုင်းဆိုင်ရာ၊ နည်းစနစ်ပိုင်းဆိုင်ရာ အတုယူဖွယ်ရာတို့ကိုပါ လွှဲပြောင်းရယူနိုင်ရန် ရည်ရွယ်ရန် လိုပါသည်။

ဥပမာအားဖြင့် ထိုင်းနိုင်ငံ၌ ၁၉၈၀ ကျော် ၉၀ ကျော် ကာလများတွင် မိုးထိမြင့် အဆောက်အအုံကြီးများကို နိုင်ငံခြားကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ခဲ့ကြရာ ထိုင်းနိုင်ငံက ပညာရှင်များ၊ ဌာနေ အလုပ်သမားများ မည်ရွေ့မည်မျှပါဝင်ရမည်ဟူသော ကန့်သတ်ချက်များဖြင့် ခွင့်ပြုခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် အသစ်အသစ်သော မိုးထိအဆောက်အအုံများကို နိုင်ငံခြားသားပညာရှင်လုံးဝမပါဘဲ ထိုင်းနိုင်ငံသားပညာရှင်များသာ ပါဝင်သည့်အဖွဲ့များက ကိုယ်တိုင်တာဝန်ယူ ဆောက်လုပ်လာကြသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဧပြီ ၁၇ ရက်နေ့ မြန်မာနှစ်သစ်ကူး ရေဒီယိုမိန့်ခွန်းမှာ ပြောဖူးတာရှိပါသည်။ “ကျွန်တော်တို့မှာ ငွေမရှိဘူး။ တတ်ကျွမ်းတဲ့လူ အလုံအလောက်မရှိဘူး။ ဒီအချက်နှစ်ချက်နဲ့ပတ်သက်ပြီး ဘယ်အစိုးရပဲ မြန်မာပြည်မှာ တက်တက် နိုင်ငံခြားအကူအညီမရဘဲ မလုပ်နိုင်ဘူး။ နိုင်ငံခြား အကူအညီယူရတယ်ဆိုတာ အမြဲကောင်းတာ မဟုတ်ဘူး။ ဒါပေမယ့် ကျုပ်တို့အခြေအနေက မြန်မာပြည် ပြန်လည်ထူထောင်နိုင်ဖို့ဆိုရင် နိုင်ငံခြားအကူအညီမယူမဖြစ်တဲ့ အခြေအနေ ဖြစ်နေတယ်။ ...ပရိယာယ်အရာ ကျွမ်းကျင်ပြီး ကျွန်တော်တို့ကိုယ်ကိုယ်လည်း လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့ အရည်အချင်းမျိုးရှိအောင် အခုကတည်းက စတင်ပျိုးထောင်ထားဖို့လိုတယ်။ ...ဒါကြောင့် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးပြင်ဆင်မှုလုပ်ငန်းတွေဟာ တိုင်းပြည်ကာကွယ်ရေးနဲ့ စီးပွားရေးအခြေခံတွေကို အခုကတည်းက အုတ်မြစ်ချထားရမယ်” ဟူ၏။

အချုပ်အားဖြင့်ဆိုရလျှင် ခေတ်မီအောင်မြင်ကြသော၊ ငွေရင်းငွေနှီးကြီးမားကြသော နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုကြရမည်ဖြစ်သော်လည်း အနိုင်ကျင့် မတော်မတရားလုပ်ခြင်းတို့ကို ကာကွယ်နိုင်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ တိတိကျကျ ခိုင်ခိုင်မာမာရှိရန် လိုပါမည်။ ထို့အတူ ပြည်တွင်း၌ အရည်အချင်း မြင့်မားလာနိုင်ရေးအတွက်လည်း လိုအပ်သောအစီအမံများ ပြင်ဆင်ပေးရန် လိုအပ်မည်ဟု တင်ပြလိုက်ရပါသည်။ ။

# နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ သံရုံးအကြီးအကဲများဦးစီးပြီး Nordic Day အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံဆိုင်ရာ နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့၏ သံရုံးအကြီးအကဲများက ဦးစီးကျင်းပသည့် Nordic Day အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းအမှတ်(၃) Nordic House ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီး ဒေါက်တာဒေါ်ခင်သန်းအေးတို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား သံရုံးအကြီးအကဲများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြစဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး H.E. Ms. RiikkaLaatu နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး သံအမတ်ကြီးများက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဗြိတိန်နိုင်ငံအစိုးရ၏ ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ အတွေ့အကြုံများ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာဒန်ချက်က ဗြိတိန်နိုင်ငံအစိုးရ၏ ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ အတွေ့အကြုံ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**





ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဗြိတိန်နိုင်ငံအစိုးရ၏ ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ အတွေ့အကြုံ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

အဆိုပါ အတွေ့အကြုံရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပါဝင်ဆွေးနွေးကြသူနှစ်ဦးက ဗြိတိန်အစိုးရ၏ ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတများကို မျှဝေကြမည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ပြန်ကြားရေးသည် အရေးကြီးသည်ကို မိမိတို့အနေဖြင့် သိရှိရန်လိုအပ်ပါကြောင်း၊ ဆက်သွယ်ပြန်ကြားခြင်းသည် သတင်းအချက်အလက်ပေးခြင်း ဖြစ်ပါကြောင်း။

## ပြည်သူများသို့ သတင်းအချက်အလက်ပေး

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ မီဒီယာကို အသုံးပြု၍ ပြည်သူများသို့ သတင်းအချက်အလက်ပေးခြင်းကို လုပ်ဆောင်နေသည့် ဌာနဖြစ်ပါကြောင်း၊ ဘယ်ကို၊ ဘယ်သူ့ကို၊ ဘယ်အချိန်၊ ဘယ်လို ဆက်သွယ်ပြန်ကြားရမည်ကို သိရှိရန် လိုအပ်ပါကြောင်း၊ သင့်လျော်သည့် ဆက်သွယ်ပြန်ကြားမှုမရှိပါက လူ့အဖွဲ့အစည်းအတွင်း အပြုသဘောမဆောင်သည့် အကျိုးသက်ရောက်မှုများဖြစ်သော သတင်းတု၊ သတင်းမှား၊ ကောလာဟလများ၊ အမုန်းစကား ဖြန့်ဝေမှုများ၊ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုကာလတွင် စိန်ခေါ်မှုများစွာရှိနေပြီး နိုင်ငံတကာ၏ အာရုံစူးစိုက်မှုများလည်း ရှိနေပါကြောင်း၊ ယခုလို ကြုံတွေ့လာရချိန်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာများသည် ပြန်လည်တုံ့ပြန်နိုင်စွမ်း နည်းပါးနေသေးပါကြောင်း၊ ဆက်သွယ်ပြန်ကြားရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် အရေးကြီးသည့် အချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံအစိုးရများထံမှ နည်းနာများကို သင်ယူလေ့လာရန် လိုအပ်လာသည့်အတွက် ယခုကဲ့သို့ အတွေ့အကြုံ ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

## ဆက်သွယ်ပြန်ကြားရေးဆိုင်ရာစနစ်များ

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာဒန်ချက်က ဗြိတိန်နိုင်ငံအစိုးရ၏ ဆက်သွယ်ပြန်ကြားရေးဆိုင်ရာစနစ်များနှင့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗြိတိန်နိုင်ငံ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဆက်သွယ်ပြန်ကြားရေးဌာန အကြီးအကဲ မစ္စအယ်မလီယာအော်စတင်က ထိရောက်သော ဆက်သွယ်ပြန်ကြားရေးအစီအစဉ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အုပ်စုများခွဲကာ လက်တွေ့ဆွေးနွေးကြသည်။

## ပြန်လည်သုံးသပ်ဆွေးနွေး

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် ဗြိတိန်နိုင်ငံ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဆက်သွယ်ပြန်ကြားရေးဌာန အကြီးအကဲ မစ္စအယ်မလီယာအော်စတင်တို့က ဆွေးနွေးပွဲနှင့်ပတ်သက်၍ နိဂုံးချုပ်ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ဗြိတိန်နိုင်ငံအစိုးရ၏ ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ အတွေ့အကြုံ ရှင်းလင်းဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဗြိတိန်နိုင်ငံသံရုံးတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ အမှုထမ်း၊ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# (၅၉)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဂုဏ်ထူးများဖြင့်အောင်မြင်သော စာအောင်သံဃာတော်အား စာမေးပွဲအောင်လက်မှတ် ဆက်ကပ်စဉ်။ သတင်းစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၅၉)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**သာသနာတော်သုံးရပ် တည်တံ့ပြန့်ပွားစေရန်**

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော်က သမ္မောဒနီယ ဩဝါဒကထာကို မြွက်ကြားတော်မူရာတွင် ယနေ့ ကျင်းပပြုလုပ်သော မဟာဘွဲ့နှင်းသဘင်အခမ်းအနားကြီးသည် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ် အရှည်ခံ့၍ တည်တံ့ပြန့်ပွားစေရန် ရည်ရွယ်လျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပပြုလုပ်သော စာမေးပွဲအသီးသီးတို့တွင် အောင်မြင်တော်မူကြသည့် ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ လှူဒါန်းပူဇော်သည့် လဋ္ဌဒါန လဋ္ဌနပူဇာ လဋ္ဌနာနုဂ္ဂဟ မဟာဓမ္မဘွဲ့နှင်းသဘင်ကြီး ဖြစ်ပါကြောင်း။

အစဉ်အလာအားဖြင့် ရှေးရှေးသော သာသနာပြုအစိုးရ အဆက်ဆက်တို့သည် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် စာမေးပွဲများ ဆင်ယင်ကျင်းပ၍ စာအောင်ဆုနှင်းသဘင်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိသဖြင့် ဤမဟာဘွဲ့နှင်း သဘင်အခမ်းအနားကြီးသည် အစဉ်အလာသာသနာပြုပွဲ သဘင်ကြီးလည်း ဖြစ်ပါကြောင်း။

ရဟန်းတော်များသည် ပရိယတ်ဟု ခေါ်ဆိုအပ်သော မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားတော်များကို သင်ယူနေကြပါက တတ်သိနားလည်နိုင်ကြပြီး ဒကာ ဒကာမများကိုလည်း သိနားလည်အောင်ဟောပြောနိုင်ကြမည်ဖြစ်ပါကြောင်း။ ဤသည်ပင် ပရိယတ္တိသာသနာတော်တည်တံ့မှုဖြစ်ပါကြောင်း။ တတ်သိနားလည်ကြပါလျှင် လိုက်နာကျင့်သုံးနိုင်ကြမည်ဖြစ်ပြီး။ ဤသည်ပင်ပဋိပတ္တိသာသနာတော်တည်တံ့မှု ဖြစ်ပါကြောင်း။ လိုက်နာကျင့်သုံးကြပါလျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို သိမြင်ရရှိနိုင်ကြမည်ဖြစ်ပြီး ဤသည်ပင် ပဋိဝေဓသာသနာတော် တည်တံ့မှုဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအမှူးပြုသော သမ္မာဒိဋ္ဌိက ဗုဒ္ဓဘာသာဝင် ဥပါသကာ ဥပါသိကာမ အပေါင်းတို့ကလည်း ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဝသော သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက် သာသနာပြုနေကြသော အရှင်မြတ်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော ပစ္စည်းဝတ္ထုတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းဟူသော အာမိသာနုဂ္ဂဟဖြင့် လည်းကောင်း၊ တရားဓမ္မဩဝါဒကို နာကြားခြင်း၊ လိုက်နာကျင့်သုံးခြင်းဟူသော ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ကြလျက် သာသနာပြုကြမည်ဖြစ်ပါကြောင်း။

**အကျိုးစီးပွား တိုးတက်ဖြစ်ထွန်း**

ဤကဲ့သို့ ဆရာ ဒကာ နှစ်ဖက်လုံးညီညီညာညာ ထက်သန်စွာသော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်ခံ့၍ တည်တံ့ပြန့်ပွားထွန်းကားတိုးတက်အောင် သာသနာပြုနိုင်ကြပါစေ။ သာသနာပြုနိုင်ကြသဖြင့် မိမိတို့၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းကြ၍ နိဗ္ဗာန်တိုင်အောင်သော ချမ်းသာသုခ ရရှိကြပါစေဟု အာသီသပတ္ထနာပြုလျက် သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါကြောင်း မြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးများကို တည်ထောင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့်နည်းတူ တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲများကို နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပရိယတ္တိ စာသင်တိုက်ကြီးများက စာသင်သား ရဟန်းသာမဏေများအား ပို့ချသင်ကြားဖြေဆိုစေလျက်ရှိပါကြောင်း။

**ကျမ်းစာအုပ်များ ကြည့်ရှုလေ့လာနိုင်ရန် စီမံထား**

ပါဠိပထမပြန်စာမေးပွဲ ဘာသာပြန်ပြဋ္ဌာန်းကျမ်းစာ ဇာတ်အဋ္ဌကထာကို (၄)ပိုင်း ပိုင်း၍ တစ်ပိုင်းလျှင် (၄)နှစ်စီ သတ်မှတ်လျက် ၁၃၆၅(၂၀၀၄)ခုနှစ် စာမေးပွဲမှစတင်ဖြေဆိုစေခဲ့ရာ ၂၀၁၉ ခုနှစ်တွင် နှစ်အပိုင်းအခြားသတ်မှတ်ချက် ပြီးဆုံးတော့မည်ဖြစ်သဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားခဲ့ရာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးက မူလပြဋ္ဌာန်းချက် နှစ်အပိုင်းအခြားသတ်မှတ်ချက်အတိုင်း ပြန်လည်သတ်မှတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ စာမေးပွဲမှစတင်ကာ ပြန်လည်ဖြေဆိုကြရမည် ဖြစ်၍ ကျမ်းစာအုပ်များ အဆင်ပြေချောမွေ့စွာ ကြည့်ရှုလေ့လာနိုင်ရန် ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယမန်နှစ် ၂၀၁၈ ခုနှစ်က ကျင်းပပြီးစီးခဲ့သည့် ဓမ္မာစရိယ စာမေးပွဲ၌ ဖြေဆိုသည့်ပုဂ္ဂိုလ် ၂၂၁၀၁ ပါးအနက် ကျမ်းရင်းသုံးကျမ်းအောင် **"သာသနဓဇ ဓမ္မာစရိယ"** ဘွဲ့ရ အပါး ၉၄၀၊ ကျမ်းရင်းနှစ်ကျမ်းအောင် ၉၄၉ ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် အပါး ၁၀၄၀၊ မြန်မာဂုဏ်ထူးအောင် ခြောက်ပါးနှင့် ပါဠိ ဂုဏ်ထူးအောင် တစ်ပါးရှိကြောင်း၊ ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုသည့် ပုဂ္ဂိုလ်ပေါင်း ၄၇၇၉၇ ဦးရှိ၍ အောင်မြင်သည့်ပုဂ္ဂိုလ်ပေါင်း ၂၄၁၅၉ ဦးရှိကြောင်း၊ နိကာယ်စာမေးပွဲတွင် ဖြေဆိုသည့်ပုဂ္ဂိုလ်ပေါင်း ၁၀၈၈၄ ဦးရှိ၍ အောင်မြင်သူပေါင်း ၃၇၃၈ ဦးရှိကြောင်း တွေ့ရှိရပါကြောင်း။ ဓမ္မာစရိယနှင့်ဓမ္မာစရိယဂုဏ်ထူးအောင် ပုဂ္ဂိုလ်များ၊ ပါဠိပထမ ပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ (၅၉)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် ဂုဏ်ထူးများဖြင့်အောင်မြင်သော စာအောင်သံဃာတော်များ၊ သီလရှင်များနှင့်လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ကြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ရှမ်းပြည်နယ် လွိုင်လင်မြို့ သာသနာ့ဝိပုလ ဓာတ်တော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် အောင်မြင်ကြသော စာအောင်သံဃာတော်များအား အစီအစဉ်အတိုင်း ပင့်ဆောင်၍ အောင်လက်မှတ်များဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဂုဏ်ထူးဖြင့်အောင်မြင်သော စာအောင်သံဃာတော်တစ်ပါးအား လှူဖွယ်ဝတ္ထု ဆက်ကပ်စဉ်။ သတင်းစဉ်

### ❍ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် အအေးခန်းစက်ရုံပေါင်း ၁၂၅ ရုံရှိပြီး အီးယူဈေးကွက်အဆင့်မီသော အအေးခန်းစက်ရုံ ၂၃ ရုံသာရှိ၍ ထိုအဆင့်မီသော အအေးခန်းစက်ရုံမှာ ရန်ကုန်တွင် အများဆုံးဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ရေထွက်ပစ္စည်းများထွက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ ရေထွက်ပစ္စည်း အများဆုံး ဖွံ့ဖြိုးသောဒေသများဖြစ်သည်။

**အီးယူဈေးကွက်သို့ ရေထွက်ပစ္စည်းတင်ပို့ခွင့်ရ**

မြန်မာနိုင်ငံမှ အီးယူသို့ ရေထွက်ပစ္စည်းများထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိမှုနှင့်အတူ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်ရာ ဈေးကွက်ကျဉ်းသော ငါးမြစ်ချင်းကို မွေးမြူခြင်းထက် အီးယူဈေးကွက်ဝင်ငါး၊ ပုစွန်များကို ပြောင်းလဲမွေးမြူရန်နှင့် အီးယူဈေးကွက်သို့ ရေထွက်ပစ္စည်း တင်ပို့ခွင့်ရပြီဖြစ်၍ စံချိန်စံညွှန်းမီ လိုက်လျောညီထွေမှုရှိသော ငါး၊ ပုစွန်များကို မွေးမြူထုတ်လုပ်နိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကြိုးပမ်းနေကြောင်း သိရသည်။

**သန်းထိုက်**

## ဥပ္ပါတသန္တိစေတီတော် (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဥပ္ပါတသန္တိစေတီတော်၌ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စေတီတော်ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက အမှာစကားပြောကြားပြီး ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ရှင်းလင်းတင်ပြကြသည်။

ဥပ္ပါတသန္တိစေတီတော်၏ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၌ မတ် ၁၂ ရက်မှ ၁၆ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ မတ် ၁၉ ရက် ညနေပိုင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ မတ် ၂၀ ရက်(တပေါင်းလပြည့်နေ့) နံနက်ပိုင်းတွင် ရွှေကြာသင်္ကန်း ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး မတ် ၁၄ ရက် မှ ၂၀ ရက်အထိ ပွဲတော်ကွင်းအတွင်း၌ ဇာတ်သဘင်၊ ပျော်ပွဲ/ရွှင်ပွဲများ၊ ဈေးဆိုင်ခန်းများဖြင့် အထူးစည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

**မောင်မင်းနိုင်**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** - နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ မိုး/ဇလ

✤ *ရှေ့ဖုံးမှ*

ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ခေတ်အဆက်ဆက် ဘုရင့်နောင်အငူ ပြုပြင်ထိန်းသိမ်းခဲ့မှုများ ဓာတ်ပုံမှတ်တမ်းများနှင့် ဘုရင့်နောင်ရုပ်တုကုန်းတော်ပြင်အတက်လှေကားပြုပြင် တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘုရင့်နောင် ကုန်းတော်ပေါ်သို့တက်ရောက်ပြီး ဘုရင့်နောင်ရုပ်တုနှင့်ကုန်းတော်ပြင် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်သို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကော့သောင်းမြို့ မြို့တော်ခန်းမဥ္စကျင်းပသည့် ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

**ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီး**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျွန်မတို့ တနင်္သာရီတိုင်းကို လာရတယ်ဆိုရင် အမြဲပဲစိတ်ချမ်းသာရပါတယ်။ အဓိကက ပြည်သူတွေရဲ့နွေးထွေးမှုကြောင့် ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တချို့ကိစ္စတွေမှာတော့ အများကြီးပိုပြီးပြုပြင်ဖို့လိုတယ်ဆိုတာ သတိပြုမိပါတယ်။ အရေးကြီးတာကတော့ ပြည်သူတွေရဲ့ဘဝ စီးပွားတိုးတက်ဖွံ့ဖြိုးဖို့ပါပဲ။ ဒါဟာလည်း အစိုးရအနေနဲ့ ၂၀၁၆ ခုနှစ်ကနေစပြီး တာဝန်ယူကတည်းက ရည်ရွယ်ချက်တစ်ခုအနေနဲ့ သတ်မှတ်ခဲ့တာပါ။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ စီးပွားရေးကောင်းရုံတင်မကပါဘူး။ ပညာရေး၊ ကျန်းမာရေးဘက်မှာလည်း ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ ကျန်းမာပြီး ပညာတတ်တဲ့ပြည်သူလူထုတွေဖြစ်ပြီဆိုရင် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်တဲ့အင်အားတွေဟာ အင်မတန်မှ တက်လာမှာ ဖြစ်ပါတယ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ပြည်သူကို တစ်ဆင့်ချပေး**

အခုဆိုရင် ကော့သောင်းမြို့နယ် လူထုတွေ့ဆုံပွဲအတွက် တင်ပြလာတဲ့အကြောင်းတွေရှိပါတယ်။ မေးခွန်းတွေရှိပါတယ်။ အဲဒါတွေကြည့်လိုက်တဲ့အခါ ခပ်တိုတိုပြောရမယ်ဆိုရင် ဒါဟာ တိုင်းအစိုးရကနေ ရှင်းလင်းထားပြီးသားကိစ္စတွေ ဖြစ်ရပါလိမ့်မယ်။ အခု ပြည်နယ်နဲ့တိုင်းတော်တော်များများကို ရောက်ခဲ့တဲ့အခါမှာ ပြည်နယ်/တိုင်းအစိုးရများနဲ့ ပြည်သူလူထုကြားမှာဆိုရင် နီးကပ်မှုဟာ ရှိသင့်သလောက် မရှိဘူးဆိုတာ သတိပြုမိပါတယ်။ တကယ်ပဲ ပြည်နယ်/တိုင်းအစိုးရနဲ့ ပြည်သူလူထုကြားမှာ နီးကပ်မှုရှိတယ်ဆိုရင် တချို့မေးခွန်းတွေက တက်လာစရာအကြောင်းကိုမရှိပါဘူး။ ပြည်သူလူထုကနေ ဒီအဖြေတွေကို သိပြီးသားအခြေအနေဖြစ်ရပါမယ်။ ဥပမာဆိုရင် ထပ်တလဲလဲ တောင်းတဲ့ကိစ္စတွေဟာ ကျောင်းအဆင့်မြှင့်တင်ပေးဖို့၊ ဆေးရုံအဆင့်မြှင့်တင်ပေးဖို့ စသဖြင့်ပါပါတယ်။ အဲဒီဟာတွေဟာ ဘယ်လိုအချက်အလက်တွေနဲ့ကိုက်ညီမှ မြှင့်တင်ပေးနိုင်တယ်ဆိုတာ တိုင်း/ပြည်နယ်အစိုးရတိုင်းက သိရမယ့်ကိစ္စပါ။ မသိဘူးဆိုရင်လည်း ဒါအစိုးရရဲ့လိုအပ်ချက်ပဲ။ သိအောင်လုပ်ပြီးတော့ ပြည်သူကို တစ်ဆင့်ချပေးရပါမယ်။

ကျွန်မ အခုဒီရောက်တုန်း ပြည်သူတွေရဲ့အသံကို ကြားချင်တယ်။ အစိုးရဆိုတာ ပြည်သူလူထုနဲ့ ကင်းကွာနေလို့မဖြစ်ပါဘူး။ ဒီမိုကရေစီအစိုးရဆိုတာ ပြည်သူလူထုတင်မြှောက်ထားလို့ အစိုးရဖြစ်နေတာပါ။ အဲဒီဟာကို ဘယ်တော့မှမမေ့သင့်ပါဘူး။ ပြည်သူလူထုကလည်း တင်မြှောက်ထားတယ်ဆိုတာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် လုပ်ဆောင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အစိုးရတစ်ခုကို တင်မြှောက်ထားတာပါ။ ဘယ်သူကမှ သိပ်တော်လွန်းလို့ဆိုပြီး တင်မြှောက်ထားတာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ခရီးကနေပြန်ပြီးတဲ့အခါမှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအနေနဲ့ နေရာတိုင်းမှာ ပြည်သူလူထုကြားထဲကိုဆင်းပြီး ပြည်သူလူထုနဲ့ထိတွေ့ပြီး ပြည်သူလူထုသိချင်တဲ့ ကိစ္စတွေအားလုံးကို ဖြေကြားဖို့ ညွှန်ကြားခဲ့ပါမယ်။

**ကိုယ့်တာဝန်ကိုယ်သိ**

အခုတင်ပြထားတဲ့မေးခွန်းတွေကိုလည်း အဲဒီနေရာတွေမှာ ဖြေကြားပေးဖို့မှာခဲ့ပါတယ်။ အခုပြောချင်တဲ့ကိစ္စက ဘာလဲဆိုတော့ ကျွန်မတို့ပြည်သူလူထုကို တိုးတက်စေချင်တယ်ဆိုတာ စိတ်ထဲအမြဲရှိပါတယ်။ တိုးတက်တယ်ဆိုတာ နံပါတ်တစ်အားဖြင့် စိတ်ပိုင်းဆိုင်ရာအရ တိုးတက်စေချင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်စေချင်တယ်ဆိုတာ တာဝန်သိစိတ်ကို ပိုပြီးခိုင်မာအောင် လုပ်စေချင်တယ်။ ကိုယ့်ကိုယ်ကိုယ်အားကိုးတဲ့စိတ်ကိုလည်း ခိုင်မာအောင်လုပ်စေချင်ပါတယ်။ လူတိုင်းဟာ ကိုယ့်တာဝန်ကို ကိုယ်သိမှ လုပ်ပုံကိုင်ပုံမှန်မှာဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်အားကိုးချင်တဲ့စိတ်ဓာတ်ရှိမှ ဝီရိယစိုက်ထုတ်တဲ့နေရာမှာ ပြည့်ပြည့်ဝဝရှိမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဟာ တာဝန်သိစိတ်နဲ့ ဝီရိယရှိမှ ကျွန်မတို့သွားချင်တဲ့လမ်းဟာ မဖြောင့်ဖြူးသည့်တိုင်အောင် ကျွန်မတို့ဟာ ပန်းတိုင်ရောက်တဲ့အထိ လျှောက်နိုင်တဲ့အင်အားတို့နဲ့ ပြည့်ဝလာမှာဖြစ်ပါတယ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးအုန်းကြိုင်၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ကျွန်မတို့ရဲ့ အောင်ခြင်းတရားလေးပါးဆိုတာ ဆန္ဒနဲ့စပါတယ်။ တကယ်ပဲပြုပြင်ချင်တဲ့၊ ပြောင်းလဲချင်တဲ့ဆန္ဒရှိရဲ့လား၊ အဲဒီတော့ဆန္ဒဟာ အရေးကြီးပါတယ်။ *စာမျက်နှာ ၅ သို့*

**“ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို သိက္ခာရှိရှိနဲ့ သွားနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်ကို နောင်လာနောက်သားတွေအတွက် ထားခဲ့ပေးနိုင်မယ်ဆိုရင် ဒါဟာ တန်ဖိုးအကြီးဆုံး အမွေအနှစ်ပဲ ဖြစ်ပါတယ်”**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကား ပြောကြားမှုကို ပရိုဂျက်တာမှ တစ်ဆင့် ကော့သောင်းမြို့ ဒေသခံပြည်သူများ ကြည့်ရှုနေစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထားဝယ်လေဆိပ်၌ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာဝင်ခဲ့တုန်းက ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံနဲ့ ဝင်ခဲ့ပါတယ်။ အဲဒီကတည်းက ပြောင်းလဲဖို့ အချိန်ကလည်း တန်ရုံတင်မကဘူး။ လွန်နေပါပြီ။ ပြောင်းလဲစရာတွေက အများကြီးရှိပါတယ်။ ကျွန်မတို့က ပြောင်းလဲချိန်တန်ပြီဆိုတဲ့ဆောင်ပုဒ်နဲ့ ရွေးကောက်ပွဲကိုဝင်ခဲ့တဲ့အခါမှာ ပြည်သူလူထုကနေ ဝိုင်းဝန်းပြီးတော့ ထောက်ခံကြပါတယ်။ ဒါပေမယ့် ပြောင်းလဲချိန်တန်ပြီဆိုတဲ့ဆောင်ပုဒ်ကို ထောက်ခံရုံမက တကယ်ပြောင်းလဲချင်တဲ့ဆန္ဒ ပြည်သူလူထုကြားမှာလည်း ရှိဖို့လိုပါတယ်။

**နိုင်ငံအောင်မြင်မှုအတွက် လုပ်ဆောင်**

ကျွန်မတို့ဟာ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာနဲ့ လုပ်ဆောင်သွားမယ်ဆိုရင် မအောင်မြင်နိုင်တဲ့ကိစ္စ ဘာမှမရှိပါဘူး။ ဒါဟာ တစ်ဦးချင်းတစ်ဦးချင်းအတွက်ဖြစ်သလို တစ်နိုင်ငံလုံးအတွက်လည်း အတူတူပါပဲ။ တစ်နိုင်ငံလုံးအတွက် ဒီလိုဖြစ်ဖို့ဆိုတော့ အဓိက ဘာလိုအပ်လဲဆိုရင် ညီညွတ်မှုပါပဲ။ ကျွန်မတို့ကြားထဲမှာ ညီညွတ်မှုရှိမှ တစ်နိုင်ငံလုံးမှာ စုပေါင်းအင်အားတွေနဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာကိုအကြောင်းပြုပြီး နိုင်ငံအောင်မြင်မှုအတွက်ကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

ဒီနိုင်ငံဟာ သဘာဝအားဖြင့် အင်မတန်မှချမ်းသာပါတယ်။ ကြွယ်ဝပါတယ်။ ဒါပေမယ့် ကျွန်မတို့နိုင်ငံသူ နိုင်ငံသားများဟာ ချမ်းသာသင့်သလောက် မချမ်းသာသေးပါဘူး။ အထူးသဖြင့် ရဟတ်ယာဉ်နဲ့သွားလိုက်တယ်ဆိုရင် နိုင်ငံရဲ့ပထဝီအနေအထား၊ သဘာဝပတ်ဝန်းကျင်အနေအထားကို အပေါ်ကနေ ထင်ထင်ရှားရှား မြင်ရပါတယ်။ မြင်ရတဲ့အခါ ကျွန်မတို့နိုင်ငံဟာ ဘယ်လောက်လှပသလဲ။ သဘာဝကနေ ကျွန်မတို့ရဲ့နိုင်ငံကို ချမ်းသာမှုတွေ ဘယ်လောက်ပေးထားသလဲဆိုတာ သတိပြုမိပါတယ်။ ဒါပေမယ့် ဒီချမ်းသာမှုတွေကို ထိန်းသိမ်းဖို့၊ ပြုစုပျိုးထောင်ဖို့ဆိုတာ ကျွန်မတို့အားလုံးရဲ့ တာဝန်ဖြစ်တယ်။

နိုင်ငံတစ်နိုင်ငံမှာဆိုရင် အားလုံးက တာဝန်ရှိတယ်ဆိုပေမယ့် အထူးသဖြင့် ဒီမိုကရေစီစနစ်အရ ရွေးချယ်ခံထားရတဲ့ အစိုးရတွေမှာတော့ တာဝန်အရှိဆုံးလို့ ကျွန်မပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထုရဲ့ထောက်ခံမှုကို တောင်းခံပြီးတော့ အစိုးရဖွဲ့ထားတာပါ။ ပြည်သူလူထုရဲ့ ထောက်ခံမှုကို တောင်းခံပြီး အစိုးရဖွဲ့ထားမှတော့ ပြည်သူတွေအတွက် တာဝန်ယူရမှာပါ။ ဒါဟာဘယ်လိုမှရှောင်လို့ မရပါဘူး။ ဒါကြောင့် ကျွန်မတို့ ဗဟိုအစိုးရမှာ တာဝန်ရှိသလို၊ တိုင်း/ပြည်နယ် အစိုးရတွေမှာလည်း တာဝန်ရှိပါတယ်။ ပြည်သူလူထုနဲ့ ထိတွေ့တဲ့နေရာကျတော့ ဗဟိုအစိုးရက တိုင်း/ပြည်နယ်အစိုးရတွေနဲ့ ဘယ်လိုမှ မယှဉ်နိုင်ပါဘူး။ ဗဟိုအစိုးရက နေပြည်တော်မှာတည်တယ်။ တစ်တိုင်းပြည်လုံးအတွက် စဉ်းစားရတယ်။ တိုင်း/ပြည်နယ် အစိုးရများဟာ မိမိတို့ဒေသမှာ မိမိတို့အခြေခံတယ်။ မိမိရဲ့ဒေသက ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်တွေကို နိစ္စဓူဝ စဉ်းစားပြီးတော့ ဖြေရှင်းပေးရမယ်။

ပြည်သူလူထုအနေနဲ့ တိုင်းအစိုးရဟာ ငါတို့တင်ထားတဲ့ အစိုးရဆိုတဲ့စိတ်ဓာတ်နဲ့ ဆက်ဆံစေချင်တယ်။ ငါတို့တင်ထားတဲ့ အစိုးရဆိုတော့ သူတို့မှာလည်း တာဝန်ရှိတယ်။ ကိုယ့်မှာလည်း တာဝန်ရှိတယ်။ ထိန်းသိမ်းသင့်တာကို ထိန်းသိမ်းရမယ်။ ပြုပြင်ပေးသင့်တဲ့ဟာကို ပြုပြင်ရမယ်။ ကိုယ့်မှာတောင်းဆိုပိုင်ခွင့်ရှိတာကို တောင်းဆိုရမယ်။ တစ်ဖက်သတ်တော့ မစဉ်းစားရဘူး။ လူတိုင်းလူတိုင်း အမြင်ကျယ်ဖို့ အင်မတန်အရေးကြီးတယ်။ ကျွန်မတို့ ပြည်သူပြည်သားများအားလုံး အမြင်ကျယ်မှ ကျွန်မတို့နိုင်ငံဟာ တကယ့်ကို တိုးတက်တဲ့နိုင်ငံကြီး ဖြစ်နိုင်မှာပါ။

**ပြည်သူလူထုနဲ့ ထိတွေ့မှုရှိဖို့လို**

အခုချိန်မှာ ကျွန်မတို့နိုင်ငံဟာ အမျိုးမျိုးသော စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရသော်လည်း တိုးတက်မှုစံချိန်က ကျွန်မကတော့ ဘယ်တော့မှ အားမရဘူး။ ကျွန်မက လိုချင်တာ၊ ဖြစ်စေချင်တာတွေက သိပ်များပါတယ်။ တကယ်တော့ မဆိုးပါဘူးလို့ ပြောရမှာပါ။ တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ဆိုရင် တိုးတက်မှုဟာ သုံးနှစ်ကာလအတွင်းမှာ မဆိုးပါဘူး။ မဆိုးပါဘူးလို့ပြောရုံနဲ့ မလုံလောက်ဘူး။ ဒါထက်ပိုပြီးတော့ တိုးတက်မှုရှိစေချင်တယ်။ ပြင်ပစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ကျွန်မတို့ရဲ့ ညီညွတ်ရေးကိုလည်း ပိုမိုပြီးတော့ ခိုင်ခိုင်မာမာ တည်ဆောက်စေချင်တယ်။ ပြည်တွင်းစိန်ခေါ်မှုတွေနဲ့ပတ်သက်လို့ တိုင်း၊ ပြည်နယ်အစိုးရတွေက ပိုမိုပြီးတော့ လုပ်ဖို့လိုတယ်။ ကြိုးစားဖို့လိုတယ်။ ပြည်သူလူထုနဲ့ ထိတွေ့မှုရှိဖို့လိုတယ်ဆိုတာကို ကျွန်မ ကော့သောင်းကနေပြီး တစ်တိုင်းပြည်လုံးကို သတင်းစကားပါးလိုက်ချင်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ တာဝန်ကျေပါ။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ တာဝန်ကျေရင် ကျွန်မတို့နိုင်ငံဟာ မုချမသွေ အချိန်တိုတိုအတွင်းမှာ တိုးတက်နိုင်မယ်ဆိုတာ ကျွန်မရဲရဲကြီး ပြောနိုင်ပါတယ်။ ကျွန်မတို့ရဲ့ပြည်သူလူထုအနေနဲ့လည်း ကိုယ့်အစိုးရကို ကိုယ်ထိန်းပါ။ ကျွန်မထိန်းဖို့ပြောတဲ့အခါမှာ ယဉ်ယဉ်ကျေးကျေးတော့ထိန်းပါ။ ရိုင်းရိုင်းစိုင်းစိုင်းနဲ့ ထိန်းတယ်ဆိုတာ ကျွန်မတို့နိုင်ငံအတွက် သိက္ခာလည်းမဲ့တယ်။ ကျွန်မတို့ရဲ့ နောင်လာနောက်သားတွေကိုလည်း မကောင်းတဲ့ အမွေအနှစ်တွေထားခဲ့ရာ ရောက်ပါလိမ့်မယ်။ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို သိက္ခာရှိရှိနဲ့ သွားနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်ကို ကျွန်မတို့ရဲ့ နောင်လာနောက်သားတွေအတွက် ထားခဲ့ပေးနိုင်မယ်ဆိုရင် ဒါဟာ တန်ဖိုးအကြီးဆုံးအမွေအနှစ်ပဲ ဖြစ်ပါတယ်။

**ကိုယ့်ရဲ့ဒေသအတွက် လုပ်ဆောင်**

တနင်္သာရီတိုင်းမှာဆိုရင် ချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ တချို့ရှိပါတယ်။ အင်မတန်လည်း ချမ်းသာတယ်လို့ ကျွန်မနားလည်ပါတယ်။ အင်မတန်မှ ဆင်းရဲနွမ်းပါးတဲ့ပြည်သူလူထုလည်း ရှိပါတယ်။ ချမ်းသာပြီး အောင်မြင်နေတဲ့လုပ်ငန်းရှင်ကြီးတွေအားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။ အထူးသဖြင့် ကိုယ့်ဒေသတွင်းက ပြည်သူလူထုကို ကိုယ့်ရဲ့ရင်ဝယ်သားသဖွယ် တန်ဖိုးထားပြီး မေတ္တာကရုဏာနဲ့ ဆက်ဆံပါ။ အားလုံးတိုးတက်မှ ကျွန်မတို့နိုင်ငံတိုးတက်တယ်လို့ ပြောနိုင်မယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဂုဏ်ကျက်သရေဟာ အချမ်းသာဆုံးလူတွေ ဘယ်လောက်ချမ်းသာသလဲဆိုတဲ့အပေါ်မှာ မတည်ပါဘူး။ အဆင်းရဲဆုံးလူတွေတောင် ဘယ်လောက်ချမ်းသာလဲဆိုတာပြနိုင်မှ ဒီနိုင်ငံဟာ ဂုဏ်ရှိမှာဖြစ်တယ်။ အဲဒါကြောင့် ကိုယ့်ရဲ့ရပ်ရွာအတွက်၊ ကိုယ်ရဲ့ပတ်ဝန်းကျင်အတွက်၊ ကိုယ့်ရဲ့ဒေသအတွက် လုပ်ဆောင်နိုင်တဲ့ ကိစ္စတွေကို လုပ်ဆောင်ပေးပါ။ အများအကျိုးဆောင် ကိုယ်ကျိုးအောင်ဆိုတာ တကယ်မှန်တဲ့ကိစ္စပါ။ ကိုယ့်ပတ်ဝန်းကျင်က ပြည်သူပြည်သားများ တိုးတက်ချမ်းသာလာတာနဲ့အမျှ ကိုယ့်ရဲ့ လုပ်ငန်းကြီးတွေလည်း ပိုပြီးတိုးတက်ချမ်းသာလာမယ်။

ကျွန်မတို့ရဲ့ပြည်သူတွေက တန်ဖိုးအရှိဆုံး သယံဇာတတွေပါ။ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဆိုရင် တကယ်တန်ဖိုးရှိတဲ့ သယံဇာတတွေကို ဘယ်ဖြုန်းတီးမလဲ၊ ဒီသယံဇာတတွေအပေါ်မှာ ရင်းနှီးမြှုပ်နှံပြီး ချမ်းသာလာကြတာပဲ။ ဒါပေမယ့် ရုပ်ပိုင်းဆိုင်ရာ တခြားသယံဇာတများအားလုံးထက် တန်ဖိုးရှိတာကတော့ ကျွန်မတို့ လူသားသယံဇာတ၊ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့စွမ်းအားပဲဖြစ်တယ်။ ပြည်သူပြည်သားတွေရဲ့စွမ်းအားကို ပြုစုပျိုးထောင်ပေးပါ။ ကိုယ့်အတွက်၊ သူ့အတွက် ပရဟိတ၊ အတ္တဟိတ နှစ်ခုစလုံးအောင်မြင်ဖို့အတွက် ကိုယ့်မှာရှိတဲ့ ဥစ္စာဓနတွေနဲ့ ကိုယ့်ပတ်ဝန်းကျင်ချမ်းသာကြွယ်ဝအောင် ဝိုင်းဝန်းပြီး တတ်နိုင်တဲ့ဘက်က လုပ်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိ**

အခုဆိုရင် ကျွန်မ ပြည်သူလူထုနဲ့တွေ့ပြီး မေးစရာရှိတာမေးပါ၊ တင်ပြစရာရှိတာ တင်ပြပါ။ အမြဲပဲပြောပါတယ်။ ပြည်သူတွေကလည်း တင်ပြတယ်၊ ပွင့်ပွင့်လင်းလင်းတင်ပြရင် ကျွန်မတို့ သဘောကျတယ်၊ အစိုးရနဲ့ပြည်သူကြားမှာ ဖြောင့်မတ်မှုရှိရမယ်၊ ပွင့်လင်းမှုရှိရမယ်၊ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရမယ်။ ဖြောင့်မတ်ပွင့်လင်းလို့ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုရှိလို့သာ တင်ပြသင့်တာတွေကို တင်ပြရဲတာ၊ တင်ပြနိုင်တာ။ တင်ပြတဲ့အခါမှာ ယဉ်ယဉ်ကျေးကျေးတင်ပြပါ။ ကျွန်မတို့နိုင်ငံမှာ ကောင်းတဲ့အစဉ်အလာတွေ ထိန်းသိမ်းထားဖို့ အင်မတန်အရေးကြီးပါတယ်။ ကျွန်မတို့ယဉ်ကျေးမှုက ယဉ်ကျေးမှုဆိုတဲ့အတိုင်း ယဉ်ကျေးပါတယ်။ တစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့နေရာမှာ ယဉ်ယဉ်ကျေးကျေးဆက်ဆံတယ်။ လူကြီးကို လူငယ်က ရိုသေတယ်။ လူငယ်ကို လူကြီးက ကြင်နာတယ်။ ဒီလိုဆက်ဆံရေးမျိုးက ကျွန်မတို့ပတ်ဝန်းကျင်အတွက် တွက်လို့မရတဲ့ ချမ်းသာမှုတွေပဲဖြစ်ပါတယ်။ အဲဒါကြောင့် ပြောစရာရှိရင်လည်းပြောပါ။ ယဉ်ယဉ်ကျေးကျေးပြောပါ။ မေးစရာရှိရင်လည်းမေးပါ။ ယဉ်ယဉ်ကျေးကျေးမေးပါ။ ယဉ်ယဉ်ကျေးကျေးမေးတာနဲ့ ရိုင်းရိုင်းစိုင်းစိုင်းပြောတာ ကြားထဲမှာ အများကြီးကွာတယ်။ ထိရောက်မှုကလည်း အများကြီးကွာပါတယ်။ အဲဒါကြောင့် ကိုယ်လိုချင်တဲ့အရာကို လိုချင်တယ်ဆိုရင် မှန်ကန်တဲ့နည်းလမ်း၊ ယဉ်ကျေးတဲ့နည်းလမ်းကို သုံးပြီးတော့ ရအောင်လုပ်ပါ။ မယဉ်မကျေးတဲ့အပြုအမူတွေကို အားမပေးပါနဲ့၊ ဒီဟာတွေကို မမြှင့်တင်ပေးပါနဲ့ဟု ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ကော့သောင်းမြို့ မီးလင်းရေးအတွက် တင်ဒါဆောင်ရွက်ခဲ့မှုအား ရှင်းလင်းပေးနိုင်ရေး၊ မျက်စိဆရာဝန်လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ကော့သောင်းမြို့ ခတ်အားပေးစက်အတွက် စက်သုံးဆီဈေးနှုန်း လျှော့ချပေးရေး၊ ကမ်းနီးငါးဖမ်းလှေများ လိုင်စင်ကိစ္စနှင့် ငါးတင်ပို့မှုအခွန်လျှော့ချပေးနိုင်ရေး၊ ဘုတ်ပြင်းမြို့နယ်၌ နေအိမ်များအတွင်း ငှက်များလာရောက်၍ သဘာဝငှက်သိုက်လုပ်ဆောင်နေမှုကို လိုင်စင်ခွင့်ပြုပေးရေး၊ ကော့သောင်း - ဘုတ်ပြင်း ကားလမ်းတစ်လျှောက်မှ အမှန်တကယ် လုပ်ကိုင်ခွင့်မရှိဘဲ တိုးချဲ့စိုက်ပျိုးထားသည့် ဆီအုန်းခြံများအား ပြန်လည်သိမ်းယူပြီး အိုးမဲ့၊ အိမ်မဲ့များအား နေရာချထားပေးရေး၊ ကော့သောင်းတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အာဏာအလွဲသုံးစား လုပ်၊ မလုပ်နှင့် အဂတိလိုက်စားမှု ရှိ၊ မရှိ စစ်ဆေးပေးရေး၊ ဘုတ်ပြင်းမြို့နယ်ရှိ တည်းခိုခန်းများတွင် ပြည်ပခရီးသွားများအား ညအိပ်ခွင့်ပြုရေး၊

*စာမျက်နှာ ၆ သို့*




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

စာမျက်နှာ ၅ မှ

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရာတွင် စျေးနှုန်းပိုမိုကောက်ခံနေမှုအား အရေးယူပေးရေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် လူမှန်၊ နေရာမှန် တာဝန်ပေးအပ်ရေး၊ ကော့သောင်းမြို့နယ်အတွင်း လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုပြီး အခွန်ကင်းလွတ်ခွင့် ပြုရေး၊ သိမ်းဆည်းမြေများ ပြန်လည်ရရှိရေး၊ ကျေးရွာမြေနေရာ ပျောက်ဆုံးနေမှုအား ဆောင်ရွက်ပေးရေး၊ ဆီအုန်းစိုက်ပျိုးမှုမှာ အကျိုး ရှိ၊ မရှိ စိစစ်သုံးသပ်ပေးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ ဆီအုန်းကုမ္ပဏီက ဆောင်ရွက်ထားသည့် ကျေးရွာအဝင် မောင်းတံဂိတ်အား ဖယ်ရှားပေးရေး၊ လမ်းတိုးချဲ့ရာတွင်ပါသွားသည့် မြေနှင့် သီးပင်စားပင်များအတွက် နစ်နာကြေးရရှိရေးအတွက် ဆောင်ရွက်ပေးရေး၊ ဒီရေတောများ ထိန်းသိမ်းပေးရေး၊ ခမောက်ကြီးမြို့ တိုးချဲ့ပေးရေး၊ ရွှေပြည်တန်ရပ်ကွက်အတွင်းရှိ နေအိမ်အချို့သို့ ကား၊ ဆိုင်ကယ် ဝင်ထွက်နိုင်သည့်လမ်း ဆောင်ရွက်ပေးရေးနှင့် ကော့သောင်းမြို့နေ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးအုန်းကြိုင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဓာတ်ပုံတွဲရိုက်ခွင့်ပြုရေးတို့ကို တင်ပြကြသည်။

**မဟာဓာတ်အားလိုင်းရောက်ရှိပါက အဆင်ပြေမည်**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေရသည့်အတွက် ကော့သောင်းမြို့မီးပေးသည့် မီးစက်အတွက် ဒီဇယ်ဆီစျေးနှုန်းလျှော့ချပေးပြီး ဝယ်ယူခွင့်ပြုရေးမှာ ပြန်စိစစ်ရမည်ဖြစ်ကြောင်း၊ မဟာဓာတ်အားလိုင်းရောက်ရှိပါက အားလုံးအဆင်ပြေသွားမည်ဖြစ်ကြောင်း၊ ငါးတင်ပို့မှု အခွန်ကိစ္စကိုလည်း ကြည့်ရှုပေးမည်ဖြစ်ကြောင်း၊ အိုးမဲ့၊ အိမ်မဲ့နေရာချထားပေးရန်ကိစ္စကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အား ကွင်းဆင်းစစ်ဆေးစေပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီအရင်ခံစာ တင်စေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဂတိလိုက်စားမှု ရှိ၊ မရှိဆိုသည့် ကိစ္စမှာလည်း အဂတိတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည့်အတွက် အမှန်အတိုင်းဖြစ်ရမည်ဖြစ်ပါကြောင်း၊ ဘုတ်ပြင်းမြို့၌ ပြည်ပသို့သည့်များ ညအိပ်ခွင့်ကိစ္စကို ပြန်လည်စစ်ဆေးပေးမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူရာတွင် ငွေကြေးပိုမိုကောက်ခံမှုကို အရေးယူသွားမည်ဖြစ်ကြောင်း၊ ကော့သောင်းမြို့ အခွန်ကင်းလွတ်ခွင့်ပြုရေးနှင့်ပတ်သက်ပြီး အခွန်မှာပြည်သူတို့၏ လမ်း၊ ဆေးရုံ အပါအဝင် စီမံကိန်းများအတွက် ကောက်ခံနေခြင်းဖြစ်ပါကြောင်း၊ ကျေးရွာနေရာပျောက်ဆုံးမှုကိုလည်း စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကိစ္စကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်တပ်ဖွဲ့ကို အင်အားနှင့် နည်းပညာများ တိုးချဲ့လျက်ရှိပါကြောင်း၊ လမ်းနှင့်မလွတ်သည့် မြေနှင့် သီးပင်၊ စားပင်နစ်နာမှုအတွက် စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒီရေတောများအတွက် သက်ဆိုင်ရာဌာနမှ အဖွဲ့စေလွှတ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်း၊ ဆေးရုံလိုအပ်ချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အား အလေးထားဆောင်ရွက်ရန် မှာကြားသွားမည်ဖြစ်ကြောင်း စသည်ဖြင့် တင်ပြချက်များအပေါ် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးအုန်းကြိုင် အပါအဝင် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကော့သောင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ထားဝယ်မြို့သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ထားဝယ်လေဆိပ်နှင့် လေဆိပ်အထွက်လမ်းမကြီးတစ်လျှောက်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထားဝယ်ဆေးရုံကြီးသို့ရောက်ရှိပြီး ဖျားနာကုသဆောင်၊ ကလေးကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထိုသို့လိုက်လံကြည့်ရှုစဉ် ဆေးရုံတာဝန်ရှိသူများအား အဖြစ်များသည့် ရောဂါများနှင့် ကြိုတင်ကာကွယ်ရေးနှင့် ပညာပေးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည့် လမ်းညွှန်ချက်များ ပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထားဝယ်မြို့တော်ခန်းမ၌ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူတိုင်းလူတိုင်းတွင် ရွေးချယ်ပိုင်ခွင့်ရှိပါကြောင်း၊ လူတိုင်းတွင် ရွေးချယ်ပိုင်ခွင့်ရှိသည်နှင့်အမျှ လူတိုင်းတွင် တာဝန်ရှိပါကြောင်း၊



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထားဝယ်လေဆိပ်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

ဓာတ်ပုံ-ဘိုဘို

ရွေးချယ်ပိုင်ခွင့်ဆိုသည်မှာ ကိုယ်မှန်မှန်ကန်ကန်ရွေးချယ်ရန် တာဝန် ကိုယ့်မှာရှိသည်ဆိုတာကို ထောက်ပြခြင်းဖြစ်ပါကြောင်း၊ တစ်တိုင်းပြည်လုံး ဘယ်ပဲသွားသွား ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ စိုးရိမ်ကြောင့်ကြမှုများ၊ လိုအပ်ချက်များ မိမိတို့ကြားရပါကြောင်း၊ တချို့ကိစ္စတွေကလည်း အစိုးရက ဖြည့်ဆည်းပေးရမည့်ကိစ္စများ ဖြစ်ပါကြောင်း။

**ပြည်သူလူထုအနေဖြင့် ကိုယ်လုပ်သင့်တာလုပ်ပါ**

တချို့ကိစ္စမှာ ပြည်သူလူထုကပါ ပါဝင်ပြီးဖြေရှင်းရမည့်ကိစ္စများ ဖြစ်ပါကြောင်း၊ ဘယ်အရာမဆို အားလုံး အစိုးရက လုပ်ပေးရမည်ဆိုသည့် စိတ်ဓာတ်လည်း မထားစေလိုကြောင်း၊ ယင်းမှာ ဒီမိုကရေစီစိတ်ဓာတ်မဟုတ်ပါကြောင်း၊ ဒီမိုကရေစီစိတ်ဓာတ်ဆိုသည်မှာ တာဝန်ယူရဲသည့်စိတ်ဓာတ်၊ ပြည်သူလူထုကလည်း တာဝန်ယူရဲရမည်၊ ပြည်သူလူထု တင်မြှောက်ထားသည့် အစိုးရကလည်း တာဝန်ယူရဲရမည်၊ ထို့ကြောင့် မိမိတို့က ပြည်သူလူထုအနေဖြင့် တာဝန်ယူချင်သည့် ကိုယ်လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါ၊ အစိုးရ၏အားနည်းချက်များကို ထောက်ပြသင့်တာကို ထောက်ပြပါ၊ အစိုးရအလုပ်များ ပိုပြီးပီပြင်အောင် ကူညီနိုင်သည့်နေရာတွင်လည်း ကူညီကြပါ ပြောလိုကြောင်း၊ လူတိုင်းသည် ဘာပဲလုပ်လုပ် ကိုယ်ဟာအပြုသဘောဆောင်သည့် စိတ်ဓာတ်နှင့် လုပ်သလား၊ အပျက်သဘောဆောင်သည့် စိတ်ဓာတ်နှင့် လုပ်သလားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသုံးသပ်ကြည့်လျှင် အဖြေပေါ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ထားဝယ်တက္ကသိုလ်တွင် အဆောင်များ တည်ဆောက်ပေးရန်နှင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အခွင့်အရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရေး၊ ထားဝယ်တက္ကသိုလ်တွင် ကျောင်းသားသမဂ္ဂအား အသိအမှတ်ပြုပေးရေး၊ တနင်္သာရီမြစ်မှ ရေအားလျှပ်စစ် ထုတ်ယူနိုင်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပေးရေးနှင့် ရရှိပါက ဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် လူငယ်ရေးရာကော်မတီများအကြား ပူးပေါင်းဆောင်ရွက်မှုရနိုင်အောင် ဆောင်ရွက်ပေးရေး၊ လျှပ်စစ်ကုမ္ပဏီတစ်ခု၏ တင်ဒါစာချုပ်နှင့်ပတ်သက်ပြီး သိရှိလိုခြင်းကိစ္စ၊ လောင်းလုံတရားရုံးတွင် တရားစွဲခံနေရမှုအား အကူအညီပေးရေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတို့အား သက်ဆိုင်ရာအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးပေးရေး၊ ထားဝယ်တက္ကသိုလ်မှဘွဲ့ရများအား ဒေသတွင်း၌ အလုပ်သင်ဆင်းခွင့်ပြုရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ထားဝယ်လူမျိုးဟု ရေးသွင်းခွင့်ပြုရေး၊ ထားဝယ်စီးပွားရေးဇုန်အား အမြန်ဆုံးအကောင်အထည်ဖော်ရေးနှင့် ဒေသခံများ၏ စီးပွားရေး၊ လူမှုရေးတို့အား အကူအညီပေးရေးတို့နှင့်စပ်လျဉ်း၍ တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တက္ကသိုလ်နှင့် စပ်လျဉ်းသည့်ကိစ္စများအတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထားဝယ်သို့ လာရောက်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကိုလည်း လွတ်လပ်သည့်တက္ကသိုလ်များအဖြစ် ရပ်တည်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များ၏ပုံရိပ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေပါကြောင်း၊ လူငယ်ရေးရာကိစ္စနှင့် စပ်လျဉ်း၍လည်း လူငယ်များနှင့်သာမက ပြည်သူများနှင့်ပါ နီးနီးကပ်ကပ် ဆွေးနွေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မှာကြားခဲ့မည်ဖြစ်ကြောင်း၊ လျှပ်စစ်ကုမ္ပဏီ၏ တင်ဒါကိစ္စကိုလည်း သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေပါကြောင်း၊ လောင်းလုံတရားစွဲခံနေရသည့်ကိစ္စမှာ တရားဥပဒေတွင် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဥပဒေနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ ဥပဒေဆိုသည်မှာ ပြည်သူများ တည်တည်ငြိမ်ငြိမ်နေနိုင်အောင် ထုတ်ပြန်ထားရပါကြောင်း၊ သို့သော် လူမှုရေးအရ အကူအညီပေးရန် မှာကြားခဲ့မည်ဖြစ်ကြောင်း။

ယခုတွေ့ဆုံပွဲတွင် ဝန်ထမ်းများအား ပြောကြားလိုသည်မှာ ပြည်သူကိုဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံသူ၊ နိုင်ငံသားများ စိတ်သက်သာရာရောက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသားများ တင်ပြသည့်ကိစ္စများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် ထားဝယ်သို့ လည်းကောင်း၊ ၂၃ ရက်တွင် ကော့သောင်းသို့ လည်းကောင်း လာရောက်မည်ဖြစ်၍ ထိုသို့လာရောက်စဉ် ပညာရေးကိစ္စရပ်များ အသေးစိတ်ဆွေးနွေးစေမည်ဖြစ်ကြောင်း။

ထားဝယ်တက္ကသိုလ်မှ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလုပ်သင်ကွင်းဆင်းရာတွင် ပြည်ထောင်စု၏အခြားနေရာများသို့လည်း သွားရောက်လေ့လာစေလိုကြောင်း၊ သို့မှသာ တစ်နိုင်ငံလုံးဖြစ်ပေါ်တိုးတက်မှုကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ထားဝယ်လူမျိုးဟု ရေးသွင်းခွင့်ရရေးမှာ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆွေးနွေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကြိုတင်တင်ပြထားသည့် အချက်များအနက်မှ ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန် ဆက်စပ်နေသော ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးမည့် အခြေအနေများကို ကာယကံရှင်များထံ တိုင်းဒေသကြီးအစိုးရက ပြန်လည်ရှင်းလင်းပေးရန်ဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

**အပြန်အလှန်တိုင်ပင်မှုရှိမှ တိုးတက်မည်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တနင်္သာရီတိုင်းဒေသကြီးတစ်လျှောက် ပြည်သူလူထုနှင့် တွေ့ဆုံရသည့်အခါ မိမိတို့အတွက်လည်း ပညာရပါကြောင်း၊ ပြည်သူလူထုအတွက်လည်း အကျိုးရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ထိုသို့ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးမှု၊ အပြန်အလှန်တိုင်ပင်မှု ရှိမှသာလျှင် မိမိတို့နိုင်ငံသည် မြန်မြန်ဆန်ဆန် တိုးတက်မည်ဖြစ်ကြောင်း၊ တစ်ယောက်တစ်မျိုးနှင့် တက်ညီလက်ညီမလုပ်ပါက တိုးတက်နှုန်း အင်မတန်နှေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိရမည်ဖြစ်ကြောင်း၊ ချို့ယွင်းချက်နှင့် အားသာချက်၊ အားနည်းချက်ဆိုသည်မှာ လူတိုင်းတွင် ရှိပါကြောင်း။

ယင်းတို့ကို မိမိတို့အတူကျော်ဖြတ်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏တိုးတက်မှုအတွက် အဓိကတာဝန်ယူထားသည်မှာ နိုင်ငံ၏ အစိုးရတာဝန်ကိုယူထားသည့် မိမိတို့ပင်ဖြစ်ပါကြောင်း၊ သို့သော်လည်း နိုင်ငံ၏တိုးတက်မှု အမှန်တကယ်ဖြစ်မြောက်ရန် အဓိကကျသည်မှာ ပြည်သူလူထု၏ စွမ်းရည်နှင့် စိတ်ဓာတ်ပင် ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေနှင့်လည်း မိမိတို့၏ စွမ်းအား၊ စွမ်းရည်များကို တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်မားလာစေရန်၊ အချင်းချင်းအကြားတွင် မေတ္တာ၊ စေတနာ တစ်နေ့ထက်တစ်နေ့ ပိုမိုပွားများလာစေရန် နိုင်ငံချစ်စိတ်များသည်လည်း ခိုင်မာ၊ မှန်ကန်သည့်မူများအပေါ် အခြေခံနိုင်အောင် ကြိုးစားကြရန် မိမိအနေဖြင့် တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထားဝယ်လေဆိပ်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအနေဖြင့် ပြည်သူများနှင့် ထိတွေ့မှုနည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နေပြည်တော်တွင် နေကြရသည်ဖြစ်၍ လူထုနှင့် အနီးကပ်ဆုံး တာဝန်ထမ်းဆောင်နေကြရသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များအနေဖြင့် လူထုလိုအပ်ချက်များကို မေးမြန်းပြီး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမှန်တကယ် လုပ်ဆောင်နိုင်သည်များကို တိတိကျကျဖြေကြားရန် လိုအပ်ကြောင်း၊ လက်တွေ့မလုပ်ပေးနိုင်သည်များကို ကတိမပေးကြရန် သတိပေးလိုကြောင်း။

**အလုပ်မလုပ်ပါက ပြင်းပြင်းထန်ထန်ကိုင်တွယ်မည်**

မြန်မာနိုင်ငံမြောက်ဖျား၊ အရှေ့ဖျား စသည့်ဒေသများကို သွားရောက်ခဲ့ရာတွင် သုံးနှစ်အတွင်း သိသိသာသာ တိုးတက်လာသည်များကို မြင်တွေ့ခဲ့ရကြောင်း၊ ခရီးစဉ်များ သွားရောက်ခဲ့ရာတွင်လည်း ပြည်သူလူထု ကျေနပ်မှု အနည်းဆုံးမှာလည်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ပင် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဤသည်ကို လေးလေးနက်နက် သတိပေးလိုကြောင်း၊ အမှန်တကယ် အလုပ်မလုပ်ပါက ပြင်းပြင်းထန်ထန် ကိုင်တွယ်သွားမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအနေဖြင့် တိုးတက်မှုများ နှေးကွေးနေသည်မှာ မဖြစ်သင့်ကြောင်း။

ပထဝီအနေအထား၊ ရာသီဥတုနှင့် စီးပွားရေးအခွင့်အလမ်းကောင်းများ များစွာရှိနေသည့် ဒေသဖြစ်၍ အစိုးရအဖွဲ့ဝင်များ ထိထိရောက်ရောက် ကြိုးကြိုးစားစား လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ ပြည်သူများနှင့် ဆွေးနွေးပွဲများ မကြာခဏပြုလုပ်ရန်၊ ယင်းဆွေးနွေးပွဲ ကျင်းပဆောင်ရွက်မှုအခြေအနေကို အစီရင်ခံစာ တင်ပြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး လုပ်ငန်းစဉ်များကို လမ်းညွှန်မှုပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ထားဝယ်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**





# အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သည် ရေရှည်တည်တံ့စေသည့်စနစ်ဖြစ်ပြီး ဖွံ့ဖြိုးလာရေးဝိုင်းဝန်းဆောင်ရွက်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီ၊ ဗဟိုသမဝါယမအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းနှင့် လယ်ယာစီးပွားအတိုင်ပင်ခံအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါပြဋ္ဌာန်းချက်များ ခေတ်ကာလနှင့် လျော်ညီစေရေး၊ ပိုမိုပီပြင်လာစေရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုတိကျလွယ်ကူစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအား ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၆)အဖြစ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာပြဋ္ဌာန်းခဲ့ပါကြောင်း။

ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၏ အခန်း(၂) ရည်ရွယ်ချက်ပုဒ်မ (၃) တွင် လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်ဟု ဖြည့်စွက်ထားပြီး စုစုပေါင်း ရည်ရွယ်ချက် ခုနစ်ချက်ကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

ဥပဒေ၏ ရည်ရွယ်ချက်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ပြည့်မီထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တစ်ခုတည်းသာမက ဦးဆောင်အဖွဲ့က အမိန့်ထုတ်ပြန်ဖွဲ့စည်းပေးပြီးဖြစ်သည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သောအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် "လုပ်ငန်းကော်မတီများ"နှင့် "လုပ်ငန်းအဖွဲ့များ" အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ဖိတ်ခေါ်ပါဝင်စေပြီး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလွန်အရေးကြီးပါကြောင်း၊ အစိုးရ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ ပိုမိုတိုးတက်မည် ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံအတွက် အရေးကြီးသည့်ကဏ္ဍဖြစ်ပါကြောင်း၊ ဆန်သည် အဓိကစားသုံးသီးနှံဖြစ်ပြီး ပြည်ပပို့ကုန်တစ်ခုအနေဖြင့်လည်း နိုင်ငံခြားဝင်ငွေရရှိနေသည့် အဓိကပို့ကုန်တစ်ခုဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)တွင် "နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံကိုသက်ဆိုင်ရာဥပဒေနှင့်အညီ ရွေးချယ်စိုက်ပျိုးခွင့်"ဟု ပါရှိသည့်အားလျော်စွာ မိမိဒေသ၊ ရေမြေအခြေအနေနှင့် လိုက်လျောညီထွေစွာဖြစ်ထွန်းမည့်သီးနှံကို စိုက်ပျိုးခွင့်ပြုထားသော်လည်း ကိုယ့်အကျိုးအတွက်သာမက အများအကျိုးကိုကြည့်၍ ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ပါကြောင်း။

ဦးဆောင်အဖွဲ့အနေဖြင့် ယခင်ဖွဲ့စည်းခဲ့သည့် "တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့"၊ " လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ "၊ "စိုက်ပျိုးရေးနည်းပညာ / သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ"နှင့် "မွေးမြူရေးနှင့်ရေလုပ်ငန်းစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ"များအပြင် "ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ" တစ်ရပ်ကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### အော်ဂဲနစ်စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးလာရေး

တောင်သူလယ်သမားများ သီးနှံထုတ်လုပ်မှုတိုးတက်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးကောင်းမွန်သည့် သီးနှံများထုတ်လုပ်နိုင်ရေးအတွက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သည် မြေဆီလွှာ၊ ဂေဟစနစ်နှင့် လူသားများအပါအဝင် သက်ရှိများကို မထိခိုက်စေဘဲ ရေရှည်တည်တံ့စေသည့် ထုတ်လုပ်မှုစနစ်တစ်ခု ဖြစ်ပါကြောင်း၊ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သောသွင်းအားစုများကို အသုံးမပြုခြင်း၊ သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်တို့ ဆက်စပ်မှုရှိခြင်း၊ မတူညီသည့် သက်ရှိဇီဝများ ယှဉ်တွဲနေထိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရာဒေသအခြေအနေနှင့် လိုက်လျောညီထွေမှုရှိခြင်း စသည့် အချက်အလက်များအပေါ်တွင် အဓိကထား၍ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည့်အတွက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးလာရေးကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

ဓာတုသွင်းအားစုများကိုရှောင်ကြဉ်၍ ပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် ဆိုးကျိုးများ မသက်ရောက်စေရန် ထည့်သွင်းရေးဆွဲထားသည့် အော်ဂဲနစ်စနစ်နှင့် စိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များကို တရားဝင် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့က ရေးဆွဲဆောင်ရွက်ခဲ့ပြီး မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းများကို စတင်ကျင့်သုံးကြောင်း ကြေညာခြင်းကို ဇန်နဝါရီ ၂၆ ရက်တွင် ပြုလုပ်ခဲ့ပါကြောင်း၊ ASEAN GAP Guide Line ကို အခြေခံ၍ မြန်မာ GAP Guide Line ကို ရေးဆွဲပြဋ္ဌာန်းကာ GAP Certificate များကိုလည်း ထုတ်ပေးလျက်ရှိပါကြောင်း။

အလားအလာကောင်းသော သီးနှံများဖြစ်သည့် ကော်ဖီ၊ ကိုကို၊ လက်ဖက်နှင့် ဝဥ စိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ သံတောင်ကြီး၌ အော်ဂဲနစ်ကော်ဖီအထူးဇုန် ဧက ၅၀၀၀ စိုက်ပျိုးခြင်း၊ ချင်းပြည်နယ်၌ လက်ဖက်နှင့်ကော်ဖီ ဧကများ တိုးချဲ့စိုက်ပျိုးခြင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်၌ ကိုကိုးတိုးချဲ့စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝဥသည် စားသုံးမှုအတွက်သာမက တိုင်းရင်းဆေးအတွက်ပါ အသုံးပြုရန် ဝယ်လိုအားရှိလာသည့်အတွက် export အလားအလာကောင်းသည့် သီးနှံဖြစ်ပါကြောင်း။

### ရော်ဘာစိုက်ပျိုးထုတ်လုပ်သူသမဝါယမအသင်းများဖွဲ့စည်း

ထို့ပြင် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရော်ဘာအရည်အသွေးမြင့်မားရေးနှင့် ရော်ဘာဈေးကွက် တည်ငြိမ်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ၊ ခြံရှင်များနှင့် လုပ်ငန်းရှင်များပါဝင်သည့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်ရန်၊ သက်ဆိုင်ရာဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်သူများနှင့် စက်ရုံများက ကဏ္ဍအလိုက်အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အရည်အသွေးကောင်းမွန်သည့် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်နိုင်ရန်နှင့် အပြည့်အဝသုံးစွဲနိုင်ရန် ဌာနပိုင်ခြံများအပြင် ဌာနနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းသာမက မျိုးစေ့ပြပွဲ (Seed Fair)များ ကျင်းပပြုလုပ်ပေးခြင်းကို ပြည်ထောင်စုအဆင့်အနေဖြင့် 2018 Seed Fair နှင့် 2019 Seed Fair များကျင်းပခဲ့ပြီး Myanmar Seed Portal ကိုလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် စတင်မိတ်ဆက်ခဲ့ပါကြောင်း။

တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံမှုရှိစေရေးအတွက်လည်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ည)တွင် "တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးတို့နှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်း"ဟု ပြဋ္ဌာန်းပါရှိရာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရန် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လယ်မြေမှအပ အခြားမြေများအတွက် လည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်မြေအတွက် လည်းကောင်း၊ တည်ဆဲ(၂၀၁၂ ခုနှစ်) လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

"လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့်မရရှိဘဲ အခြားနည်း အသုံးပြုဆောင်ရွက်နေမှုများသည် လယ်ယာမြေများဆုံးရှုံးမှုဖြစ်ပေါ်နိုင်သဖြင့် ခွင့်ပြုချက်မရှိဘဲ ကြိုတင်ဆောင်ရွက်၍ လယ်ယာမြေအား အခြားနည်းအသုံးပြုမှုအပေါ် ဒဏ်ကြေးငွေပေးဆောင်စေခြင်းအပြင် ဥပဒေကြောင်းအရ ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေး ဆောင်ရွက်သွားရန်" နိုင်ငံတော်သမ္မတက လမ်းညွှန်မှုပြုခဲ့ပါကြောင်း။

### ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်

ထို့အတူ ၂၀၁၈ ခုနှစ် မေလ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးတွင် လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုထားသည့် ကိစ္စရပ်များအား ဒဏ်ကြေးငွေ သတ်မှတ်ရာတွင် ၂၀၁၂ ခုနှစ် မတိုင်မီနှင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းဟူ၍ ခွဲခြားခြင်းမပြုဘဲ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်ရန်၊ လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်မရှိဘဲ ဆောင်ရွက်ထားမှုများကို အသုံးပြုထားသည့် နည်းလမ်းအတိုင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ဒဏ်ကြေးငွေသတ်မှတ် ဆောင်ရွက်ရန်နှင့် လယ်ယာမြေအားခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုထားမှုများအပေါ် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ-၁၉ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ပေးခဲ့ပါကြောင်း။

ထို့ပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုး၍ ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ အဖြစ် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ်၌ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်ထားသူများအတွက် မြေကို တရားဝင်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပေးရန်နှင့် လုပ်ကိုင်သည့် လုပ်ငန်းအလိုက် တရားဝင်အကျိုးခံစားခွင့်များ ရရှိရေးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း။

မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများအား ခွင့်ပြုမိန့်မရရှိမီ ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်နှင့်ပတ်သက်၍ အမှန်အသုံးပြုဧရိယာကို အလွယ်တကူ လျှောက်ထားရယူနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများ၌ လျှောက်လွှာများ ထုတ်ယူနိုင်ရေးကိစ္စ၊ သတ်မှတ်

စာမျက်နှာ ၁၂ သို့

# ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**“နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကကျသည့် ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်နိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်သော ကျေးလက်လမ်း၊ တံတားများ တည်ဆောက်အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ဆုံးဖြတ်လိုက်သည်။

လေးမျက်နှာမဲဆန္ဒနယ်မှ အဆိုရှင် ဦးဇော်မင်းသိန်းက အဆိုတင်သွင်းရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ လယ်ယာထုတ်ကုန်များဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်ကွန်ရက်လမ်းများကို အသုံးပြု၍ ဆက်သွယ်သွားလာ ကူးလူးဆက်ဆံနေကြရပါကြောင်း။

## ရွှံ့တောဗွက်တောထဲ သွားလာနေရသော ကျေးရွာများ မြောက်မြားစွာရှိနေဆဲ

မြေသားလမ်း ရွှံ့တောဗွက်တောထဲ သွားလာနေရသော ကျေးရွာများမြောက်မြားစွာ ရှိနေဆဲဖြစ်ပါကြောင်း၊ ကျေးလက်လမ်းများ ရာသီမရွေးသွားလာနိုင်မှသာ ကျေးလက်နေပြည်သူလူထု၏ လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုချင်း၊ ကျေးရွာတစ်ရွာချင်း ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအပြင် ယခုလက်ရှိဆောင်ရွက်တော့မည့် လျှပ်စစ်မီးသွယ်တန်းရောက်ရှိခြင်း အကျိုးကျေးဇူးများပါ ပူးတွဲအောင်မြင်ပြီး အကျိုးခံစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအများစု အကျိုးရှိစေမည့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့် ကိုက်ညီသည့် ပြည်သူများအတွက် အလိုအပ်ဆုံးလမ်းများ၊ တံတားများပေါ်ထွန်းရန် လိုအပ်နေပြီဖြစ်ပါကြောင်း လွှတ်တော်သို့ ဆွေးနွေးတင်ပြခဲ့သည်။

ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လမ်းတံတားအဆင့်မြှင့်တင်ပေးရေးနှင့် အသစ်တည်ဆောက်ဖောက်လုပ်ပေးရေးဆိုင်ရာ မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင်၏ **မင်းလှမြို့နယ် တောင်ဦးကျေးရွာအနီး ရွာဦးထိပ်မှ ဖြတ်သန်းစီးဆင်းနေသောချောင်းအား ရေကျော်(သို့)တံတားတည်ဆောက်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ ရေဆုံချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်

ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ကို ဆက်သွယ်သော ထိပ်စွန်း-သုံးခွ-(ကျောက်ဖျာလေး) လပွတ္တာလမ်းပေါ်ရှိ ရေပေါ်ကြီးမှ သစ်ပုတ်ထိပ်ကမ်းအထိ ဖောက်လုပ်ရန် ကျန်ရှိနေသေးသော မြေသားလမ်း (၅)မိုင်ကို လာမည့်ဘတ်ဂျက်နှစ်တွင် စတင်ဖောက်လုပ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါလမ်း၏ မိုင်တိုင်အမှတ် ၁၅/၇ သစ်ပုတ်ထိပ်ကမ်းရွာမှ ၂၀/၇ ရေပေါ်ကြီးရွာအထိ ငါးမိုင်အား မြေသားတာပေါင်တင်ခြင်းနှင့် ခွဲကျောက်ဖြင့် အမာခံလမ်းခင်းခြင်း၊ မိုင်တိုင်အမှတ် ၂၀/၇ မှ ၂၇/၇ အထိ ခုနစ်မိုင်အား အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်း၊ မိုင်တိုင်အမှတ် ၄၄/၆ မှ ၄၇/၁ အထိ ၂ မိုင် ၃ ဖာလုံအား ခွဲကျောက်ဖြင့် အမာခံလမ်းခင်းခြင်း၊ မိုင်တိုင်အမှတ် ၂၀/၀ မှ ၅၅/၀ အတွင်း ကွန်ကရစ်ရေပြွန် ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေမရရှိခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဆက်လက်လျာထားတင်ပြ တောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဍင်းလမ်းပိုင်းတွင် ကျန်ရှိနေသည့် မြေသားလမ်းများအား မြေသားတာပေါင်တင်ခြင်းနှင့် အမာခံလမ်းခင်းခြင်း၊ တည်ဆောက်ရန်ကျန်ရှိနေသည့် တံတားများအား ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းနှင့် အမာခံလမ်းခင်းပြီးသည့် လမ်းပိုင်းများအား အကျယ် ၁၂ ပေ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၏ **မတူပီ-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) တည်ဆောက်ရေးစီမံကိန်းအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ထပ်မံလိုအပ်ရန်ပုံငွေအား ပြည်ထောင်စုရန်ပုံငွေမှ တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါတံတား၏ စီမံကိန်းတန်ဖိုးမှာ ငွေကျပ် ၂၇ ဘီလီယံဖြစ်ပါကြောင်း၊ ၁၄ ဒသမ ၆၇ ဘီလီယံ ရရှိပြီးဖြစ်သဖြင့် ထပ်မံလိုအပ်သော ရန်ပုံငွေမှာ ငွေကျပ် ၁၂ ဒသမ ၃၃ ဘီလီယံ ဖြစ်ပါကြောင်း။

ကုလားတန်မြစ်ကူး (ပလက်ဝ)တံတားအား အပြီးသတ်တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုက ရန်ပုံငွေကျပ် ၆ ဒသမ ၃၃ ဘီလီယံနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့က ရန်ပုံငွေကျပ် ၆ ဘီလီယံကိုထည့်သွင်းရန် ညှိနှိုင်းထားပါကြောင်း၊ ညှိနှိုင်းထားချက်အတိုင်း ပြည်ထောင်စုအစိုးရနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့က လိုအပ်နေသည့် ရန်ပုံငွေကို ပေးမည်ဆိုပါက ၂၀၁၉ အတွင်း အပြီးတည်ဆောက်ပြီး ၂၀၂၀ တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## လမ်းပန်းဆက်သွယ်ရေးအတွက် တိုက်ရိုက်အကျိုးပြုမည်

ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်း မြင့်ဂါ-ဖားဒူကားလမ်းပေါ် ငရုတ်ကောင်းကျေးရွာအနီးရှိ ချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါသံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာ ၂၉ ရွာ၊ အိမ်ခြေ ၄၃၁၁၊ လူဦးရေ နှစ်သောင်းကျော်ကို လမ်းပန်းဆက်သွယ်ရေးအတွက် တိုက်ရိုက်အကျိုးပြုမည်ဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့နယ်ရှိ အုတ္တောင်ပြင်ကျေးရွာအနီး ပြိန်းချောင်း ဦးပိုင်အမှတ် ၆၅၉ ကွင်းနှင့် ပတ်သက်ပြီး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် မြေပြင်အခြေအနေ ကွာခြားချက်များကို ပြန်လည်စိစစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **ယခင်ငြိမ်းချမ်းရေးရယူခဲ့သော ဒေသဖြစ်သည့် ပန်ဝါမြို့နှင့် ချီဖွေမြို့သို့ ဆက်သွယ်ထားသောလမ်းကို ခွဲကျောက်စီခင်းလမ်း ဖောက်လုပ်ခဲ့ပြီး ယခုအချိန်တွင် လုံးဝပျက်စီးနေပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုင်းမောက်ခမ်း၏ **လားရှိုးမြို့ မြို့တွင်းလမ်း တိုးချဲ့ပေးစေလိုမှု၏ ဆက်စပ်မေးခွန်း ဖြေကြားချက်နှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မှုအပေါ် သိရှိလိုကြောင်း** မေးခွန်းတို့ကိုလည်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## “လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း”နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ရယူ

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ရယူကြပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက် ၄၃ ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၄) ထုတ်ဝေဖြန့်ချိ




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၄)ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁၅-၂-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၄)တွင် “မြန်မာ့စားသုံးဆီဖူလုံရေး၊ စပါးအထွက်တိုးစေလိုလျှင် လယ်သမားကြီးများ သတိပြုပြင်စေချင်၊ သရက်သီးဘာကြောင့်ကြွေရသလဲ” စသည့် စိုက်ပျိုးရေးဆိုင်ရာဆောင်းပါးများ၊ “ဘဲမွေးမြူမည်ဆိုလျှင် ဘဲထီးတစ်ကောင် ဘဲမငါးကောင် အချိုးကျမွေးမြူရန်လိုအပ်၊ မြန်မာ့ရေတိမ်ဒေသကြီးများကို ရေရှည်တည်တံ့နေစေရန် အလေးထားထိန်းသိမ်းကာကွယ်၊ ကျွဲနွားများ မွှားတွယ်ကပ်ခြင်းကြောင့် ဖြစ်ပွားတတ်သော ကူးစက်အဖျားရောဂါ”စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ “နွေစပါး ရေပေးဝေရေး ရေရရှိရေးအတွက် ဆည်မြောင်းဌာနနှင့် တောင်သူများ၏ အခက်အခဲများ” ခေါင်းစဉ်ဖြင့် အင်တာဗျူးတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ “ဒုတိယအရွယ်” အခန်းဆက်ဝတ္ထုရှည်၊ “ခွေးအနဲ့ ရေတွင်း” ပုံပြင်၊ “အမုန်းတရား ခါးသီးမှုနဲ့ ချစ်ခြင်းမေတ္တာ၊ အားမာန်အပြည့်ဖြင့် နွှဲလို့ပျော် မြန်မာတို့ရဲ့ ထမနဲပွဲတော်၊ မယ်ကုဝဏ်နဲ့ ဗေဒါရီ” စသည့် သုတရသ ဆောင်းပါးများ၊ “အစွမ်းထက် ထူးထူးခြားခြား အာနိသင်ရှိသည့် သဘော်သီးစိမ်း၊ ခါးနာတတ်သူများ” စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြု



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ ဆရာမများအား စိစစ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် လောလောဆယ် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာ ၁၁ ဦးနှင့် ဝန်ထမ်း လေးဦး အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကျိုက်ထိုမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာ ဆရာမများအား ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်တွင် အထက်တန်းပြရာထူးတိုး/အပြောင်းအရွှေ့များ ဆောင်ရွက်သည့်အချိန်တွင် ဆရာ၊ ကျောင်းသားအချိုး အပိုအလိုအရ ဆန္ဒပြုဒေသနှင့် ကိုက်ညီပြီး ဘာသာရပ်လိုအပ်ချက် အပေါ်မူတည်၍ စိစစ်ဖြည့်ဆည်း ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်း/ရုံးဝန်ထမ်းလစ်လပ်ရာထူးနေရာများတွင် ဆန္ဒပြုဒေသနှင့် ကိုက်ညီပြီး ရာထူးတိုး/အပြောင်းအရွှေ့တန်းစီဇယားရမှတ် အများ/အနည်းအရ စိစစ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ရှောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် ပညာရေးကောလိပ်ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရှောဝတီတိုင်းဒေသကြီး၏ မူလတန်းကျောင်းသားဦးရေသည် တစ်နိုင်ငံလုံးတွင် အများဆုံးဖြစ်သကဲ့သို့ မူလတန်းပြဆရာဦးရေသည် တစ်နိုင်ငံလုံးတွင် အများဆုံးလိုအပ်နေသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ်နောက်ပိုင်းတွင်သာ လိုအပ်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပညာရေးဒီဂရီကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် လတ်တလောတွင် ပညာရေးကောလိပ်အသစ် (၁)ခု ဟင်္သာတမြို့တွင် တိုးချဲ့ဖွင့်လှစ်စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေမှာ လုံလောက်မှုရှိနေခြင်း၊ စိုက်ပျိုးရေးသိပ္ပံများကို ကောလိပ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ရန် ပိုမိုသင့်လျော်ခြင်း၊ စိုက်ပျိုးရေးသိပ္ပံများမှ အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝသူများကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိအခြေအနေတွင် ဟင်္သာတမြို့တွင် စိုက်ပျိုးရေးသိပ္ပံကျောင်းသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

## ရေးမြို့နယ် ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် စိစစ်ဆောင်ရွက်ပေးသွားမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် အထက်တန်းကျောင်းခွဲအဖြစ် ကျောင်းအဆင့်တိုးမြှင့်ပေးရန်အတွက် ကျောင်းသားဦးရေသတ်မှတ်ချက် မပြည့်မီသော်လည်း အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်သော မော့ကနင် အခြေခံပညာအထက်တန်းကျောင်းနှင့် ၁၀ မိုင်ခန့်ကွာဝေးသည်ကို တွေ့ရှိရပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်မူနှင့် ကိုက်ညီသည့်အတွက် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန် ဆက်လက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ် ဖလမ်းမြို့နယ် မှောင်ကွန်(၂)ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အဆိုပါကျောင်းတွင် ကျောင်းသားဦးရေပြည့်မီမှုမရှိသော်လည်း အနီးဆုံးအလယ်တန်းဆင့်သင်ကျောင်းဖြစ်သော သီးဘွာလ် အခြေခံပညာအထက်တန်းကျောင်းနှင့် ၁၁ မိုင်ခန့် ကွာဝေးပါကြောင်း၊ ထို့ကြောင့် သတ်မှတ်မူနှင့် ကိုက်ညီမှုရှိသည့်အတွက် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းခွဲအဖြစ် ကျောင်းအဆင့်တိုးမြှင့်ပေးရန် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူဦးရေသည် လွန်စွာနည်းပါးသည့်အတွက် ကျောင်းသားဦးရေအပေါ်တွင်သာ အလယ်တန်းဆရာကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာ ရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးအောင်ထူး ကယားပြည်နယ် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (MSME)နှင့် ကယားပြည်နယ် MSME အေဂျင်စီတို့ တွေ့ဆုံပွဲကို ယမန်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံပွဲတွင် ကယားပြည်နယ် MSME အေဂျင်စီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားသည်။

ထို့နောက် MSME အေဂျင်စီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက ကယားပြည်နယ်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများ ရှိနေကြောင်း၊ အထူးသဖြင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ Contract Farming စနစ်ဖြင့် ပြောင်းစိုက်ပျိုးရေး၊ ရိုးရာအထည်နှင့် အမှတ်တရလက်ဆောင်ပစ္စည်း ထုတ်လုပ်ရေး၊ ချဉ်ပေါင်ဖာလာစိုက်ပျိုးရေး၊ ပိုးပင်မွေးမြူရေး၊ ဂရင်းနိုက်မာဘယ်ကျောက် တန်ဖိုးမြှင့်ထုတ်လုပ်ရေးတို့သည် ဖွံ့ဖြိုးတိုးတက်မည့် အလားအလာများရှိသဖြင့် ရေရှည်စီမံချက်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ MSME လုပ်ငန်းများ ချေးငွေရရှိရန် ဗဟိုအေဂျင်စီမှ ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ကယားပြည်နယ် MSME အေဂျင်စီ Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်ရေး အကူအညီပေးသည့် Strategy First Institute မှ တာဝန်ရှိသူအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းရှိ ကုန်စစ်စင် တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား Sister Cities အဖြစ် ထူထောင်ထားသည့် မယ်ဟောင်ဆာနှင့် ကယားပြည်နယ် မြို့များအကြား ကုန်သွယ်မှုနှင့် ခရီးသွားကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၂၂ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်း ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

မြန်မာယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ**- ဦးတင်မြင့်အောင်၊ **နည်းပြချုပ်**- ပိုပေါ့ဗ်၊ **နည်းစနစ်ဒါရိုက်တာ**- အဲရစ်အာဗရန်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးစိုးမြတ်မင်း၊ **ကြံ့ခိုင်ရေးနည်းပြ**-ဟွမ်ရီမန်၊ **ဂိုးနည်းပြ**-ဦးဖြိုးကိုကိုလှိုင်၊ **ဂိုး**-ဘုန်းသစ္စာမင်း(ရှမ်း)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ(မကွေး)၊ **နောက်တန်း**-ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော်(ရှောဝတီ)၊ အောင်ဝဏ္ဏစိုး (ဇွဲကပင်)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ(ရှမ်း)၊ ဇင်ရဲနိုင်(အား/ကာသိပ္ပံ)၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်း)၊ **အလယ်တန်း**-နန်းထိုက်ဇော်၊ လွင်မိုးအောင်(ရှောဝတီ)၊ ဇေယျာနိုင်၊ မြတ်ထွန်းသစ်၊ စိုးလွင်လွင် (မကွေး)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း(ရတနာပုံ)၊ ဇွဲသက်ပိုင်(ရှမ်း)၊ **ရှေ့တန်း**-ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ(ရှမ်း)၊ ဟိန်းထက်အောင်(ဟံသာဝတီ)၊ လှိုမ်းမိုးဦး (ရန်ကုန်)တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု(ခ)၌ မလေးရှား၊ အင်ဒိုနီးရှား၊ အိမ်ရှင် ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

**ညီမြတ်သော်တာ**



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင့်ဆွေ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်

❖ *ကျောဖုံးမှ*

ပို့ဆောင်ရေးအပိုင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုအပိုင်းတို့တွင် ကျွမ်းကျင်သူများ လိုအပ်သည့်အပြင် စေတနာ့ဝန်ထမ်းများနှင့် ပြည်သူများ၏ အင်အားကိုပါ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ကြီးတစ်ခု ဖြစ်ပါကြောင်း။

**အကြံပြုချက်များပေးရန်လို**

ယခုကဲ့သို့ ကဏ္ဍအသီးသီးမှ အင်အားစုများနှင့် စုပေါင်းဆောင်ရွက်ရခြင်းဖြစ်၍ စနစ်ကျသော ဖွဲ့စည်းမှုနှင့် မူဝါဒများ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ဖွဲ့စည်းဆောင်ရွက်မှုများ၊ ဥပဒေများ၊ မူဝါဒများချမှတ်ပြီး စနစ်တကျ စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဗဟိုအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အဆင့်ဆင့် ဖွဲ့စည်းထားခြင်းသည် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များ၏ ပါဝင်ဆောင်ရွက်မှုများ၊ အကြံဉာဏ်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားကော်မတီကို ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်ပြီး အကြံပေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အကြံပေးအဖွဲ့တွင် သက်ဆိုင်ရာ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် လက်တွေ့တွင်လည်း အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ မိမိတို့၏ သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အဓိကအားထားရမည့် အဖွဲ့ကြီးတစ်ခုဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့် ကျွမ်းကျင်ရာကဏ္ဍအလိုက် အကြံပြုချက်များ ပေးရန်လိုကြောင်း။

ယနေ့ သဘာဝဘေးဖြစ်စဉ်များကို လေ့လာကြည့်ပါက ကမ္ဘာတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်များသည် အကြိမ်ရေစိပ်စိပ်နှင့် ဖျက်ဆီးမှုစွမ်းအားလည်း ပိုမိုပြင်းထန်လာကာ လူသားများအပေါ် ထိခိုက်ဆုံးရှုံးမှု ပိုမိုဆိုးရွားများပြားလာနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြစ်ပွားရသော အကြောင်းရင်းများမှာ ရာသီဥတုပြောင်းလဲလာမှု၊ လူဦးရေတိုးပွားလာမှုနှင့် နေထိုင်မှုပုံစံများ ပြောင်းလဲလာမှုတို့ကြောင့်ဖြစ်ကြောင်း ပညာရှင်များ၏ လေ့လာမှုများအရ သိရှိရကြောင်း၊ ယင်းအကြောင်းအရာများကို ဖြေရှင်းရန် အင်မတန်မှ ခဲယဉ်းနေသော အခြေအနေဖြစ်သည့်အတွက် သဘာဝဘေးစီမံခန့်ခွဲမှုများကို ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်နေကြပြီး တစ်နိုင်ငံချင်းစီကလည်း ဦးစားပေးလုပ်ငန်းစဉ်ထဲတွင် ထည့်သွင်းသတ်မှတ် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သည်ကို တွေ့ရှိရကြောင်း။

**ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိ**

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကရင်ပြည်နယ် ခရီးစဉ်အတွင်း "ယခုကာလသည် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယခင်က ဖြစ်လေ့ဖြစ်ထ မရှိခဲ့သော်လည်း ယခုအခါ ယခင်က မဖြစ်ဖူးသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယင်းပြောင်းလဲမှုများမှာ ပုံသေသဘောဖြစ်လာမည် ဖြစ်ပါကြောင်း"ဟု ပြောကြားခဲ့ပါကြောင်း။

ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များသည် ပုံမှန်ဖြစ်စဉ်ဖြစ်လာခဲ့ပြီး အားလုံးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်၍ ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်ရန် အားလုံးတွင် တာဝန်ရှိကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ဝိုင်းဝန်းဆောင်ရွက်သည့်နေရာတွင် ပြည်သူများမှစ၍ ပါဝင်ဆောင်ရွက်ရန် လိုအပ်သော်လည်း အဓိက ဦးဆောင်တာဝန်ယူ ဆောင်ရွက်ရန်မှာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ ဖြစ်ကြောင်း။

သဘာဝဘေးများ ဖြစ်ပေါ်လာမှ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ခြင်းထက် မဖြစ်ခင်တွင် သက်ဆိုင်ရာ ကဏ္ဍအလိုက်၊ တာဝန်ရှိမှုအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များကို ဝိုင်းဝန်း



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်

ဖြည့်ဆည်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဘေးအန္တရာယ်များနှင့် စပ်လျဉ်းပြီး ဖြေရှင်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ် တစ်ဆင့်ချင်းအလိုက် ဘာသာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရန် လိုအပ်သည့်အပြင် ထိရောက်ကောင်းမွန်သည့် နည်းစနစ်ဖြင့် လက်တွေ့အခြေအနေအပေါ် အလျင်အမြန်သုံးသပ်ဖြေရှင်းနိုင်စွမ်းလည်း ရှိရမည်ဖြစ်ကြောင်း၊ အခြေအနေအရ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရသော်လည်း ချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ အထူးသဖြင့် ငွေကြေးပိုင်းဆိုင်ရာ၊ ကူညီထောက်ပံ့မှုပိုင်းဆိုင်ရာများတွင် ပိုမိုဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**စနစ်တကျဆောင်ရွက်**

အရေးပေါ်ရန်ပုံငွေကို ဗဟိုတွင် သီးခြားမထားဘဲ ဝန်ကြီးဌာနအလိုက် အရေးပေါ်ရန်ပုံငွေ Emergency Fund ခေါင်းစဉ်ဖြင့် သာမန်ဘတ်ဂျက်တွင် တင်တောင်း၊ သုံးစွဲသွားရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားထားကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် မကြာခဏ အပျက်အစီးများ ရှိနိုင်၍ ဝန်ကြီးဌာနအလိုက် အရေးပေါ်ရန်ပုံငွေ ထားရှိသုံးစွဲရန် ဆောင်ရွက်ခြင်းဖြစ်၍ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ဆက်စပ်စဉ်းစားပြီး ကြိုတင်လျာထားတင်ပြတောင်းခံကြရမည်ဖြစ်ကြောင်း၊ အဆိုပါရန်ပုံငွေကို အရေးပေါ်ရန်ပုံငွေ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲနိုင်ရေး လမ်းညွှန်ထားပြီး ရန်ပုံငွေတင်ပြတောင်းခံခြင်း၊ သုံးစွဲခြင်းများကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

သဘာဝဘေးစီမံခန့်ခွဲမှုများကို ဆောင်ရွက်သည့်နေရာတွင် ယခင်အတွေ့အကြုံများအပေါ် သင်ခန်းစာရယူဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော တုံ့ပြန်ဆောင်ရွက်မှုများ၊ စီမံခန့်ခွဲမှုများဖြစ်ရန် လိုအပ်ကြောင်း၊ ယခင်နှစ် ရေဘေးဖြစ်ပွားမှုအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ပါက မွန်၊ ကရင်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ထင်မှတ်မထားသည့် အတိုင်းအတာမျိုးဖြင့် အလျင်အမြန်တုံ့ပြန်မှုများနှင့် စီမံခန့်ခွဲဆောင်ရွက်ခဲ့ရပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖြစ်နေကြအနေအထားမျိုးကို တွေ့ရမည်ဖြစ်ကြောင်း၊ ရေဘေးဖြစ်ပွားမှုအပေါ် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးရမည့် အခြေအနေများကို သုံးသပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန် ထိရောက်စွာ ပြန်လည်စတင်နိုင်ရန်၊ ကဏ္ဍအလိုက် အဆင့်ဆင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

**ဂရုပြုဆောင်ရွက်ရန်လိုအပ်**

မိမိတို့ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ခဲ့ရသော အတွေ့အကြုံများအရ အမျိုးမျိုးသော ဘေးအန္တရာယ်များကို မျှော်လင့်ထားပြီး ဒေသ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင့်တိုင်းအဆင့်တိုင်း၌ အသေးအဖွဲကအစ ဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

မိမိအနေဖြင့် အဓိက အလေးအနက်ထား ဆောင်ရွက်သွားရမည့် အချက်များကို မှာကြားလိုပါကြောင်း၊ ၎င်းတို့မှာ (၁) တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ဒေသ၏ သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ထိခိုက်ဆုံးရှုံးမှုလျော့ပါးသက်သာစေရေးလုပ်ငန်းများကို ဆန်းစစ်ဖော်ထုတ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းကာ ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ခြင်း။ (၂) တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးရင်ဆိုင် တုံ့ပြန်ရေးအတွက် အရင်းအမြစ်များ စနစ်တကျစုဖွဲ့ထားရှိခြင်း၊ လူအင်အား၊ ပစ္စည်းကိရိယာအင်အား၊ နည်းပညာအင်အား၊ ငွေကြေးအင်အား စသည့် အရင်းအမြစ်များရရှိနိုင်မည့် ဌာနဆိုင်ရာများ၊ တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားစေတနာရှင် အဖွဲ့အစည်းများဖြင့် ကြိုတင်စုဖွဲ့ထားရှိခြင်း၊ ချိတ်ဆက်ဆောင်ရွက်ရမည့် ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ထားရှိခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ထားရှိခြင်းနှင့် စီမံချက်များ ကြိုတင်ရေးဆွဲပြီး စုပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်ခြင်း။ (၃)ငွေကြေးသုံးစွဲမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ခြင်း။ (၄) စာရင်းဇယား တိကျမှန်ကန်ရေးအတွက် အောက်ခြေအဆင့်မှစ၍ အဆင့်တိုင်းတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် Data အချက်အလက် မျှဝေဆောင်ရွက်ခြင်း။

**ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်**

(၅) ပြည်သူသို့ ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မှန်ကန်တိကျမှုရှိရန်နှင့် ထောက်ပံ့မှုဆောင်ရွက်သူနှင့် ပြည်သူအကြား ကောင်းမွန်သော ဆက်ဆံဆောင်ရွက်မှုရှိရေး အလေးထားဆောင်ရွက်ခြင်း။ (၆) နှစ်စဉ်ရင်ဆိုင်နေရသည့် ရေကြီးရေလျှံမှုများနှင့် စပ်လျဉ်းပြီး ဒေသအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း။ (၇) သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသတွင်ရှိသော ရပ်ရွာလူထုအနေဖြင့် ဘေးဒဏ်ကို ပထမဆုံးရင်ဆိုင်တုံ့ပြန်ရသူများ ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ဒေသတွင်ရှိသော ပြည်သူများအား သဘာဝဘေးဆိုင်ရာ အသိပညာများ တိုးပွားစေရေး၊ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။ (၈) တိုင်းဒေသကြီး/ ပြည်နယ်များတွင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု စသည့်အဆင့်ဆင့် ဖွဲ့စည်းထားရှိသော သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ အသီးသီး၏ လုပ်ငန်းစွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ဆောင်ရွက်ခြင်း။ (၉) ဝန်ကြီးဌာနများအနေဖြင့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဝန်ထမ်းများ၏ လုပ်ငန်းကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားရေးကိုလည်း အလေးထားဆောင်ရွက်ခြင်း။

**အပြန်အလှန်ဖြည့်ဆည်း**

(၁၀) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် စုပေါင်းအားဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခင်ထက် ပိုမိုပူးပေါင်းညှိနှိုင်းပြီး လိုအပ်ချက်များကို အပြန်အလှန် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ဖြစ်ကြောင်း။

သဘာဝဘေးများနှင့် ပတ်သက်ပြီး ရင်ဆိုင်ဖြေရှင်းရာတွင် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကပါ မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် ကြိုးပမ်းဆောင်ရွက်ကြပြီး အတူပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းများတွင်လည်း စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ကြ၍ ကျေးဇူးတင်ရှိပါကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများအပေါ် မိမိတို့၏ပညာရပ်များကို အသုံးပြုပြီး စေတနာအရင်းခံဖြင့် အကြံပေးအဖွဲ့တွင် ပါဝင်ကာ ကူညီဆောင်ရွက်ပေးကြသော ပညာရှင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကော်မတီ၏ ဦးစားပေးကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြသည်။

**အတည်ပြုချက်ရယူ**

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က (၁/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ကော်မတီ၏ ၂၀၁၈ ခုနှစ်အတွင်း ဘဏ္ဍာငွေ အရအသုံးစာရင်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးဟန်ဇော်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်တို့က သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုဆိုင်ရာ ဌာနအလိုက်၊ ဒေသအလိုက် ဆောင်ရွက်သင့်သည်များကို အကြံပြုတင်ပြကြသည်။

**ကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းသွားရမည်**

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသားသဘာဝဘေးရန်ပုံငွေဖြင့် တည်ဆောက်နေသည့် လုပ်ငန်းများအား စံချိန်စံညွှန်းမီ၊ အရည်အသွေးပြည့်မီစေရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘေးအန္တရာယ်ဆိုင်ရာ သတင်းမှန်များကို ပြည်သူများ အချိန်မီနှင့် အချိန်နှင့်တစ်ပြေးညီသိရှိအောင် ကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်မှ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းထက် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းလုပ်ငန်းသည် အကောင်းဆုံးဖြစ်၍ မိမိတို့အနေဖြင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ်ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ဒုတိယ အကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်း အောင် (ခ)ဦးထွန်းထွန်းဟိန်၊ လွှတ်တော် အတွင်းရှိ နိုင်ငံရေးပါတီများနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စား လှယ်များအစုအဖွဲ့မှ လွှတ်တော်ကိုယ်စား လှယ်များ၊ လွှတ်တော်ရုံးအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဦးတီခွန်မြတ်က ဖွဲ့စည်းပုံပြင်ဆင်ရေး လုပ်ငန်းစဉ်များတွင် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် အချက်များကို အချင်းချင်းအပြန်အလှန် လေးစား ယုံကြည်မှုအပေါ် အခြေခံ၍ ရင်းနှီး ချစ်ခင်မှုဖြင့် ညှိနှိုင်းဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီ တွင် ပါဝင်ခြင်းအားဖြင့် ပါတီငယ်များ အနေဖြင့်လည်း ပြင်ဆင်ရေးတွင် ပါဝင် ဆွေးနွေးနိုင်သည့် အခွင့်အရေးကို တန်းတူရည်တူရရှိကြမည် ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ၊ အစုအဖွဲ့များအလိုက် ကြိုတင်ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့် (မူကြမ်း)ပါ ဦးတည်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်း၊ ရပိုင်ခွင့် နှင့်သက်တမ်းတို့နှင့် စပ်လျဉ်း၍ အပြု သဘောအကြံပြု ဆွေးနွေးပေးကြစေ လိုပါကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက ဖေဖော်ဝါရီ ၁၃ ရက် တွင် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ၊ အစုအဖွဲ့များသို့ ကြိုတင်ဖြန့်ဝေပေးထား သည့် ပူးပေါင်းကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာမူကြမ်းနှင့် ပူးပေါင်း ကော်မတီတွင် ပါဝင်ဖွဲ့စည်းရန် အမည် စာရင်းရရှိထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေး ပါတီ၊ အစုအဖွဲ့အလိုက် ကိုယ်စားလှယ် များက ဆွေးနွေးခဲ့ကြသည်။

**အစည်းအဝေး ရုပ်သိမ်း**

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ဦးတီခွန်မြတ်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည် သုံးသပ် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း နိဂုံးချုပ်အမှာစကားပြောကြား ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ သည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်သည် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စား လှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ သည်။

**ဆွေးနွေးခဲ့**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိ ရန်အတွက် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှု၊ ကချင်ပြည်နယ် IDP Camp များရှိ တိုက်ပွဲရှောင်ပြည်သူ များနေရပ်သို့ ပြန်နိုင်ရေးအတွက် တပ်မတော်မှ ကချင်ပြည်နယ်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

အတွင်းရှိ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုနှင့် ဂျပန်နိုင်ငံမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများ အကူအညီ ပေးရေးအတွက် ဂျပန်နိုင်ငံမှ ဆောင်ရွက်နေမှုများ၊ ရခိုင် ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့်ကိစ္စများအား အစိုးရနှင့်တပ်မတော်မှ ဖြေရှင်း ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာမှ အမှန်အတိုင်း သိရှိနိုင်ရေး ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရေးတို့အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း များရရှိစေရန်အတွက် ဂျပန်နိုင်ငံမှစက်ရုံ၊ အလုပ်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံရန် လိုအပ်မှုအခြေအနေများကို ရင်းရင်း နှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း / အဖွဲ့ကိုယ်စားလှယ်များအား တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်း/ အဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် သည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသားစာပေ နှင့် ယဉ်ကျေးမှု အသင်း/ အဖွဲ့ကိုယ်စား လှယ်များတွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်း သားလူမျိုးများရေးရာ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး က ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ် နေပြီး နည်းပညာများတိုးတက်လာသည် နှင့်အမျှ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖြစ်ပျက် နေသည့် အကြောင်းအရာများကို နေ့စဉ် နှင့်အမျှ သိရှိနေရပြီဖြစ်ပါကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ပညာများတတ်မြောက်ရန် လိုအပ်သကဲ့ သို့ ငြိမ်းချမ်းရေးရှိရန်လည်း အရေးကြီး ပါကြောင်း၊ ငြိမ်းချမ်းမှ တရားဥပဒေ စိုးမိုးမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ စိုးမိုးမှ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည့်ဒေသဖွံ့ဖြိုးရေး ကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း တစ်ကိုယ်ကောင်းဆန်သည့် စိတ်ဓာတ် များမရှိရန် လိုအပ်ပါကြောင်း၊ အများ အကျိုးကို သယ်ပိုးဆောင်ရွက်လိုသည့် စိတ်၊ စုပေါင်းလုပ်ကိုင်လိုသည့်စိတ် စသည့် ဖြောင့်မတ်မှန်ကန်သည့် စိတ်ဓာတ်များကို မွေးမြူကြရန်လို ကြောင်း၊ ပညာဗဟုသုတရှိမှ မိမိဒေသ၊ မိမိပြည်နယ်၊ မိမိတိုင်းဒေသကြီး၊ မိမိ နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်အောင် ဆောင် ရွက်နိုင်မည် ဖြစ်ပါကြောင်း။

နေပြည်တော်သို့ လေ့လာရေး လာရောက်ကြသည့် တိုင်းရင်းသားများ အနေဖြင့် မိမိဒေသသို့ ပြန်လည်ရောက် ရှိချိန်တွင် မိမိတို့သိရှိမြင်တွေ့ခဲ့ရသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လူနေ မှုအဆင့်အတန်းနှင့် ဒေသန္တရ ဗဟုသုတ အတွေ့အကြုံများကို ပြန်လည်မျှဝေပေး စေလိုပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ် များသို့ သွားရောက်စဉ် သစ်တော ပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို တွေ့ရပါကြောင်း၊ မိမိ ဒေသ၏သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်း ထိန်းသိမ်းကြရန် လိုပါကြောင်း၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာန၏ ရုံးခွဲများ ဖွင့်လှစ်ထားပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ လိုအပ်ချက် များကို အဆိုပါရုံးခွဲများတွင် လာရောက်

*စာမျက်နှာ ၁၂ သို့*

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အပြောင်းအလဲအကြားတွင်ဆောင်ရွက်ရမည်ဖြစ်၍ တာဝန်အဆင့်ဆင့်ထမ်းရွက်သူအားလုံးကြိုးပမ်းကြရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။**





**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နောက်နှစ်နှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ပွဲ ကျင်းပရတော့မည့်အချိန်ရောက်လာပြီ ဖြစ်ပါကြောင်း၊ စိန်ရတုပွဲကို ဘယ်လိုဆင်နွှဲကြမလဲဆိုတာ ပြင်ဆင်ရမည့်အချိန် ရောက်လာပြီဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အလုပ်လုပ်ခွင့်ရခဲ့ပြီး စိန်ရတုတုန်းက မိမိတို့မည်သို့ပါဝင်ခွင့်၊ ဆင်နွှဲခွင့်ရခဲ့သည်ဆိုသည်မှာ ဂုဏ်ယူစရာတစ်ခုပင် ဖြစ်ပါကြောင်း။

**နှစ်ပေါင်းများစွာ တည်တံ့လာ**

ယနေ့ (၇၃)နှစ်မြောက်ဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တာဝန် ထမ်းဆောင်နိုင်ခြင်းသည်လည်း အင်မတန်ကံကောင်းပါကြောင်း၊ လုပ်ငန်းဌာနကြီးများ၊ အများတကာနှင့် ဆက်ဆံရသည့် အဖွဲ့အစည်းကြီးများသည် နှစ်ပေါင်းများစွာ တည်တံ့လာသည်နှင့်အမျှ သက်တမ်းရင့်လာသည်နှင့်အမျှ တန်ဖိုးရှိလာပါကြောင်း။

မြန်မာ့အသံသည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ကာလကတည်းက ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ နိုင်ငံရေးအပြောင်းအလဲများ၊ ပြည်တွင်းစစ်ကာလများ စသဖြင့် ဖြတ်သန်းရှင်သန်ပြီး ယနေ့အထိ ရောက်ရှိလာပါကြောင်း၊ ထိုသို့ဖြတ်သန်းလာစဉ်တစ်လျှောက် ပြောင်းလဲသည့် အနေအထားအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားခဲ့ရပါကြောင်း။

**အပြောင်းအလဲအကြားတွင်ဆောင်ရွက်**

ရှေ့ဆက်ပြီး အစွန့်ရှည်တည်တံ့ရန်အတွက်လည်း နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲ၊ နည်းပညာအပြောင်းအလဲ စသည်တို့အကြားတွင် လှုပ်ရှားဆောင်ရွက်ရမည်ဖြစ်၍ ဦးဆောင်ဦးရွက်ပြုသူများရော၊ တာဝန်အဆင့်ဆင့် ထမ်းရွက်သူတို့ပါ အားထုတ်ကြိုးပမ်းကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

**ဂုဏ်ပြုလက်ဆောင်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများကို ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက Program/ ဇာတ်လမ်းတိုများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အငြိမ်းစားယူသွားသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုမှတ်တမ်းပေးအပ်ခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း ကိုယ်စား အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က ညွှန်ကြားရေးမှူးချုပ်အား အမှတ်တရပန်းခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗလာမပါကံစမ်းမဲ ဖောက်ပေးသည့် အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကံစမ်းမဲဆုမဲများကို မဲနှိုက်ပေးကြသည်။

**ဖျော်ဖြေပွဲ ကြည့်ရှု**

ညနေပိုင်းတွင် နှစ်ပတ်လည်နေ့တေးဂီတ ဖျော်ဖြေပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ နိုင်ငံကျော်တေးသံရှင်များနှင့် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရအဆိုရှင်များက သီဆိုဖျော်ဖြေကြသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

ကာလအတွင်း ကာယကံရှင်အသီးသီးက လျှောက်လွှာတင်နိုင်ရေးကိစ္စနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများအပါအဝင် ကျေးရွာနေလူထုအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်အသုံးပြုထားပါက လျှောက်လွှာတင်ရမည်ဟူသော အသိပညာပေးခြင်းလုပ်ငန်းကိစ္စများကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးအသီးသီးက မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်၍ သက်ဆိုင်သူအားလုံးက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဦးဆောင်အဖွဲ့အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ က သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူလယ်သမားများအား ပံ့ပိုးကူညီမှုများ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် ဆောင်ရွက်နေမှုများ၊ မြန်မာ အော်ဂဲနစ်စံချိန်စံညွှန်းရေးဆွဲကျင့်သုံးနေမှုများ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်နိုင်ရေးနှင့် အပြည့်အဝသုံးစွဲနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်မှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနဆောင်ရွက်မှုများ၊ တောင်သူလယ်သမားများအား အသိပညာပေးဆောင်ရွက်မှုများနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်တို့က တောင်သူလယ်သမားများအတွက် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပြည်ပပို့ကုန်အဖြစ် အလားအလာရှိသည့်သီးနှံများ စိုက်ပျိုးမှုတွင် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်ပေါင်းစပ်ဆောင်ရွက်၍ နည်းပညာများပံ့ပိုးပေးနိုင်ရေး၊ သီးနှံများ သင့်တင့်မျှတသောဈေးနှုန်းများရရှိရေးနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးဆောင်အဖွဲ့ဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများက (၁/၂၀၁၈)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဦးဆောင်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက **ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ** ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

## ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲတွင် ရွေးကောက်ခံအမည်စာရင်းကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြေညာပေးထားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲတွင် ပါဝင်ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကို သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲမှစ၍ ကြေညာပေးထားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မရှင်ရုံးမှ သိရသည်။ **မောင်မောင်မျိုး**

## ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှုပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်အဖြစ် ဒါရိုက်တာ Abbas Kiarostami ၏ Like Someone in Love ဇာတ်ကားအား ဖေဖော်ဝါရီ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်ကြမည်ဖြစ်သည်။

ထိုသို့လေ့လာခြင်းကို Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုအဖြစ် (၁၁)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေချစ်သူများအတွက် စာအုပ်စတုဒိသာပြုလုပ်ပေးမည့် ရန်ကုန်စာအုပ်လမ်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် စာအုပ်ဆိုင်ခန်း ၁၀၀ ခန့်ဖြင့် Yangon Book Street ၏ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ အပတ်စဉ် အစီအစဉ်များအဖြစ် ၁၆-၂-၂၀၁၉(စနေနေ့) နံနက် ၁၁ နာရီတွင် **ဆရာရဲမှိုင်း (စစ်ကိုင်း)၏ “ပန်းလေပေါ်က ဆည်းဆာအလှ”** ကဗျာစာအုပ်မိတ်ဆက်ပွဲ၊ မွန်းလွဲ ၁ နာရီတွင် **ဆရာဦးကျော်ဇေယျ၏ “ကျွန်တော်နှင့်စာအုပ်များ”** ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ၊ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့)အစီအစဉ်အဖြစ် မွန်းလွဲ ၁ နာရီတွင် **ဆရာငြိမ်းမင်း၏ “စာ၏ကျေးကျွန် မဖြစ်ပါစေနှင့်၊ စာ၏အရှင်သခင်ဖြစ်ပါစေ”** ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ ၊ မွန်းလွဲ ၂ နာရီတွင် မော်ဒယ်သရုပ်ဆောင် ပန်းသော်တာ ပါဝင်ကူညီပြီး စာပေလောက စာအုပ်တိုက်မှ ထုတ်ဝေထားသောစာအုပ်များကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့်စာအုပ် ပဟေဠိအစီအစဉ်နှင့် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား တစ်ယောက်လျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာ အုပ်ရေ ၁၀၀၀ ကို စနေ/တနင်္ဂနွေ မွန်းတည့် ၁၂ နာရီ နောက်ပိုင်းတွင် ပေးဝေမည့်အစီအစဉ်တို့ကို ပြုလုပ်ပေးသွားမည်ဖြစ်သဖြင့် စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာ ဖြေဆိုဝယ်ယူနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

---

*စာမျက်နှာ ၁၁ မှ*

တင်ပြနိုင်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ဆောင်ရွက်ပေးနိုင်မည့်ကိစ္စများကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့် ကိစ္စများသည် အမှန်တကယ် အရေးကြီးလိုအပ်ချက်ဖြစ်နေပါက ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ ကိုယ်စားလှယ်များ၏ နေပြည်တော်လေ့လာရေးခရီးစဉ်(ပထမအကြိမ်)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် မြောက်ပိုင်း တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကိုယ်စားလှယ်ဖြစ်သည့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ တွဲဖက်အတွင်းရေးမှူး စိုင်းလောဝ်လျန်းပန်နှင့် ရခိုင်ပြည်နယ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကိုယ်စားလှယ်ဖြစ်သည့် ခမီစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးလေကျော်အောင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်မြောက်ပိုင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ကိုယ်စားလှယ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ နေပြည်တော်လေ့လာရေးအဖွဲ့များသည် မွန်းလွဲပိုင်းတွင် ဗုဒ္ဓဂယာ၊ ကျောက်တော်ကြီးဘုရားနှင့် ဥပ္ပါတသန္တိစေတီတော်တို့သို့ သွားရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား သေဒဏ်၊ ထောင်ဒဏ်အသီးသီး ပြစ်ဒဏ်ချမှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင်တရားရုံး အထူးခုံရုံးတွင် စွဲချက်တင်စစ်ဆေးခံနေရသူ လေးဦးအနက် ကြည်လင်းနှင့် အောင်ဝင်းဇော်ကို သေဒဏ်ကျခံစေရန် (မသေမချင်းလည်ပင်းကြိုးကွင်းစွပ်သတ်စေရန်)နှင့် ဇေယျာဖြိုးနှင့် အောင်ဝင်းထွန်းတို့အား ထောင်ဒဏ်အသီးသီး ပြစ်ဒဏ်ကျခံစေရန် ယနေ့တွင် အပြီးသတ် စီရင်ချက် အမိန့်ချမှတ်လိုက်သည်။


တရားခံကြည်လင်းအား ရုံးထုတ်လာစဉ်။

အဆိုပါအမှုနှင့်ပတ်သက်၍ ကျူးလွန်သူ ကြည်လင်း(ခ)ဖိုးထူးအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် သေဒဏ်ကျခံစေရန်(မသေမချင်းလည်ပင်းကြိုးကွင်းစွပ်သတ်စေရန်)၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂) အရ (အငှားယာဉ်မောင်း ကိုနေဝင်းအား သေနတ်ဖြင့် ပစ်သတ်မှု) ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်၊ လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉(ဃ)(စ) တို့အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်စီကို တစ်ပေါင်းတည်းကျခံစေရန်၊ ကျူးလွန်သူ အောင်ဝင်းဇော်အား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ခ)/၃၄ အရ ပြစ်မှုထင်ရှား တွေ့ရှိရသဖြင့် သေဒဏ်ကျခံစေရန် (မသေမချင်းလည်ပင်းကြိုးကွင်းစွပ် သတ်စေရန်) အမိန့်ချမှတ်လိုက်သည်။

အလားတူ ဇေယျာဖြိုးအား ရာဇသတ်ကြီးပုဒ်မ ၂၀၁ ပထမပိုင်းအရ ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန်၊ အောင်ဝင်းထွန်းအား ရာဇသတ်ကြီးပုဒ်မ ၂၁၂ ပထမပိုင်းအရ ပြစ်မှုထင်ရှား တွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ၎င်းတို့နှစ်ဦးအား (ပြစ်ဒဏ်များမှ ချုပ်ရက်များ ထုတ်နုတ်ခံစားစေရန်) တရားသူကြီးက ခွင့်ပြုလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံးမှ (ပြန်ကြားရေးတာဝန်ခံ) ဒုတိယညွှန်ကြားရေးမှူး ဦးရဲလွင်က "ဒီအမိန့်ရဲ့စီရင်ချက်မှာ တရားခံပြေး အောင်ဝင်းခိုင်နဲ့ ပတ်သက်ပြီး ထည့်သွင်းသုံးသပ်ထားပါတယ်။ ဒီနေ့ချမှတ်တဲ့ လူသတ်မှုဟာဆိုရင် ရုံးရှေ့မှာရှိတဲ့ တရားခံလေးဦး သာမက တရားခံပြေး အောင်ဝင်းခိုင်ကိုပါ အထူးခုံရုံးက ထည့်သွင်းစဉ်းစားသုံးသပ်ထားတာဖြစ်ပါတယ်။ သူနဲ့ပတ်သက်ပြီးတော့လည်း ရာဇဝတ်အထွေထွေအမှုတွေ ဖွင့်လှစ်ထားတာ ရှိပါတယ်။ သူ့ရဲ့ ပစ္စည်းတွေဟာဆိုရင် ဒေါပုံမြို့နယ်ထဲမှာ ရှိတဲ့အတွက် ဝရမ်းကပ်တဲ့ကိစ္စတွေကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှာ ဆောင်ရွက်နေတယ်။ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အပြီးသတ် အမိန့်ချမှုအပြီးတွင် မီဒီယာများအား ပြောကြားသည်။

အဆိုပါအမှုတွင် လူသတ်မှုနှင့် ပတ်သက်၍ တရားလိုပြ သက်သေ ၇၂ ဦး၊ ပြန်ခေါ်သက်သေ ၈၈ ဦး၊ တရားခံ လေးဦး၊ တရားခံပြသက်သေ ၃၈ ဦး စုစုပေါင်း သက်သေ ၂၀၂ ဦးအထိ စစ်ဆေးခဲ့ရကြောင်း၊ လက်နက်မှုနှင့်ပတ်သက်၍ တရားလိုပြ သက်သေခုနစ်ဦး၊ ပြန်ခေါ်သက်သေ သုံးဦး၊ တရားခံတစ်ဦး၊ တရားခံပြ သက်သေနှစ်ဦး စုစုပေါင်း သက်သေ ၁၃ ဦးတို့ကို စစ်ဆေးခဲ့ကြောင်း၊ ထိုသို့စစ်ဆေးရာတွင် အထူးခုံရုံးအနေဖြင့် ရက်သတ္တပတ် တစ်ပတ်လျှင် နှစ်ချိန်းနှုန်းဖြင့် အပတ်စဉ် ပုံမှန် မပျက်မကွက် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ အထူးခုံရုံးအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြန့်ကြာမှု မရှိအောင် အထူးသတိပြုဆောင်ရွက်ခဲ့ကြောင်း၊ အမှုစစ်ဆေးဆဲကာလတွင်လည်း ကြားဖြတ်အမိန့်အနေဖြင့် တရားလို၊ တရားခံနှစ်ဖက်လုံးမှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ဥပဒေနှင့်အညီ ပြင်ဆင်မှု တက်ရောက်ခဲ့မှုများရှိခဲ့ကြောင်း၊ ပြင်ဆင်မှုအနေဖြင့် နှစ်ကြိမ်ရှိပြီး သုံးလနှင့် ငါးရက်ကြာမြင့်ခဲ့ကြောင်း ဦးရဲလွင်က ပြောသည်။

အဆိုပါအမှုအား ၂၀၁၇ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ စတင်တရားစွဲဆိုတင်ပို့ခဲ့ပြီး နှစ်နှစ်ကျော်ကာလအကြာ ရုံးချိန်းပေါင်း ၁၀၄ ကြိမ်မြောက် ယနေ့တွင် အပြီးသတ် အမိန့်ချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အမှုမှ ထွက်ပြေးလွတ်မြောက်နေသူ အောင်ဝင်းခိုင်ကို တရားရုံးက ဝရမ်းပြေးအဖြစ် ကြေညာထားသည်။

တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးသူ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က "ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့နည်းလမ်းအတိုင်း ကျွန်တော်တို့ ဆက်လုပ်သွားဖို့ရှိပါတယ်။ ကြည်လင်းနဲ့ အောင်ဝင်းဇော်အတွက် အယူခံ ဥပဒေအရ ခုနစ်ရက် ပေးထားတယ်။ ကျန်တဲ့လူတွေကတော့ ရက်ပေါင်း ၆၀ ပေးထားပါတယ်။ ဒီအပေါ်မှာ ဘာဆက်လုပ်ရမလဲဆိုတာ ကာယကံရှင်တွေရဲ့ ဆန္ဒလည်းရှိသေးတယ်"ဟု ပြောသည်။

တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ပေးသူ တရားလွှတ်တော်ရှေ့နေ ဦးနေလက "တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး တရားရုံးက သူမှန်ကန်တယ်ထင်တဲ့ ဆုံးဖြတ်ချက်ကိုချထားတယ်။ သို့သော်လည်းပဲ ကာယကံရှင်တွေဘက်ရော၊ ဥပဒေအရရော အမြင်ချင်းမတူကြတာတွေရှိနိုင်ပါတယ်။ တရားရုံးဆုံးဖြတ်ချက်နဲ့ပတ်သက်လို့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ဖွယ်ရာ မရှိဘူး"ဟု ပြောသည်။

ယနေ့ အပြီးသတ်စီရင်ချက် အမိန့်ချမှတ်ရာ တရားရုံးတွင် သက်ဆိုင်ရာမှ သာမန်ရုံးချိန်းများနှင့်မတူ လုံခြုံရေးတင်းကျပ်မှု ပိုမိုပြုလုပ်ထားပြီး တရားစီရင်မှုအား ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၊ သံတမန်များနှင့် စိတ်ပါဝင်စားသည့် ပြည်သူအများအပြား လာရောက်၍ လေ့လာကြသည်။

တရားလွှတ်တော်ရှေ့နေ ဦးကိုနီသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် မာလူကူပြည်နယ်တို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက် အထိ ကျင်းပခဲ့သော Senior Leadership Program လေ့လာရေးခရီးသွားရောက်ခဲ့ပြီးနောက် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ် Terminal -1 ဂိတ် ၆ အရှေ့ပလက်ဖောင်းတွင် သေနတ်ဖြင့် အနီးကပ် ပစ်ခတ် လုပ်ကြံခံရခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-မျိုးမင်းသိန်း**

## ခိုလမ်နှင့်ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက နမ့်စန်မြို့နယ် ခိုလမ်မြို့ ခိုလမ်-ကျိုင်းတောင်း ကားလမ်း မဟာဗောဓိနီးဘုရားရှေ့တွင် ခေမိန္ဒ(ခ)အိုက်ဆာ မောင်းနှင်လာသော ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ခိုလမ်မြို့ အမှတ်(၆)ရပ်ကွက် အမှတ်(၆/၅၆)နေ စိုင်းတေမိ၏ နေအိမ်ကို ရှာဖွေရာ ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ နေအိမ်၌ ဖမ်းဆီးရမိသည်။

ထို့အတူ ယင်းနေ့နံနက် ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် ဆယ်ဟောင်း၏ ဆောင်းဘောက်နှစ်လုံးအတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၃၀၅ ကီလို၊ ငွေကျပ် ၁၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မောင်တောမြို့နယ် နယ်မြေ(၅) အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ရွက်ညိုတောင်ရဲကင်းစခန်းမှ ယာယီရဲမှူး တင်လှိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်း အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၃)ပါနှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Domdomia ကင်းစခန်းမှူး Subedar Nazruc Islam ဦးဆောင်သည့် အဖွဲ့သည် စက်တပ်ရေယာဉ်နှစ်စင်း၊ စုစုပေါင်းလေးစင်းတို့သည် မင်္ဂလာကြီး ချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၈)မှ ဦးရှည်ကျချောင်းဝထိပ် ရေမိုင်အမှတ်(၁၁)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ် (၀၀၃) ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## တာချီလိတ်တွင် လာအိုနိုင်ငံသားတစ်ဦးထံမှ လက်နက်နှင့်ကျည်ဆန်များ ဖမ်းဆီးရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၁၅**

တာချီလိတ်မြို့တွင် လာအိုနိုင်ငံသားတစ်ဦးထံမှ ယနေ့နံနက်ပိုင်းက Gas ပစ္စတိုသေနတ်တစ်လက်နှင့် ကျည်ဆန်များကို ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် ဟောင်လိတ်နယ်မြေရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်ချမ်းမြေ့အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဝိန်းကျောက်ရပ်ကွက်အတွင်း လုံခြုံရေးလှည့်ကင်းဆောင်ရွက်စဉ် စွမ်းမိုတယ်လမ်းကြားမှ လမ်းလျှောက်ထွက်လာသော ထိုင်းဝမ်း(၁၉)နှစ် အမည်ရှိ လာအိုနိုင်ငံသားတစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသည့်အတွက် စစ်ဆေးရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ WALTER CP 99 အမျိုးအစား Gas သေနတ်တစ်လက်နှင့် ၎င်းကျည်အလုံး ၁၄၀၊ ၎င်း သေနတ်တွင် အသုံးပြုသည့် Gas အိုးသေးနှစ်လုံး၊ ပွိုင့် ၂၂ ကျည် ၁၂ တောင့်တို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါလက်နက်ခဲယမ်းများနှင့်အတူ စစ်ဆေးတွေ့ရှိခဲ့သည့် ထိုင်းဝမ်းအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## တောင်ငူနှင့်ကသာမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် CMRS ဖြင့် သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၁၄ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ရေတာရှည်မြို့နယ် ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောရဲတို့ပါဝင်သော ခရိုင်ပူးပေါင်းအဖွဲ့သည် အုတ်တွင်း-တောင်ငူ ဆက်စပ်နေရာများကို ရှင်းလင်းဆောင်ရွက်ရာ ခပေါင်းကြိုးဝိုင်းအတွင်း နေရာ ခြောက်နေရာမှ စုစုပေါင်း တရားမဝင် ကျွန်းသစ်လုံး၊ ခွဲသား၊ ခွဲခြမ်း ၄၅ ဒသမ ၆၄၂၄ တန်အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၃ ရက်က ကသာခရိုင် ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် ဆင်ကုန်တိုင်ရွာ အနောက်ဘက် ရေနီကျေးရွာ မြောက်ဘက်နှင့် မြောက်မိုးတားကြိုးဝိုင်းအကွက် ၂၉ အတွင်းမှ တရားမဝင် ကညင်သစ် ၂၂ လုံး ၆၅ ဒသမ ၁၁၂၀ တန်၊ ပြစ်မှုကျူးလွန်သူတစ်ဦးနှင့်အတူ အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရ သည်။ **မောင်လူမော်**

## ပျဉ်းမနားမြို့တွင် မီးလောင်မှုဖြစ်ပွား

**ပျဉ်းမနား ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် ယနေ့နံနက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်နှစ်လုံးနှင့် ဆိုင်ကယ်ငါးစီး၊ မော်တော်ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၂ နာရီက ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ရွှေချီ(၄)လမ်းနှင့် မောင်ခင်လမ်းထောင့် အိမ်အမှတ် (၁၁/၃၅)နေ ဦးဝင်းနိုင်(ခ)ညောင်ရမ်း၏ နေအိမ် မြောက်ဘက်တွင် ခွေးသားပေါက်များအား ခြင်ဆေးခွေထွန်းပေးထားရာမှ ခွေးထည့်သည့် စက္ကူပုံးကို မီးကူးစက်ပြီး နေအိမ်ကို မီးကူးစက်လောင်ကာ ထိုမှတစ်ဆင့် အနီးရှိ ဦးအောင်လွင်၏ သွပ်မိုး၊ ပျဉ်ကာ ကားဂိုဒေါင်တစ်လုံး၊ 3L/---- TOYOTA AXTO အမျိုးအစား ကားတစ်စီး၊ ဆိုင်ကယ်ငါးစီးတို့ကို မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမြင့်နိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထိုက်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွှေချီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံများနှင့်အတူ မီးသတ်ယာဉ် ၁၅ စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရပြီး ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မီးကိုပေါ့ဆစွာ အသုံးပြုသူ ဦးဝင်းနိုင်(ခ) ညောင်ရမ်းအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# Line Walker -2 ဇာတ်ကား ရန်ကုန်မြို့တွင် လာရောက်ရိုက်ကူးမှုနှင့် ပတ်သက်၍ စာနယ်ဇင်းမိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

လူကုန်ကူးမှုတိုက်ဖျက်ရေး နှိမ်နင်းမှု ဇာတ်လမ်းဖြစ်သည့် Line Walker -2 ဇာတ်ကားသည် ဟောင်ကောင်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ပူးပေါင်းဆောင်ရွက်မှုကို ရိုက်ကူးခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်နေမှုကို နိုင်ငံတကာသို့ ပြသနိုင်မည်ဖြစ်ပါကြောင်း၊ ယခု Action ဇာတ်လမ်းရိုက်ကူးရာတွင် ပစ်ခတ်မှု၊ ဖောက်ခွဲမှု၊ မော်တော်ကားများ အပြိုင်မောင်းနှင်မှု၊ ယာဉ်တိုက်မှု၊ ရဟတ်ယာဉ်ပျံသန်းမှု စသည့်ဇာတ်ဝင်ခန်းများ ပါဝင်သဖြင့် ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်းကူညီမည်ဖြစ်၍ ပြည်သူများဘက်ကလည်း သတ်မှတ်နေရာမှ ကြည့်ရှုအားပေးခြင်းဖြင့် ဝိုင်းဝန်းကူညီကြစေလိုပါကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ပြောသည်။

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည့် Shaw Brother Pictures International Ltd က ၎င်းတို့၏ အထူးအောင်မြင်သော Line Walker ရုပ်ရှင်ဇာတ်ကား၏ အဆက်ဖြစ်သည့် Line Walker -2 ဇာတ်ကား ရန်ကုန်မြို့တွင် လာရောက်ရိုက်ကူးမှုနှင့် ပတ်သက်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ် ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

### ဝိုင်းဝန်းကူညီဆောင်ရွက်

“မြန်မာနိုင်ငံ၌ ပြည်ပမှ နာမည်ကြီး ရုပ်ရှင်ကုမ္ပဏီက ကြီးမား၊ ကျယ်ပြန့်သည့် ရုပ်ရှင်ဇာတ်လမ်းရိုက်ကူးမှု အစဉ်အလာ ယခင်က မရှိခဲ့သေးဘဲ ယခုမှစတင်နိုင်ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာမြို့ပြများတွင် Action ဇာတ်လမ်းရိုက်ကူးခြင်းများ ပြုလုပ်နိုင်သည့်နည်းတူ မြန်မာနိုင်ငံ ရန်ကုန်မြို့လယ်တွင်လည်း ရိုက်ကူးနိုင်ရန် MOI အနေဖြင့် ဌာနပေါင်းစုံနှင့် အသေးစိတ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ပေါင်းစပ်၍ ဝိုင်းဝန်းကူညီဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း” ဦးအေးကြွယ်က ဆိုသည်။

ထို့အပြင် “မြန်မာနိုင်ငံမှာ ပြည်ပကရုပ်ရှင်ဇာတ်လမ်းရိုက်ကူးမှုအပါအဝင် စီးပွားရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်ရာမှာလည်း နှောင့်နှေးကြန့်ကြာမှု၊ ခက်ခဲမှုမရှိတော့ဘဲ ပွင့်လင်းမြင်သာ အဆင်ပြေချောမွေ့လွယ်ကူစွာ ဆောင်ရွက်နိုင်မှုကို ပြသလိုပါတယ်။ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေဖို့ ကဏ္ဍစုံက ဆောင်ရွက်ပေးရာမှာ ယခုကဲ့သို့ ပြည်ပက ရုပ်ရှင်ဇာတ်ကားရိုက်ကူးခွင့်ပြုခြင်းလည်း တစ်ခုပါဝင်ပြီး ဆက်သွယ်ဆက်ဆံမှု၊ ပေါင်းစပ်ဆောင်ရွက်မှု၊ အနုပညာနည်းပညာ စသည်တို့ အထောက်အကူရရှိစေမှာပါ။

ပြည်ပက ယခုလို ရုပ်ရှင်လာရောက်ရိုက်ကူးမှု၊ နာမည်ကျော် ရုပ်ရှင်ဇာတ်လမ်းနိုင်ငံတကာမှာ ပြသမှုတွေကတစ်ဆင့် မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာက ပိုမိုသိရှိလာပြီး မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနဲ့ ထိုမှတစ်ဆင့် နိုင်ငံအတွက် ဝင်ငွေရရှိစေဖို့ ဖြစ်ပါတယ်”ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်ရှိ Shaw Brothers Pictures International Ltd နှင့် J.Q.Pictures တို့မှ ပူးပေါင်းရိုက်ကူးခြင်းဖြစ်ပြီး ဒါရိုက်တာ Mr.Jazz Boon၊ ထုတ်လုပ်သူ Miss. Andrew Lau Wai-Keung၊ ဇာတ်ညွှန်း Mr. Chin Ka lok တို့နှင့် ဟောင်ကောင်သရုပ်ဆောင်များ ဖြစ်သည့် Louis KooTin –Lok နှင့် Nick Cheung Ka-Fai တို့ ပါဝင်ကြပြီး ယနေ့ကျင်းပသည့် စာနယ်ဇင်းမိတ်ဆက်ပွဲတွင် Mr. Chin Ka lok နှင့် ပရိုဂျူဆာ Mr. Ray Peng တို့က ဇာတ်ကားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

### ဇာတ်အိမ်တည်၍ ရိုက်ကူး

Line Walker -2 ဇာတ်ကားမှာ ဟောင်ကောင်ဂျာနယ်လစ် တစ်ဦးက ကလေးသူငယ် လူကုန်ကူးသည့် အုပ်စု၏ သတင်းကိုရရှိခဲ့ပြီး ရှာဖွေရာတွင် ဂျာနယ်လစ်ကို ကာကွယ်ပေးရန်၊ ဟောင်ကောင်သို့ ပြန်လည်ပို့ဆောင်ပေးရန် ကြိုးပမ်းသည့် စစ်ဆင်ရေးတစ်ခုကို ဟောင်ကောင်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်းကိုင်တွယ်ဖြေရှင်းပုံများကို ဇာတ်အိမ်တည်၍ ရိုက်ကူးထားခြင်းဖြစ်သည်။

“ရန်ကုန်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ အကုန်လုံးညှိနှိုင်းဆွေးနွေးကြတဲ့အချိန်မှာ စစချင်း အတွေ့အကြုံဖြစ်တဲ့အတွက် လူထုထိတ်လန့်မှုကို လျှော့ချဖို့ ဖောက်ခွဲဖျက်ဆီးမှုတွေနဲ့ အသုံးပြုမယ့် လက်နက်ခဲယမ်းတွေရဲ့ အခြေအနေတွေကို တုန်ခါမှုကို နည်းနည်းလျှော့ချထားတာပေ့ါ။ ရိုက်ကူးရေးအခြေအနေမှာ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ဌာနပေါင်းစုံနဲ့လည်း ညှိနှိုင်းပြီး ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ပေါင်းစပ်ညှိနှိုင်းမှုမလုပ်ဘဲ ချက်ချင်းရိုက်လို့တော့ မရဘူး၊ ရုပ်ရှင်သမိုင်းအတွက် လမ်းပွင့်တာပေါ့”ဟု Yangon Synthesis Productions ကုမ္ပဏီ၏ အကြံပေး ပုဂ္ဂိုလ် ရဲမှူးချုပ် ဝင်းခေါင်(ငြိမ်း)က ပြောသည်။

### ကူညီပံ့ပိုးပေး

အဆိုပါဇာတ်ကားကို မြန်မာနိုင်ငံတွင် ပြည်ပမှ ရုပ်ရှင်ဇာတ်ကားများ လာရောက်ရိုက်ကူးသည့် စနစ်တစ်ခု စတင် အကောင်အထည်ဖော်နိုင်ရန်၊ နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီနေမှုကို ပြသနိုင်ရန်၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် အနုပညာဆိုင်ရာ အထောက်အကူများရရှိနိုင်ရန်၊ မြန်မာနိုင်ငံအကြောင်း ကမ္ဘာက ပိုမိုသိရှိလာစေရန်၊ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ပေးနိုင်ရန်၊ မြန်မာနိုင်ငံတွင် ပြည်ပမှ ရုပ်ရှင်လာရောက်ရိုက်ကူးခြင်းများမှ နိုင်ငံတော်ဘဏ္ဍာငွေရရှိရန် စသည့် ရည်ရွယ်ချက်ဖြင့် ခွင့်ပြုခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားမြန်မာနိုင်ငံတွင် လာရောက်ရိုက်ကူးနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က “ဒီဇာတ်ကားတစ်ထုပ်လုံးကို ဒီမှာ ရိုက်တာမဟုတ်ပါဘူး။ အစိတ်အပိုင်းတချို့ကို ရိုက်တာပါ။ မြန်မာပြည်မှာ ဖြစ်နေတဲ့ အခန်းတချို့ရယ်၊ ဖိလစ်ပိုင်နိုင်ငံမှာ ရိုက်ရမယ့် ဇာတ်ဝင်ခန်းတချို့ကို လာရောက်ရိုက်ကူးတာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်မှာ အရင်းနှီးဆုံးနဲ့ အလွယ်ကူဆုံးပေးနိုင်တာက ရိုက်ကွင်းရိုက်ကွက်တွေပါပဲ။ ဒီဇာတ်ကားမှာ ရိုက်ကွင်းရိုက်ကွက်တွေက ကောင်းစွာပါဝင်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ မူရင်းရိုက်ကွင်းတင်မက ဖိလစ်ပိုင်နိုင်ငံရဲ့ ရိုက်ကွင်းရိုက်ကွက် ပုံစံမျိုးပါ ပြုလုပ်ပြီး ရိုက်ကူးနိုင်တာကြောင့် အာဆီယံနိုင်ငံတွေထဲက အခြား ရိုက်ကူးလိုသူတွေ လာရောက် ရိုက်ကူးနိုင်တယ်ဆိုတဲ့ သတင်းအချက်အလက်တွေ ပါသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ဆိုတာကို ပြချင်လွန်းလို့ ဆူးလေဘုရားလမ်း၊ ရွှေတိဂုံဘုရား၊ မဟာဗန္ဓုလပန်းခြံတို့ကို ရွေးရတာဖြစ်ပါတယ်။ ပြည်သူလူထုအတွက်လည်း အနှောင့်အယှက် မဖြစ်ရလေအောင် နိုင်ငံကရရှိမယ့် အခွန်အခတွေလည်း ကိုယ့်ရုပ်ရှင်လောကသားတွေ အတတ်ပညာဖြင့် ရယူနိုင်အောင် စီစဉ်ထားပါတယ်”ဟု ပြောသည်။

အဆိုပါဇာတ်ဝင်ခန်းအချို့ လာရောက် ရိုက်ကူးရာတွင် ဟောင်ကောင်နှင့် နိုင်ငံတကာရုပ်ရှင်ဇာတ်လမ်းများ ရိုက်ကူးလေ့ရှိသည့် ပုံစံအတိုင်း အချိန်သတ်မှတ်ချက်များဖြင့် လမ်းများပိတ်၍ ရိုက်ကူးခြင်း၊ လမ်းလွဲများပြုလုပ်၍ ရိုက်ကူးခြင်း၊ သေနတ်အစစ်များ၊ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ ဖောက်ခွဲခြင်း၊ ကားများအချင်းချင်း ပွတ်တိုက်ခြင်း၊ ရဟတ်ယာဉ်များ သုံးစွဲပြီးပစ်ခတ်ခြင်း၊ ရဲကားများ၊ အထူးရဲတပ်ဖွဲ့ဝင် ကားများ အသုံးပြုပြီး နိုင်ငံတကာအဆင့်မီ အက်ရှင်ဇာတ်ကားကောင်း တစ်ကားအဖြစ် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းက Line Walker – 2 ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စတင်ရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်း-ဝင်းဝင်းမော်၊ ဥမ္မာသန့်၊ နေလင်း**
**ဓာတ်ပုံ-လှမိုး**

> **“မြန်မာနိုင်ငံ၌ ပြည်ပမှ နာမည်ကြီးရုပ်ရှင်ကုမ္ပဏီက ကြီးမား၊ ကျယ်ပြန့်သည့် ရုပ်ရှင်ဇာတ်လမ်းရိုက်ကူးမှု အစဉ်အလာ ယခင်က မရှိခဲ့သေးဘဲ ယခုမှ စတင်နိုင်ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာမြို့ပြများတွင် Action ဇာတ်လမ်းရိုက်ကူးခြင်းများ ပြုလုပ်နိုင်သည့်နည်းတူ မြန်မာနိုင်ငံ ရန်ကုန်မြို့လယ်တွင်လည်း ရိုက်ကူးနိုင်ရန် MOI အနေဖြင့် ဌာနပေါင်းစုံနှင့် အသေးစိတ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ပေါင်းစပ်၍ ဝိုင်းဝန်းကူညီဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း”**

---

❒ *ကျော့ဖုံးမှ*

၂၀၁၉ မတ် ၃၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် ONE:A NEWERAပြိုင်ပွဲတွင် ONE မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံခါးပတ်ကို Ken Hasegawa နှင့် ယှဉ်ပြိုင်ထိုးသတ်ကာကွယ်သွားမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲတွင် အောင်လအန်ဆန်က “ကျွန်တော့်အနေနဲ့ ဒီပွဲမှာ အနိုင်ရမယ်ဆိုတာ ယုံကြည်ပါတယ်။ ကန်နဲ့အရင်ကလည်း ထိုးသတ်ဖူးတာကြောင့် သူဘယ်လိုဆိုတာသိတယ်။ ကျွန်တော်မြန်မာနိုင်ငံမှာ မထိုးသတ်ခင် အရင်တုန်းက အခြားနိုင်ငံတွေမှာလည်း ထိုးသတ်ဖူးတာကြောင့် အခု ဂျပန်နိုင်ငံမှာ ထိုးသတ်ရမှာကို ကျွန်တော်မစိုးရိမ်ပါဘူး။ ဘယ်မှာပဲ ထိုးသတ်ရရ ကြိုးဝိုင်းထဲရောက်ရင် ကျွန်တော် Fighting နဲ့ ပတ်သက်လို့ ခံယူထားတဲ့ သဘောထားနဲ့ အမြင်က အတူတူပါပဲ။ အခုကန်နဲ့ ထိုးသတ်ရမယ့်ပွဲက ကျွန်တော်ထိုးခဲ့သမျှ ပွဲတွေထဲမှာ အကောင်းဆုံးပွဲဖြစ်မယ်လို့ ထင်ပါတယ်။ အကောင်းဆုံးလည်း ကြိုးစားသွားပါမယ်။ ကျွန်တော့်ကို ချစ်ကြတဲ့ပရိသတ်တွေရဲ့ အားပေးမှုနဲ့ ချစ်ခြင်းမေတ္တာကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော့်ကို အားပေးသလို တီရဲလ်ထန်ကိုလည်း အားပေးကြဖို့လည်း ပြောချင်ပါတယ်။ တီရဲလ်ထန် ထိုးမယ့်ပွဲမှာလည်း ကျွန်တော့်သူ့အနားမှာရှိနေမှာပါ”ဟု ပြောကြားသည်။

ထို့အပြင် မတ် ၈ ရက် ရန်ကုန်မြို့၌ ကျင်းပမည့် ONE:REIGN OF VAKOR ပွဲတွင် မြန်မာနိုင်ငံသား တီရဲလ်ထန်က ကမ္ဘောဒီးယား ခမာလက်ဝှေ့ကစားသမား Rin Saroth နှင့် ၆၈ ကီလိုဝိတ်တန်း၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။ တီရဲလ်ထန်က “ကျွန်တော့်အတွက်တော့ ဝမ်းချန်ပီယံရှစ်မှာ ဝင်ရောက်ကစားဖြစ်ဖို့ရယ်၊ နောက်ကိုအောင်လက ဝမ်းချန်ပီယံရှစ်မှာ ဝင်ရောက်ကစားဖို့ရယ်၊ နောက်ကိုအောင်လက လေ့ကျင့်သင်ကြားပေးတယ်ဆိုတာ အမြဲတမ်းမက်ခဲ့ရတဲ့ အိပ်မက်ပါ။ ကျွန်တော့်အနေနဲ့လုပ်နိုင်သမျှ နေ့တိုင်း လေ့ကျင့်မှုတွေ၊ ပြင်ဆင်မှုတွေကို အမြဲပဲ ပြုလုပ်နေပါတယ်။ ကိုအောင်လကို အပြည့်အဝယုံကြည်တယ်။ ကျွန်တော့်ရဲ့ ရှေ့လမ်းပြတစ်ယောက်အဖြစ် အမြဲ စံထားရတဲ့လူပါ။ ကျွန်တော်အမိမြေမှာ ထိုးသတ်ရမယ့်အတွက်လည်း အလွန်ကို ပျော်ရွှင် မိပါတယ်။ နောက်ပြီး ပရိသတ်တွေနဲ့လည်း တွေ့ချင်နေပါပြီ။ မတ် ၈ ရက် ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။ လာရောက်အားပေးကြပါလို့ ပြောချင်ပါတယ်”ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသား “The Dragon Leg” တီရဲလ်ထန်သည် ဝမ်းချန်ပီယံရှစ်ဖယ်သာဝိတ်တန်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသက် ၂၅ နှစ်အရွယ် ကိုယ်ခံပညာကစားသမားတစ်ဦးဖြစ်ပြီး ချင်းပြည်နယ် ဟားခါးမြို့၌Greco-Romanp တိုင်လ်နပန်းကို လေ့ကျင့်ခဲ့ပြီး Hard knocks 365 တွင် ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီသည့် ကိုယ်ခံပညာကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။

ယင်းအပြင် တီရဲလ်ထန်သည် အပျော်တမ်းပွဲများတွင် အနိုင်ရရှိခဲ့ပြီး ယခုပွဲသည်၎င်း၏ ဝမ်းချန်ပီယံရှစ်တွင် ပထမဦးဆုံး ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲဦးထွက်ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

---

● *ကျော့ဖုံးမှ*

မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးပြန်ပေးလိုက်ရသော်လည်း ဒုတိယပိုင်းတွင် ပုံစံကောင်းဖြင့် ပြန်လာနိုင်ခဲ့ပြီး အနိုင်ဂိုးများရအောင် ကစားနိုင်ခဲ့သည်။ ၅၂ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး ခင်မိုးဝေ ဖန်တီးပေးသောဘောလုံးကို ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး ၆၂ မိနစ်တွင် ရီရီဦးက အဝေးကန်ချက်ဖြင့် တတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် တတိယဂိုးရပြီးနောက်ပိုင်းတွင် ပွဲကိုစိုးမိုးနိုင်ခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

### ဆုကြေးငွေများ ရရှိ

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရ မြန်မာအသင်းက ဆုတံဆိပ်၊ ချန်ပီယံဆုဖလားနှင့် ဆုကြေး၊ ဒုတိယဆုရ နီပေါအသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေများ ရရှိသည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ဝင်းသိင်္ဂီထွန်း (မြန်မာ)၊ အကောင်းဆုံးဂိုးသမားဆုကို ဇာဇာမြင့် (မြန်မာ)၊ အသန့်ရှင်းဆုံးအသင်းဆုကို မြန်မာအသင်းတို့က ရရှိပြီး သွင်းဂိုးအများဆုံးဆုကို ရီရီဦး(မြန်မာ)နှင့် ဆာမီထရာ(နီပေါ)တို့က ပူးတွဲရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာရန် အမေရိကန်သမ္မတ စီစဉ်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယာဂိုမြို့တွင် နယ်စပ်တံတိုင်းကာရံရေးအတွက် ရှေ့ပြေးနမူနာပုံစံများကို ၂၀၁၈ ခုနှစ် မတ် ၁၃ ရက်က စစ်ဆေးနေစဉ်။

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

ရွှေ့ပြောင်းအခြေချသူများ မက္ကဆီကိုဘက်မှ အမေရိကန်ထဲသို့ တရားမဝင် ဝင်ရောက်ခြင်းကို တားဆီးရန် မိုင်ပေါင်းရာချီရှိသည့် တောင်ဘက်နယ်စပ်တံတိုင်းကာရံရေး ရန်ပုံငွေအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် “နိုင်ငံတော်အရေးပေါ် အခြေအနေ” ကြေညာရန် ကြာသပတေးနေ့က စီစဉ်ခဲ့သည်။

ထို့အပြင် အမေရိကန်သမ္မတ ထရမ့်သည် အစိုးရယန္တရားရပ်ဆိုင်းမှုမဖြစ်ရန် အသုံးစရိတ်ဥပဒေကြမ်းကိုလည်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောသည်။ အဆိုပါ အသုံးစရိတ်ဥပဒေမူကြမ်းတွင် နယ်စပ်တံတိုင်းကာရံရေးအတွက် အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၅ ဘီလီယံသာ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပါရှိသည်။ အဆိုပါ ပမာဏသည် ထရမ့်တောင်းဆိုထားသည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် အတော်နည်းကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာရန် ကျိစယ်သလိုလိုနှင့် မကြာခဏ ပြောလေ့ရှိသည်။ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာနိုင်လျှင် ပြည်ထောင်စုအသုံးစရိတ်ပိုင်းတွင် လွတ်လပ်ခွင့်ရရှိမည်ဖြစ်သည်။ လတ်တလောတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရသည် နယ်စပ်အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် နယ်စပ်မှ တရားမဝင်ဖြတ်ကျော်လာသူပေါင်း တစ်သိန်းကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ယခုနည်းဖြင့် နယ်စပ်တံတိုင်းကာရံရေး ကြိုးစားမှုသည် လွှယ်ကူစွာမပြီးမြောက်ဘဲ ဥပဒေကြောင်းအရ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

နိုင်ငံတော်အရေးပေါ်အက်ဥပဒေအရ အမေရိကန်နိုင်ငံသမ္မတထရမ့်သည် နိုင်ငံတော်အရေးပေါ်အခြေအနေကို ကြေညာပိုင်ခွင့်ရှိပြီး မည်သည့်အတွက်ကြောင့် ယခုလိုပြဋ္ဌာန်းကြောင်း တိကျခိုင်လုံသော အကြောင်းပြချက်ပေးရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# လက်နက်ကိုင်ပဋိပက္ခများနှင့် ယင်း၏အကျိုးဆက်ကြောင့် တစ်နှစ်လျှင် ကလေးငယ်ပေါင်း တစ်သိန်းခန့်သေဆုံး

**မြူးနစ် ဖေဖော်ဝါရီ ၁၅**

လက်နက်ကိုင်ပဋိပက္ခများနှင့် စစ်ပွဲများ၊ ယင်း၏အကျိုးဆက်များကြောင့် တစ်နှစ်လျှင် ကလေးငယ်ပေါင်း အနည်းဆုံး တစ်သိန်းခန့် သေဆုံးခဲ့ကြောင်း Save the Children International က ဖေဖော်ဝါရီ ၁၅ ရက်က ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လက်နက်ကိုင်ပဋိပက္ခများနှင့် ယင်း၏အကျိုးဆက်ကို အဆိုးရွားဆုံးခံစားနေရသည့် နိုင်ငံ ၁၀ နိုင်ငံတွင် အနည်းဆုံး မွေးကင်းစကလေးငယ်ပေါင်း ၅၅၀၀၀၀ ခန့် သေဆုံးခဲ့ကြောင်း အဆိုပါအဖွဲ့က ဖော်ပြခဲ့သည်။



ဆီးရီးယားစစ်ပွဲကြောင့် နေရပ်ရှောင်ထွက်ခွာနေသည့် မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

စစ်ပွဲနှင့် ယင်းနှင့်ဆက်စပ်သော ဆိုးကျိုးများအပါအဝင် အစာငတ်ခြင်း၊ ဆေးရုံများနှင့် အခြေခံအဆောက်အအုံများ ဖျက်ဆီးခံရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်း၊ ရေဆိုးထုတ်စနစ်သန့်စင်ကောင်းမွန်မှု မရှိခြင်း၊ ထောက်ပံ့ပစ္စည်းများမရရှိခြင်း စသည့်အကြောင်းများကြောင့် ယခုလို သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကလေးများသည် အသတ်ခံရခြင်း သို့မဟုတ် သေရာပါဒဏ်ရာရရှိအောင် ပြုလုပ်ခံရခြင်းနှင့် လက်နက်ကိုင်အဖွဲ့များ၏ လူသစ်စုဆောင်းခံရခြင်း၊ ပြန်ပေးဆွဲခံရခြင်းနှင့် လိင်ကျေးကျွန်အဖြစ်ကျရောက်ခြင်း စသည်တို့ကိုလည်း ရင်ဆိုင်ခံစားနေရကြောင်း အဆိုပါအဖွဲ့က ဖော်ပြထားသည်။

လွန်ခဲ့သော ဆယ်စုနှစ်လွန်ကာလကတည်းက ကလေးငါးဦးလျှင် တစ်ဦးနှုန်းသည် ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် နေထိုင်နေရကြောင်း အဆိုပါအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဟယ်လီသောနင်း-စကာမစ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ကလေးများ အသတ်ခံရခြင်း သို့မဟုတ် သေရာပါဒဏ်ရာရရှိအောင် လုပ်ဆောင်ခံရခြင်းသည် သုံးဆခန့် ပိုမိုများပြားကြောင်းနှင့် တချို့ဆိုလျှင် ကလေးများအား စစ်လက်နက်များသဖွယ် လူသားအကာအကွယ်များအဖြစ် တိုက်ပွဲများတွင် အသုံးချနေကြကြောင်း အဆိုပါအဖွဲ့က ဆက်လက်ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# ဗင်နီဇွဲလားနိုင်ငံကို နိုင်ငံပေါင်း ၂၅ နိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အကျပ်အတည်းဆိုက်နေသော နိုင်ငံကိုကူညီရန် အမေရိကန်ပြည်ထောင်စုအဖွဲ့ (OAS) မျက်နှာစုံညီအစည်း အဝေးပြုလုပ်ပြီးနောက် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ဗင်နီဇွဲလားနိုင်ငံကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ အကူအညီများပေးရန် ကတိပြုခဲ့ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောကြားသည်။

“ဗင်နီဇွဲလားနိုင်ငံကို လူသားချင်းစာနာကူညီမှုဆိုင်ရာပစ္စည်းများ ထောက်ပံ့ဖို့ ဒီနေ့ ၂၅ နိုင်ငံ အစည်းအဝေးလုပ်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းများကူညီဖို့ သဘောတူခဲ့ကြပါတယ်” ဟု ၎င်းက ပြောသည်။

ဗင်နီဇွဲလားနိုင်ငံကို ကူညီရန် OAS မျက်နှာစုံညီအစည်းအဝေး၏ ညှိနှိုင်းရေးမှူးဖြစ်သူ ဒေးဗစ်စမိုလန်စကီက ထောက်ပံ့ငွေများကို အလှူခံဌာနသို့ တိုက်ရိုက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။ အလှူခံဌာနသည် ကိုလံဘီယာနှင့် ဘရာဇီးနယ်စပ်တွင် ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တွင် ပြုလုပ်ခဲ့သော ဗင်နီဇွဲလားနိုင်ငံအား ကူညီရန် OAS မျက်နှာစုံညီအစည်းအဝေးအဖွင့်တွင် အမေရိကန်ပြည်ထောင်စုမှ ကိုယ်စားလှယ် ကားလို့စ်ဗက်ချီယိုက အရေးကြီးဆုံးမှာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အကူအညီများရောက်ရှိရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း အကူအညီပစ္စည်းများ ဝင်ရောက်ခွင့်ပြုရေး အတိုက်အခံသမ္မတ ဂျူအန်ဂွိုက်ဒိုနှင့် လက်ရှိသမ္မတ နီကိုလက်စ်မာဒူရိုတို့ကြား အဆင်မပြေမှုများ ဖြစ်ပွားလျက်ရှိသည်။ မာဒူရိုကလည်း အကူအညီပေးရေးအစီအစဉ်မှတစ်ဆင့် အမေရိကန်စစ်ရေးအရ ကြားဝင်မည်ကို စိုးရွံ့နေသလို ဂျူအန်ဂွိုက်ဒိုကလည်း အကူအညီပစ္စည်းများရောက်ရှိရေး စိတ်အားထက်သန်လျက်ရှိသည်။

ဗင်နီဇွဲလားနိုင်ငံသည် ခေတ်သစ်သမိုင်းတွင် စီးပွားရေးချွတ်ခြုံကျလျက်ရှိသလို ငွေကြေးဖောင်းပွမှုများလည်း အဆမတန်မြင့်တက်လျက်ရှိသည်။ **အေအက်ဖ်ပီ**

# အိုင်အက်စ်စစ်သွေးကြွနှင့် ပူးပေါင်းရန် ဗြိတိန်မှထွက်ခွာသွားသူအမျိုးသမီး နေရပ်ပြန်ချင်

**ဆီးရီးယား ဖေဖော်ဝါရီ ၁၅**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ပူးပေါင်းရန် လန်ဒန်မှ ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားသူ ဗြိတိသျှဆယ်ကျော်သက်မိန်းကလေးတစ်ဦး ဗြိတိန်နိုင်ငံကို ပြန်လာချင်ကြောင်း ပြောဆိုသည့်ကိစ္စကို သည်တိုင်းမ်သတင်းစာတွင် ယမန်နေ့က ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်အရွယ် ရှာမီမာဘီဂမ်သည် အိုင်အက်စ်စစ်သွေးကြွများ၏ မြို့တော်အဖြစ်ကြေညာခဲ့သည့် ဆီးရီးယားနိုင်ငံ ရက်ဂွါမြို့ကိုရောက်ရှိပြီး ၁၀ ရက်အကြာတွင် ဒတ်ချ်စစ်သွေးကြွတစ်ဦးနှင့် လက်ထပ်ခဲ့ပြီး ကလေးနှစ်ဦးဖွားမြင်ခဲ့သော်လည်း မကျန်းမာသောကြောင့် ကလေးနှစ်ဦးလုံး သေဆုံးခဲ့သည်။ ထို့အပြင် သူ့တွင် နောက်ထပ် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုကိုယ်ဝန်ကို စိတ်ချလက်ချမွေးဖွားရန် ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်းမှ လွန်ခဲ့သည့် နှစ်ပတ်ခန့်က ဘီဂမ်ကို ထွက်ပြေးခဲ့သည်။

ရှာမီမာဘီဂမ်သည် ဆီးရီးယားနိုင်ငံတွင် အိုင်အက်စ်စစ်သွေးကြွများနှင့် ပူးပေါင်းရန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ဗြိတိန်နိုင်ငံမှ ထွက်ခွာခဲ့ကြောင်း သိရသည်။ ၎င်းနှင့် အတူ တခြားကျောင်းသူနှစ်ဦးလည်း လိုက်ပါလာကြောင်းသိရပြီး တစ်ဦးမှာ ဗုံးထိမှန်ခဲ့ ကာ ကျန်တစ်ဦးမှာ ဘယ်ရောက်နေမှန်းမသိဖြစ်နေကြောင်း သိရသည်။

ဘယ်ဂန်အနေဖြင့် အိုင်အက်စ်များနှင့် ပူးပေါင်းသည့်ကိစ္စနှင့် ပတ်သက်ပြီး ဗြိတိန်ပြန်ရောက်လာလျှင် တရားစွဲခံရဖွယ်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အော်ပိုကျူနတီနှင့် စပရစ်အာကာသစူးစမ်းရေးယာဉ်၏ လုပ်ငန်းများကို အဆုံးသတ်ကြောင်း နာဆာကြေညာ


**ဝါရှင်တန်ဒီစီ အောက်တိုဘာ ၁၅**

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ၁၄ နှစ်ကြာ သွားလာစူးစမ်းနေသည့် အော်ပိုကျူနတီ အာကာသစူးစမ်းရေးယာဉ်ငယ်၏ လုပ်ငန်းများကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန် အာကာသလေ့လာရေး အေဂျင်စီ နာဆာက ယမန်နေ့က ကြေညာလိုက်သည်။

အင်္ဂါဂြိုဟ်ပေါ်တွင် သဲမုန်တိုင်းဒဏ်ခံခဲ့ရပြီးနောက် စူးစမ်းရေးယာဉ်ငယ်နှင့် ကမ္ဘာမြေထိန်းချုပ်ရေးစခန်းတို့ ရှစ်လခန့် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း သိရသည်။ ပြန်လည်ဆက်သွယ်နိုင်ရန် သိပ္ပံပညာရှင်များက အကြိမ်ပေါင်း ၈၀၀ ကျော် ကြိုးစားခဲ့သော်လည်း အဆက်အသွယ် မရရှိခဲ့ပေ။

ယမန်နေ့က ပြန်လည်အဆက်အသွယ်ရရှိရန် နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားခဲ့ပြီးနောက် အကြောင်းမထူးသည့်အတွက် သိပ္ပံပညာရှင်များက လက်လျှော့ခဲ့ကြောင်း သိရသည်။

အော်ပိုကျူနတီ စူးစမ်းရေးယာဉ်၏ လုပ်ဆောင်ချက်များကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ယင်း၏လုပ်ငန်းများကိုလည်း ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း နာဆာမှ သိပ္ပံဆိုင်ရာ တာဝန်ရှိသူ သောမတ်ဇူဘူချန်က ပြောကြားသည်။



အော်ပိုကျူနတီ အာကာသစူးစမ်းလေ့လာရေးယဉ်ငယ်ကို တွေ့ရစဉ်။

အော်ပိုကျူနတီ အာကာသစူးစမ်းရေးယာဉ်ကို ၂၀၀၃ ခုနှစ်တွင် အာကာသသို့ လွှတ်တင်ခဲ့ပြီး နောက်တစ်နှစ်အကြာတွင် အင်္ဂါဂြိုဟ်ပေါ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ယင်းနှင့်အတူ အင်္ဂါဂြိုဟ်ပေါ် ရောက်နေသည့် စပရစ်အာကာသစူးစမ်းရေးယာဉ်ငယ်တို့ကြောင့် နှစ်နှင့်ချီကာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်မှ ကျောက်တုံးကျောက်သားများ၏ အနေအထားနှင့် အလွန်သေးငယ်သည့်ပိုးမွှားများ ရှင်သန်နေထိုင်နိုင်ကြောင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည်။

စပရစ်စူးစမ်းရေးယာဉ်ငယ်လည်း ၂၀၀၉ ခုနှစ်တွင် ရှေ့ဆက်မသွားနိုင်အောင် တစ်နေရာတွင် ညပ်နေခဲ့ပြီးနောက် တစ်နှစ်အကြာတွင် နာဆာနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း သိရသည်။ အဆိုပါယာဉ်ငယ်နှစ်စီးလုံး နေစွမ်းအင်နှင့် သွားလာနိုင်ရန် ဆိုလာပြားများ တပ်ဆင်ထားကြောင်းနှင့် သုံးဘီးကားအငယ်စားပမာဏခန့်ရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ရခိုင်ပြည်နယ်ထဲမှာရှိနေတဲ့ အလားအလာကောင်းတွေကို ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေသိပြီးတော့ လာရောက်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ဖို့ စိတ်ဝင်စားလာအောင် ဖိတ်ခေါ်ချင်လို့ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲကို ပြုလုပ်တာဖြစ်ပါတယ်

**ဒေါက်တာထူးမင်းသိမ်း(အတွင်းရေးမှူး၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ)**

**ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် ဒေသခံပြည်သူတစ်ဦးချင်းစီ၏ အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေတိုးတက်ရရှိမှုအခြေအနေများ တိုးတက်လာကာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းများ ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မည့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Rakhine State Investment Fair 2019) ကို ရခိုင်ပြည်နယ် သံတွဲမြို့ငပလီကမ်းခြေ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ရာ ပြပွဲနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထူးမင်းသိမ်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**



ဒေါက်တာထူးမင်းသိမ်း (အတွင်းရေးမှူး၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ)

**မေး။ ။ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (Rakhine State Investment Fair - 2019) ပြုလုပ်ဖြစ်တဲ့ အကြောင်းရင်းကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်မှာ Investment Forum တစ်ခု ကျင်းပဖို့ ရခိုင်ပြည်နယ်အစိုးရအနေနဲ့ စတင်စီစဉ်ပါတယ်။ အဲဒီဖိုရမ်ကနေ တဖြည်းဖြည်းဆွေးနွေးရင်းနဲ့ ပြပွဲပြုလုပ်မယ့်အထိ ဖြစ်သွားတာပါ။ Investment Forum ဆိုတာက ဆွေးနွေးပွဲသဘောမျိုးပါ။ Investment Fair ဆိုတော့ ပိုပြီးကျယ်ပြန့်သွားတယ်။ အဲဒီမှာဘာတွေပါမလဲဆိုတော့ ဆွေးနွေးပွဲတွေ၊ ပြပွဲတွေပါမယ်၊ ပြခန်းတွေလည်းပါမယ်။ နောက်ပြီး လာတဲ့ဧည့်သည်တွေ လေ့လာရေးသွားနိုင်အောင်လည်း စီစဉ်ရတာပေါ့။ ပုံမှန်ဆို Investment ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ ပူးပေါင်းကူညီပြီးဆောင်ရွက်ပေးပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလမှာဆိုရင်လည်း ဧရာဝတီတိုင်းဒေသကြီးမှာ ကျင်းပခဲ့ပါတယ်။ မန္တလေး၊ တောင်ကြီး၊ ကယား အဲဒီမြို့တွေမှာလည်း ဆောင်ရွက်ခဲ့တယ်။ အခုဒီပွဲက ရခိုင်ပြည်နယ်အစိုးရကနေပြီးကျင်းပဖို့ စစီစဉ်တယ်။ ပြီးရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ပူးပေါင်းပြီးတော့ ဒီပွဲကို အကောင်အထည်ပေါ်အောင် ဆက်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ဒီပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ဒီပွဲလုပ်ရတဲ့အဓိကရည်ရွယ်ချက်က ရခိုင်ပြည်နယ်မှာဆိုရင် ရင်းနှီးမြှုပ်နှံမှုလုပ်လို့ရမယ့် အလားအလာကောင်းတွေ အများကြီးရှိပါတယ်။ ဘက်စုံကဏ္ဍစုံနေရာတိုင်းမှာ အများကြီးရှိပါတယ်။ လျှပ်စစ်ဆိုရင်လည်း ရခိုင်ပြည်နယ်ဒေသတော်တော်များများမှာ မဟာဓာတ်အားလိုင်းကနေ ရရှိနေပြီဖြစ်တဲ့အတွက် ဒါဟာကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအတွက်လည်း အလားအလာကောင်းပါတယ်။ အဲဒီလိုမျိုး ရခိုင်ပြည်နယ်ထဲမှာရှိနေတဲ့ အလားအလာကောင်းတွေကို ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေ သိပြီးတော့ လာရောက်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ဖို့ စိတ်ဝင်စားလာအောင် ဖိတ်ခေါ်ချင်လို့ ဒီပွဲကို ပြုလုပ်တာ ဖြစ်ပါတယ်။ ဒီပွဲကနေတစ်ဆင့် ပြည်နယ်ထဲမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မယ့် အလားအလာကောင်းတွေကို ဖော်ထုတ်ပြီးပြသမယ်၊ ဖိတ်ခေါ်မယ်။

နောက်ရည်ရွယ်ချက်တစ်ခုက ရခိုင်ပြည်နယ်မှာဆိုရင် ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ (Tourist Attraction) ဒေသတွေ အများကြီးရှိပါတယ်။ သဘာဝအလှကမ်းခြေတွေရှိတယ်၊ မြောက်ဦးမှာဆိုရင် ရှေးဟောင်းအမွေအနှစ် နယ်မြေတွေရှိတယ်။ ဒီဒေသတွေမှာ ခရီးသွားတွေ ပိုမိုဝင်ရောက်လာအောင် မြှင့်တင်ချင်တဲ့အပိုင်းလည်းရှိပါတယ်။ နောက်တစ်ချက်က ဒေသတွင်းမှာ ဘာကြုံတွေ့နေရသလဲဆိုရင် အလုပ်အကိုင်ရှားပါးမှုပါ။ တစ်နည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမယ်ဆိုရင် တစ်ဦးချင်းရဲ့အလုပ်အကိုင်ရရှိမှုတွေ၊ အခွင့်အလမ်းတွေ ပိုများလာမယ်။ တစ်ဦးချင်းဝင်ငွေပိုများလာမယ်စသဖြင့် ဒီဒေသဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာဖို့အတွက်လည်း ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရည်ရွယ်ချက်ထားရှိပါတယ်။

နောက်ပြီးတော့ ရခိုင်ပြည်နယ်မှာ ပဋိပက္ခလေးတွေရှိတယ်။ ဒါသည် ရခိုင်ပြည်နယ်တစ်ခုလုံးကို ကိုယ်စားမပြုဘူး။ မြောက်ပိုင်းဒေသအချို့မှာပဲ ပဋိပက္ခဖြစ်တာဖြစ်ပြီး ရခိုင်ပြည်နယ်တစ်ခုလုံးကို ကိုယ်စားမပြုပါဘူး။ ဒါကြောင့် ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ကျန်တဲ့နေရာတွေမှာ အေးအေးချမ်းချမ်းနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်နိုင်တယ်ဆိုတဲ့ အကြောင်းကိုလည်း ပြသချင်တာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ပေါ်လာမယ်ဆိုရင် ဒါဟာရခိုင်ပြည်နယ်ရဲ့ ရေရှည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကကျတဲ့ဖြေရှင်းနည်းတစ်ခုလို့ ယုံကြည်ပြီးတော့ ဒီပွဲကို စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်။

**မေး။ ။ အခု Rakhine Investment Fair 2019 ကျင်းပပြီးရင် ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်တိုးတက်လာမယ့် အခြေအနေတွေနဲ့ပတ်သက်ပြီး သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ အခုပွဲ အောင်အောင်မြင်မြင်ကျင်းပပြီးရင် ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်ရောက်လာဖို့ အလားအလာတွေရှိပါတယ်။ အခုလက်ရှိအခြေအနေမှာ အားလုံးသိကြတဲ့အတိုင်း ရခိုင်ဆိုတာနဲ့ အထင်မှားတာတွေရှိတယ်။ အဲဒီတော့ အခုဒီပွဲကို ကိုယ်တိုင်ကိုယ်ကျ လာတက်ခြင်းအားဖြင့် ရခိုင်ပြည်နယ်ရဲ့တည်ငြိမ်အေးချမ်းမှုတွေကို မျက်ဝါးထင်ထင် မြင်တွေ့သွားမယ်။ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေရော၊ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေပါ ဒီကို ရောက်လာကြမယ်။ ရင်းနှီးမြှုပ်နှံနိုင်မယ့်အခွင့်အလမ်းတွေကို လက်တွေ့မြင်တွေ့သွားမယ်။ အဲဒီလိုတွေ့သွားတဲ့အခါ ပြည်နယ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးစီးဝင်လာနိုင်တယ်။



ဒီပွဲအတွက် အလားအလာအများကြီးကောင်းတာက အခု ကျွန်တော်တို့ ဘာပြောလို့ရသလဲဆိုရင် အခုပွဲတက်ရောက်ဖို့ကို registration ကို website ကနေတစ်ဆင့်လုပ်ရတယ်။ အဲဒီလိုမျိုး registration လုပ်တဲ့ ဦးရေသည် နောက်ဆုံးစာရင်းသွင်းရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၈ ရက်အထိ ၃၅၆ ဦးရှိတယ်။ အဲဒီအထဲမှာ ၅၄ ရာခိုင်နှုန်းကျော်ဟာ နိုင်ငံခြားသားတွေဖြစ်ပါတယ်။ သံရုံးတွေပါမယ်၊ စီးပွားရေးအဖွဲ့အစည်းတွေပါမယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေပါတယ်။ နိုင်ငံတကာသတင်းမီဒီယာတွေပါတယ်။ အဲဒီတော့ လက်ရှိအနေအထားအရပြောရရင် ဒီပွဲကို တက်ရောက်ချင်တဲ့ လူဦးရေရဲ့တစ်ဝက်ကျော်က ပြည်ပက ဖြစ်တဲ့အတွက်ကြောင့် ပြည်ပကနေ စိတ်ဝင်စားမှုတွေ ပိုများပါတယ်။ ဒါသည် ကျွန်တော်တို့အတွက် အလားအလာအများကြီးကောင်းပါတယ်။ ရှေ့မှာ ကျင်းပခဲ့တဲ့ ပွဲတွေနဲ့ နှိုင်းစာကြည့်မယ်ဆိုရင် နိုင်ငံခြားသားတက်ရောက်မှုအများဆုံးလို့ ပြောလို့ရပါတယ်။

**မေး။ ။ အခုဒီပွဲကို ပြည်နယ်ကဦးစီးပြီးလုပ်တာလား၊ နိုင်ငံတော်ကနေဦးစီးပြီးလုပ်တာလားဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ တကယ်ကတော့ ကိုယ့်ပြည်နယ်ရဲ့ အခွင့်အလမ်းတွေ ဖော်ထုတ်တဲ့ ပွဲဖြစ်တဲ့အတွက် ပြည်နယ်ကနေ အဓိက ဦးစီးပြီးတော့ ကျင်းပတာပါ။ ဒါပေမယ့် ဒီပွဲမှာဆွေးနွေးပွဲတွေပါတယ်။ ဆွေးနွေးပွဲတွေမှာ ဆွေးနွေးပေးမယ့်သူတွေကတော့ နိုင်ငံတော်အဆင့်ကနေ လာပြီးဆွေးနွေးပေးမှာ ဖြစ်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲ သုံးခုတောင်ပါပါတယ်။ အဲဒီမှာ ရခိုင်ပြည်နယ်သာမက တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ ဝန်ကြီးဌာနတွေရဲ့ စီးပွားရေးဆိုင်ရာမူဝါဒတွေ၊ ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး ချမှတ်ထားတဲ့ မူဝါဒတွေကို ရှင်းလင်းဆွေးနွေးပေးမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာကဏ္ဍအလိုက် ညွှန်ကြားရေးမှူးချုပ်တွေကိုယ်တိုင် လာရောက်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ နောက်ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့၊ ရေနက်ဆိပ်ကမ်းတို့နဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး level လောက်က ရှင်းလင်းဆွေးနွေးပေးနိုင်ဖို့ လက်ရှိတော့ စီစဉ်ထားတာဖြစ်ပါတယ်။

**မေး။ ။ အခုလုပ်မယ့်ရင်းနှီးမြှုပ်နှံမှုပြပွဲကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ပိုစိတ်ဝင်စားတယ်ဆိုတော့ ဘယ်နိုင်ငံတွေက အများဆုံးစိတ်ဝင်စားသလဲဆိုတာပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ လက်ရှိ register လုပ်ထားတာကတော့ နိုင်ငံတွေအများကြီးပါ။ တော်တော်များပါတယ်။ အဲဒီအထဲမှာမှ စာရင်းအရ ထိုင်းနိုင်ငံနဲ့ ဂျပန်နိုင်ငံက အများဆုံးပါ။ အဲဒီကလုပ်ငန်းရှင်တွေ အများဆုံး register လုပ်ထားတာကို တွေ့ရပါတယ်။ ကျန်တဲ့နိုင်ငံတွေထဲမှာ အာရှနိုင်ငံတွေသာမက ဥရောပနိုင်ငံတွေပါ ပါပါတယ်။ လက်ရှိ register လုပ်ထားမှုအရဆိုရင် နိုင်ငံတကာသံရုံးတွေက သံအမတ်ကြီးတွေလည်း တက်ရောက်ဖို့ ရှိပါတယ်။

**မေး။ ။ အဲဒီလိုလာရောက်ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်တဲ့နေရာမှာ ဘယ်ကဏ္ဍတွေက ပိုအလေးသာလာမယ်ထင်ပါသလဲ။**

ဖြေ။ ။ အခုဒီပွဲမှာ ကျွန်တော်တို့အဓိက promote လုပ်ချင်တဲ့ sector တွေက ပိုအလေးသာလာမှာပါ။ အဓိကက ဒီပြည်နယ်အနေနဲ့ လိုအပ်နေတဲ့ကဏ္ဍတွေဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍက ပိုအလေးသာလာမှာပါ။ ရခိုင်ပြည်နယ်မှာ မြေတွေရှိတယ်၊ သဘာဝအခြေခံကောင်းတွေရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘာတွေလိုလဲဆိုတော့ နည်းပညာတွေ၊ အရင်းအနှီးတွေလိုနေတယ်။ အဲဒီလိုအပ်ချက်တွေအပေါ်မှာ စိတ်ဝင်စားတဲ့ နိုင်ငံတွေက ဒီကဒေသခံတောင်သူတွေနဲ့ အကျိုးတူပူးပေါင်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေဆောင်ရွက်နိုင်တယ်။ နောက်ပြီး မွေးမြူရေးနဲ့ ရေလုပ်ငန်းဆိုရင်လည်း အလားတူပါပဲ၊ ကျွန်တော်တို့ဆီမှာက ရေလုပ်ငန်းမှာ ငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေးလုပ်တယ်ဆိုရင် ရိုးရာနည်းနဲ့ပဲ လုပ်ကြတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ အထွက်နှုန်းကျတာမျိုးတွေရှိတယ်။ နိုင်ငံတကာက နည်းပညာတွေနဲ့ ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေဝင်လာမယ်ဆိုရင် နှစ်ဦးနှစ်ဖက် အကျိုးရှိလာမယ်။ အစိုးရကနေ အဓိကဖိတ်ခေါ်တဲ့ ကဏ္ဍတွေဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွေမှာ အဓိကဦးတည်ပြီး ဖိတ်ခေါ်ပါတယ်။

နောက်ပြီး manufacturing ကဏ္ဍဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာဆို စက်ရုံ၊ အလုပ်ရုံတွေ တော်တော်နည်းပါသေးတယ်။ အခုဆိုရင် လျှပ်စစ်မီးလည်း နေရာတိုင်းမှာ လုံလုံလောက်လောက်ရနေပြီဖြစ်တဲ့အတွက် ထုတ်လုပ်ရေးကဏ္ဍတွေကိုလည်း ဖိတ်ခေါ်ပါတယ်။ နောက်တစ်ခု infrastructure လို့ခေါ်တဲ့ အခြေခံအဆောက်အအုံကဏ္ဍပါ။ ရခိုင်ပြည်နယ်မှာ အဓိက လိုအပ်နေတဲ့ အခြေခံအဆောက်အအုံကဏ္ဍတွေမှာ ပိုပြီးတော့ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ အဓိက ဝင်ရောက်လာဖို့မျှော်မှန်းတာကတော့ မွေးမြူရေးနဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံသူတွေ ပိုပြီးတော့ဝင်ရောက်လာနိုင်မယ်လို့ခန့်မှန်းပါတယ်။ ဒ့ါအပြင် Hotel & Tourism ကဏ္ဍတွေမှာ ပိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာနိုင်တယ်လို့ ခန့်မှန်းပါတယ်။

**မေး။ ။ မာန်အောင်ကျွန်းမှာ လုပ်ဆောင်မယ့် ရင်းနှီးမြှုပ်နှံမှုအပိုင်းကရော ဘယ်လိုရှိမလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ မာန်အောင်ကျွန်းမှာ potential အရှိဆုံးကတော့ ဟိုတယ်နဲ့ Eco Tourism ပါ။ သဘာဝ အခြေခံခရီးသွားလုပ်ငန်းဖြစ်တယ်။ မာန်အောင်ကျွန်းမှာက မထိမတွေ့ရသေးတဲ့ သဘာဝကမ်းခြေတွေအများကြီးရှိတယ်။ အစိုးရကနေပြီးတော့ Eco Tourism ကဏ္ဍကို မြှင့်တင်ပေးဖို့ ဆောင်ရွက်နေတာရှိပါတယ်။ မာန်အောင်ကျွန်းမှာက လျှပ်စစ်ဓာတ်အားလည်း လိုအပ်နေသေးတယ်။ လျှပ်စစ်ဓာတ်အား လိုအပ်တဲ့အတွက် Solar နဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ဓာတ်အားပေးတဲ့ ကုမ္ပဏီတွေရှိတယ်။ သူတို့အနေနဲ့လည်း ဒီအပေါ်မှာဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ကို ကမ်းလှမ်းတာတွေ ရှိပါတယ်။

လက်ရှိမာန်အောင်ကျွန်းမှာ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုပေးထားတဲ့ လုပ်ငန်းနှစ်ခုရှိသွားပြီ။ တစ်ခုက အုန်းသီးကနေ အော်ဂဲနစ်ပေါ့။ မာန်အောင်ကျွန်းက တကယ့်ကို သီးခြားဖြစ်နေတဲ့အတွက် အော်ဂဲနစ်အုန်းသီးကနေပြီးတော့ ဖျော်ရည်တွေ၊ အလှကုန်ပစ္စည်းတွေ၊ စားသောက်ကုန်ပစ္စည်းတွေ၊ အုန်းသီးကနေအခြေခံပြီးထုတ်လုပ်တဲ့ စားသောက်ကုန်လုပ်ငန်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်မယ့်စက်ရုံတစ်ခု ကျွန်တော်တို့ ခွင့်ပြုမိန့်ပေးထားပါတယ်။ နောက်တစ်ခုက မာန်အောင်ကျွန်းမှာပဲ Eco Tourism အတွက် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ခွင့်ပြုပေးထားတာရှိပါတယ်။ မာန်အောင်မှာက သယ်ယူပို့ဆောင်ရေးလိုအပ်ချက်ရှိနေတယ်။ အဲဒီအတွက် မာန်အောင်လေယာဉ်ကွင်းကို တိုးချဲ့ဖို့ အစီအစဉ်တွေရှိပါတယ်။

**မေး။ ။ ဒီပွဲမှာ ပြခန်းတွေကို ဘယ်လိုအမျိုးအစားတွေနဲ့ အရေအတွက် ဘယ်လောက် ထည့်သွင်းပြသသွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ပြခန်းအရေအတွက်က ၄၀ လောက်မှန်းထားပါတယ်။ ဘာတွေလာပြရမယ်လို့ ကဏ္ဍအနေနဲ့ သီးခြားခွဲထားတာမရှိဘူး။ ဒေသခံတွေအနေနဲ့ ကိုယ်ထုတ်လုပ်တဲ့ ထုတ်ကုန်တွေနဲ့ ပတ်သက်ပြီးတော့ ပြည်တွင်းရော ပြည်ပကပါသိအောင် ပြချင်တဲ့သူတွေလည်း ပြလို့ရတယ်။ ပြဖို့လည်းစာရင်းပေးထားတဲ့သူတွေ ရှိပါတယ်။ နောက်တစ်ခုက ရခိုင်ပြည်နယ်အတွင်းမှာ ဆောင်ရွက်နေတဲ့ စီမံကိန်းကြီးတွေဖြစ်တဲ့ စစ်တွေကမ်းနားက BXT ဆိုပြီး မြေယာဖော်ထုတ်တဲ့ ကုမ္ပဏီရှိတယ်။ သူတို့ဆိုရင်လည်း သူတို့ရဲ့လုပ်ငန်းတွေကို ဒီပွဲမှာပြမယ်။ အလားတူ အစိုးရဌာနဆိုင်ရာတွေကလည်း ပြခန်းတွေ တစ်ခန်းသို့မဟုတ် နှစ်ခန်း ထည့်ကြပါမယ်။ ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍဆိုရင်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ပြောင်းလဲသွားတဲ့ မူဝါဒအသစ်တွေကို ပြခန်းတွေမှာပြမယ်။ စွမ်းအင်ကဏ္ဍဆိုရင်လည်း စွမ်းအင်ဝန်ကြီးဌာနအလိုက် လုပ်ကွက်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်မယ့် အစီအစဉ်တွေကို သူတို့ပြဖို့ရှိပါတယ်။ ဘယ်ကဏ္ဍတွေကို ပြရမယ်လို့ သီးခြားကန့်သတ်ထားတာမရှိဘူး။ ဖြစ်နိုင်တဲ့ပြခန်းအရေအတွက် ၄၀ အတွင်းမှာ အတတ်နိုင်ဆုံး ပြသသွားမှာဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ ပြုလုပ်ခြင်းအားဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေနဲ့ နိုင်ငံတော်အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိလာနိုင်မယ်လို့ ထင်မြင်ပါသလဲ။**

ဖြေ။ ။ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ ပြုလုပ်လိုက်ခြင်းအားဖြင့် ဒေသခံပြည်သူတွေအတွက် အကျိုးကျေးဇူးတွေ အများကြီးရရှိလာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီပွဲကနေ စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာဖို့ရှိတယ်။ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ ရလာပြီဆိုရင် ဒေသခံတွေအတွက် အလုပ်အကိုင်တွေရလာမယ်၊ နည်းပညာတွေရလာမယ် စသဖြင့် ဒါနဲ့ဆက်စပ်ပြီးတော့ ရလာမယ့်အကျိုးကျေးဇူးတွေကို ဒေသခံတွေကတော့ အများဆုံးရရှိမှာဖြစ်တယ်။

စာမျက်နှာ ၁၇ သို့

> **"ရခိုင်ပြည်နယ်မှာဆိုရင် ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ (Tourist Attraction) ဒေသတွေ အများကြီးရှိပါတယ်။ သဘာဝအလှကမ်းခြေတွေရှိတယ်၊ မြောက်ဦးမှာဆိုရင် ရှေးဟောင်းအမွေအနှစ် နယ်မြေတွေရှိတယ်။ ဒီဒေသတွေမှာ ခရီးသွားတွေ ပိုမိုဝင်ရောက်လာအောင် မြှင့်တင်ချင်တဲ့အပိုင်းလည်းရှိပါတယ်"**

# သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် ပြကွက်ခုနစ်မျိုးကို ပြသလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၁၉၉၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် အပန်းဖြေစခန်းအဖြစ် စက်မှုလက်မှု ရပ်ကွက် မြခွာညိုလမ်းရှိ သာကေတ မိကျောင်းမွေးမြူရေးစခန်းကို ဖွင့်လှစ်ခဲ့ရာ ယနေ့တိုင် ပိတ်ရက်မရှိ အများပြည်သူနှင့် နိုင်ငံခြားခရီးသွားတို့ကို ပြသလျက်ရှိပြီး ရုံးပိတ်ရက်နှင့် ရက်ကြီးအခါကြီးတို့တွင် မိကျောင်းနှင့်အတူ ပြကွက်ခုနစ်မျိုးကို ပြသလျက်ရှိကြောင်း သိရသည်။

ဧက ၄၀ ကျယ်ဝန်းသော ငမိုးရိပ်ချောင်းအနီးရှိ သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် တစ်ပေအရွယ်မှ ၁၀ ပေအထက် အရွယ်စုံ မိကျောင်းကောင်ရေ ၅၅၀ ကျော် မွေးမြူထားပြီး ထိုစခန်း၌ ကမ္ဘာတွင် ရှားပါးစ ပြုနေပြီဖြစ်သော ရေငန်မိကျောင်းတစ်မျိုးတည်းကိုသာ ထိန်းသိမ်းပြသလျက်ရှိသည်။ မြန်မာနိုင်ငံတွင် နက္ကခေါ် အင်းမိကျောင်း၊ သံသုမာ/ ငမိုးရိပ်ခေါ် ရေငန်မိကျောင်းနှင့် ကုမ္ဘီလမိကျောင်းနှင့် ထိုင်းမိကျောင်းစသော မျိုးစိတ်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် သံသုမာ/ငမိုးရိပ်ခေါ် ရေငန်မိကျောင်းကို မွေးမြူပြသလျက်ရှိသည်။

သာကေတ မိကျောင်းမွေးမြူရေး အပန်းဖြေစခန်း၌ ပြကွက်ခုနစ်မျိုးကို ပြသလျက်ရှိရာအများ ပြည်သူစိတ်ဝင်စားသော ပြကွက်မှာ မိကျောင်းပါးစပ်အတွင်း ပိုက်ဆံထည့်ပြီး ထိုပိုက်ဆံအား ပြသသူမှ ပါးစပ်ဖြင့်ကိုက်၍ ထုတ်ယူပြသသောပြကွက်၊ မိကျောင်းခေါင်းထိပြသောပြကွက်၊ ပါးစပ်ဟနေသော မိကျောင်းပါးစပ်အတွင်း လက်ကိုဖြတ်သန်းပြသော ပြကွက်တို့ဖြစ်သည်။

မိကျောင်းသည် ကုန်းမြေတွင် သွားလာနိုင်ပြီး ရေထဲတွင်လည်း အချိန်ကြာမြင့်စွာ ငုပ်လျှိုးနိုင်၍ သက်တမ်း ၇၀ မှ ၁၀၀ အထိ နေထိုင်နိုင်သည်။ အထီးသည် အမထက် အရွယ်အစား ပိုကြီးသောကြောင့် ၁၀ ပေရှည်သော အမထက် သုံးပေ ပို၍ရှည်လေ့ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလမှ စတင်မိတ်လိုက်တတ်ပြီး ဧပြီလတွင် စတင်ဥချကာ တစ်ကောင်လျှင် ဥလုံးရေ ၂၀ မှ ၇၀ အထိ ဥလေ့ရှိကာ ရက် ၉၀ အကြာတွင် ရှစ်လက်မအရွယ်ရှိ အကောင်ပေါက်များ ပေါက်ကာ တစ်နှစ်အကြာတွင် တစ်ပေခန့် ကြီးထွားလေ့ရှိသည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းသို့ နိုင်ငံခြားသားများနှင့် ပြည်သူများ လာရောက်လေ့လာလျက်ရှိရာ နွေရာသီကျောင်းပိတ်ရက် နီးကပ်လာပြီဖြစ်၍ အများပြည်သူ စိတ်ဝင်စားသော နေရာတစ်ခုအဖြစ် ဝင်ငွေပိုမိုရရှိစေရန်၊ အပန်းဖြေစခန်း သန့်ရှင်းသာယာလှပစေရန်၊ ကလေးကစားကွင်းထားရှိရန်၊ အပန်းဖြေပန်းခြံနှင့် စားသောက်ဆိုင်တန်းတို့ကို စနစ်ကျစွာ ဖွင့်လှစ်ထားရှိနိုင်ပါက ဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဝင်ငွေတိုးမြင့်ရရှိနိုင်မည်ဟု လာရောက်လည်ပတ်သူ အချို့က ပြောသည်။

**ဓာတ်ပုံ -သန်းစိုး**
**သန်းထိုက်**

*စာမျက်နှာ ၁၆ မှ*

နိုင်ငံတော်အတွက် ရရှိနိုင်တဲ့ အကျိုးအမြတ်အနေနဲ့ကတော့ လက်ရှိကမ္ဘာမှာ မြန်မာနိုင်ငံက ရခိုင်ပြည်နယ် အရေးအခင်းအကြောင့် စီးပွားရေးအရ ဝင်ရောက်ရင်းနှီး မြှုပ်နှံမှုတွေအပေါ် ထိခိုက်မှုတွေ ရှိတယ် စသဖြင့် ပုံရိပ်ကျဆင်းတဲ့ သဘောတွေရှိတယ်။ အဲဒီလိုမျိုးတွေရှိတာကြောင့် ဒီပွဲကို အောင်အောင်မြင်မြင် ကျင်းပလိုက်ခြင်းအားဖြင့် နိုင်ငံတကာက သံအမတ်ကြီးတွေလည်းလာမယ်၊ နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင်တွေလည်း ရောက်လာမယ်၊ ရောက်လာတဲ့အခါမှာ ရခိုင်ပြည်နယ်သည် သူတို့ကြားရသလိုမျိုး ဖြစ်ပျက်နေတာမဟုတ်ဘဲ အေးအေးချမ်းချမ်း သာသာယာယာ ရှိတယ်ဆိုတဲ့ ပုံရိပ်ကောင်းတွေကို သူတို့တွေ့သွားမယ်။ တွေ့သွားတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ရော ပြည်သူတွေအနေနဲ့ပါ သူတို့ရဲ့အမြင်မှားနေတဲ့ ပုံရိပ်မှားတွေကို ချေဖျက်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။

ဒါ့အပြင် အဲဒီအတွက်လည်း ဒီပြပွဲနဲ့အတူ ပြည်နယ်အစိုးရအနေနဲ့ My Beautiful Rakhine ဆိုပြီး ဓာတ်ပုံပြိုင်ပွဲတွေ လုပ်ပါတယ်။ ဓာတ်ပုံပြိုင်ပွဲက ဓာတ်ပုံတွေကိုလည်း Investment ပွဲအတွက် အဓိက ရည်ရွယ်ပြီးသုံးတယ်။ နောက်ပြီးတော့ အဲဒီပုံတွေကို Online မှာ ပျံ့နှံ့နိုင်အောင် ကြိုးစားတယ်။ ဆိုလိုတာက အင်တာနက်မှာ ရခိုင်လို့ ရိုက်လိုက်တာနဲ့ တကယ့်ရခိုင်ရဲ့အလှအပပုံတွေပဲ ပြောင်းလဲနိုင်အောင် ကျွန်တော်တို့ အတတ်နိုင်ဆုံးကြိုးစားထားတယ်။ ဒါသည် ပြည်နယ်တစ်ခုအတွက်သာမက တစ်နိုင်ငံလုံးအနေနဲ့ပါ အကျိုးရှိနိုင်မယ့် ပွဲတစ်ခုလို့ ပြောလို့ရပါတယ်။

**မေး ။ ။ ဆရာတို့ ကော်မတီအနေနဲ့ ဒီပြပွဲကြီးပြီးသွားရင် ဘာတွေဆက်လုပ်သွားဖို့ ရှိသလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ ။ ။ ဒီပွဲပြီးတဲ့အခါမှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဘာတွေ ဆက်လက်ဆောင်ရွက်သွားမလဲဆိုတော့၊ ကော်မရှင်ကတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ အဓိက သက်ဆိုင်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာခဲ့မယ်ဆိုရင် အခုပြည်တွင်းကလည်း လာမယ်၊ ပြည်ပကလည်း လာမယ်။ အဓိကအားဖြင့် ကော်မရှင်ရှိတယ်၊ ရခိုင်ပြည်နယ်မှာ ဖွင့်ထားတဲ့ ရင်းနှီးမြှုပ်နှံမှု ကော်မတီရှိတယ်။ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီရဲ့ လုပ်ပိုင်ခွင့်သည် လာရောက်ဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ငါးသန်း၊ မြန်မာငွေနဲ့ဆို သန်းခြောက်ထောင်၊ ဒီပမာဏအထိရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဆိုရင် ရခိုင်ပြည်နယ် ကော်မတီအနေနဲ့ ပေးလို့ရတယ်။ ဒီထက်ပိုများတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးရင်တော့ ကော်မရှင်က နေပေးပါတယ်။

ဒီပွဲပြီးတဲ့အခါမှာ ရရှိလာတဲ့အကျိုးအမြတ်တွေ အပေါ်မူတည်ပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံမှုပမာဏ အနေအထားအပေါ်မူတည်ပြီးတော့ ကော်မရှင်ကနေ ခွင့်ပြုမိန့်ပေးရမယ့် လုပ်ငန်းဆိုရင် ကော်မရှင်က အမြန်ဆုံးပေးနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်ပါမယ်။ ကော်မတီအနေနဲ့ဆိုရင် ဒီပွဲမှာ ဆွေးနွေးညှိနှိုင်းလို့ အဆင်ပြေတဲ့ ကုမ္ပဏီတွေက Investment လာရောက် လျှောက်ထားတယ်ဆိုရင် ဒါကို ဦးစားပေးအနေနဲ့ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးဖို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေနဲ့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**မေး ။ ။ ဒီပွဲနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ ဒီပွဲဟာ ရခိုင်ပြည်နယ်ရဲ့ ပုံရိပ်ကောင်းတွေကို မြှင့်တင်နိုင်မယ့်ပွဲတစ်ခု ဖြစ်ပါတယ်။ ပြည်ပကနေသော်လည်းကောင်း၊ ပြည်တွင်းကနေသော်လည်းကောင်း Joint Venture ဖက်စပ်လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်တွေအတွက်လည်း အခွင့်အလမ်းကောင်း တစ်ခု ဖြစ်ပါတယ်။ နောက်ဒီပွဲမှာဆိုရင် တခြားပွဲတွေမှာ မပါတဲ့ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးတဲ့ အစီအစဉ်မျိုးတွေပါ ထည့်ထားပါတယ်။ ထည့်ထားတယ်ဆိုတာက ဒီပွဲမှာ ချိတ်ဆက်ပြီးတော့ အဆင်ပြေတယ်ဆိုရင် နားလည်မှု စာချွန်လွှာတွေပါ ဒီပွဲမှာ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်မှာပါ။ အဲဒီအတွက် ရခိုင်ပြည်နယ် မှာ ကျင်းပမယ့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲနဲ့ပြပွဲဟာ ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် အင်မတန်မှကို အရေးကြီးပြီး ပြည်နယ်ရဲ့အခွင့်အရေးကောင်းတွေကို ယူဆောင်လာမယ့် ပွဲတစ်ခုဖြစ်တယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဟန်လင်းနိုင်၊ ရာမည**
**ဓာတ်ပုံ-ဟန်လင်းထက်**

# ပြင်ဆင်ဖတ်ရှုပါရန်

**၁၅.၂.၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ကျောင်းသင်ခန်းစာတွင် ဖော်ပြထားသည်များကို အောက်ပါအတိုင်းပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် -**

| စဉ် | စာမျက်နှာ/ ကော်လံ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁။ | ၂၀/၂ | ၁၂၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄ | g.f | g∘f |
| ၂။ | ၂၀/၃ | ၁၂၊ ၁၄၊ ၁၅ | $^{13}Cr$ | $^{13}C_r$ |
| ၃။ | ၂၀/၃ | ၁၈ | $(2x-y)^{13} = {}^{13}C_0(2x)^{13}+ {}^{13}C_1(2x)^{12}(-y)+{}^{13}C_2(2x)^{13}(-y)^2+ \dots$ | $(2x-y)^{13} = {}^{13}C_0(2x)^{13}+ {}^{13}C_1(2x)^{12}(-y)+{}^{13}C_2(2x)^{13}(-y)^2+\dots$ |
| ၄။ | ၂၀/၃ | ၂၀ | $(2x-y)^{13}= {}^{13}C_0(2x)^{13}+ {}^{13}C_1(2x)^{12}(-y)+{}^{13}C_2(2x)^{11}-y^2$ | $(2x-y)^{13} = {}^{13}C_0(2x)^{13}+ {}^{13}C_1(2x)^{12}(-y)+{}^{13}C_2(2x)^{11}(-y)^2$ |
| ၅။ | ၂၀/၃ | ၃၁၊ ၃၂ | (2+3x)5 | $(2+3x)^5$ |
| ၆။ | ၂၀/၁ | ၇၊ ၁၁ | A-1 | $A^{-1}$ |
| ၇။ | ၂၀/၃ | ၁၃ | some particular derived function | some particular derived functions |

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၈၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၅ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၅ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၅/၈၀၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၃ ・ ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၇ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၈ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၁ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၉ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၅၈၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၆ ・ ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၉၁၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ဖခင်ဖြစ်သူ သန်းထွန်းလေး၏ ဂီတအမွေကို ဆက်ခံနိုင်ခဲ့သော်လည်း မိမိ၏မျိုးဆက်အတွက် ရင်မောနေရကြောင်း ပိုးအိစံပြောကြား




တစ်ခါကမွေးဌာနီ တေးသီချင်းဖြင့် ပရိသတ်၏ အသိအမှတ်ပြုမှုကိုခံခဲ့ရသည့် အဆိုတော်ကြီး သန်းထွန်းလေး၏သမီး အဆိုတော် ပိုးအိစံအနေဖြင့် ဖခင်ဖြစ်သူ၏ ဂီတအမွေကို ဆက်ခံထမ်းဆောင်နိုင်ခဲ့ပြီး တေးစီးရီးများစွာကို ထုတ်လုပ်နိုင်ခဲ့သည်။ ပိုးအိစံအနေဖြင့် မြန်မာသံ တေးသီချင်းများနှင့် အိန္ဒိယသံစဉ် သီချင်းများကို ယနေ့ခေတ်နှင့်အညီ ပြန်လည်ဖန်တီးကာ သီဆိုခဲ့သော်လည်း မိမိ၏ ဂီတအမွေကိုဆက်ခံရမည့် သမီးဖြစ်သူ 'ရွှေလ' အနေဖြင့် ကိုရီယားဂီတသံစဉ်ဖြစ်သည့် K-Pop ကိုသာ ဂရုစိုက်နေသောကြောင့် ရင်မောနေရသည်ဟု ပိုးအိစံက ပြောသည်။

"အစ်မတုန်းကတော့ မြန်မာသံစဉ်ဆိုပြီး လုပ်တာမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဂီတကို ဖန်တီးရင်းနဲ့ မြန်မာသံဘက်ကို ပိုပြီးရောက်သွားတာပေါ့၊ ပထမဆုံး စထွက်တုန်းကလည်း အစ်မက စီးရီးငါးခွေ တစ်ခါတည်း ထွက်တာကိုး၊ အစ်မက မြန်မာသံပဲဆိုဆို၊ ခေတ်ပေါ်ဂီတပဲဆိုဆို အနုပညာရှင်စစ်စစ်ပဲ ဖြစ်ချင်တာလေ၊ အစ်မရဲ့ ခံယူချက်ကိုက အဲဒီအတိုင်းထားထားတာ၊ အစ်မ စထွက်ခဲ့တဲ့ စီးရီးက 'တစ်ခါကမွေးဌာနီ'ဆိုတော့ အားလုံးက မြန်မာသံတွေဆိုတဲ့သူဆိုပြီး သတ်မှတ်ကြတယ်၊ အစ်မက ကိုယ့်မျိုးဆက်ကိုလည်း ဒီအမွေကိုပေးချင်တယ်၊ ဒါပေမယ့် သူက မြန်မာဂီတထက် ကိုရီယားဂီတကို ပိုကြိုက်နေတာကို တွေ့ရတော့ ခံစားရတယ်၊ ရွှေလကို ဖိအားလည်း အစ်မ မပေးချင်ဘူး၊ သူတို့ခေတ်ကိုက အကုန်လုံး ကေပေါ့ပ် ဖြစ်နေကြတာလေ၊ ရုပ်မြင်သံကြားတွေမှာ ကြည့်လိုက်ရင်လည်း ကေပေါ့ပ်ပဲ၊ မြန်မာသံဆိုတာက ဒီဘက်ခေတ်မှာ သိပ်မတွေ့ရတော့ဘူးလေ"ဟု ပိုးအိစံက ပြောသည်။

ပိုးအိစံအနေဖြင့် ယခုနှစ်တွင် ဂီတသက်တမ်းနှစ်(၂၀) ပြည့်ခဲ့ပြီဖြစ်၍ ပိုးအိစံ၏ ငွေရတုအမှတ်တရအဖြစ် စီးရီးခွေ ခုနစ်ခွေကိုလည်း ယခုလထဲတွင် ဒေါ်လာတေးသံသွင်းမှ စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"အမှန်အတိုင်းပြောရရင် အစ်မက သီချင်းတွေ အများကြီး စုစည်းထားတယ်၊ သီချင်းချမ်းသာတဲ့သူဆိုလည်း မမှားဘူး၊ ဘာလို့ ခုနစ်ခွေတောင် တစ်ပြိုင်တည်းထုတ်နိုင်လဲဆိုရင် ကိုယ်ပိုင်စတူဒီယိုလည်းရှိနေတော့ ကြိုက်တဲ့သီချင်းဆို ချက်ချင်း သွင်းလိုက်တာပဲ၊ အဲဒီတော့ တစ်နှစ်ကို တစ်ခွေ ထုတ်မယ်ဆိုရင် နှစ် ၆၀ တောင် အခွေထုတ်လို့ ကုန်နိုင်မယ်မထင်ပါဘူး၊ သီချင်းပုဒ်ရေ ထောင်ချီပြီး အစ်မဆီမှာရှိပါတယ်၊ အခု ငွေရတုအမှတ်တရ စီးရီးမှာ သီချင်းအစုံပါတယ်၊ အဟောင်းရော အသစ်ရော ပါပါတယ်၊ ပရိသတ်ကလည်း အမြဲအားပေးတယ်လေ၊ ဒီအချိန်အထိ အားပေးကြလို့လည်း အမြဲ အခွေတွေလုပ်ဖြစ်တာပါ၊ အခုအချိန်မှာ အစ်မက အနုပညာနဲ့ပဲ အသက်မွေးရတာဆိုတော့ အခွေထက် အပြင်မှာ လိုက်ဆိုရတာပေါ့၊ အဲဒီငွေလေးနဲ့ပဲ ပြန်ပြန်ပြီး လုပ်နေရတာပါပဲ"ဟုလည်း ပိုးအိစံက လက်ရှိဂီတလောကအခြေအနေများကို ပြောပြခဲ့သည်။

**ကိုလင်း**

# ဇက်ခီ၏ ဒုတိယမြောက်တေးစီးရီးထွက်ရန် ပြင်ဆင်နေ



ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားဖြင့် အနုပညာလောကတွင် ထူးထူးခြားခြား အောင်မြင်မှုများရခဲ့သည့် သရုပ်ဆောင် ဇက်ခီအနေဖြင့် သရုပ်ဆောင်အလုပ်အပြင် ဂီတပိုင်းကိုလည်း လုပ်ဆောင်လျက်ရှိကာ မကြာမီ တစ်ကိုယ်တော်စီးရီးခွေ ထွက်နိုင်ရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

"ဒုတိယမြောက်တေးစီးရီးကို ဒီနှစ်ထဲမှာထွက်နိုင်အောင် ကြိုးစားနေပါတယ်၊ ဂီတနဲ့ပတ်သက်ရင် ကျွန်တော်က သရုပ်ဆောင်အလုပ်မလုပ်ခင် ဂီတနဲ့ အရင်စခဲ့တာ၊ US မှာတုန်းက ကောလိပ်တက်တော့ ဂီတကိုပဲ မေဂျာယူခဲ့တာ၊ မြန်မာပြည်ပြန်လာတော့လည်း တကယ်တော့ ကျွန်တော်က သရုပ်ဆောင်ဖြစ်ချင်ခဲ့တာ မဟုတ်ဘူး၊ အဆိုတော်ဖြစ်ဖို့ ပြန်လာရင်းနဲ့ သရုပ်ဆောင်ဖြစ်သွားတာ၊ ကားရိုက်တွေနဲ့ မအားလို့ သီချင်းတွေမလုပ်ဖြစ်ပေမယ့် ဂီတပိုးက ကျွန်တော့်ရဲ့ DNA ထဲမှာကို ရှိပြီးသားပါ၊ ဒီရောဂါက ကုလို့မရတော့ပါဘူး"ဟု ဇက်ခီက ပြောသည်။

အခွေတွင်ပါဝင်မည့် သီချင်းအမျိုးအစားများနှင့်ပတ်သက်၍လည်း ဇက်ခီက "ဒုတိယ အယ်လ်ဘမ်အတွက် အသံအကြမ်းသွင်းနေရင်း ရုပ်ရှင်ဇာတ်ကားရိုက်ဖို့ စလိုက်တော့ အချောပြန်မလုပ်နိုင်ဘူးဖြစ်နေတာ၊ ပထမအခွေမှာ Rock သီချင်းတွေကို ကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုခဲ့ပြီး အခုနောက်ပိုင်းတော့ ဘလူးစ်ဂီတကိုလည်း သဘောကျလာလို့ ဒုတိယအခွေထဲမှာ ရော့ခ်ဂီတနဲ့အတူ ဘလူးစ်ဂီတကိုပါ တွဲထည့်ထားတယ်"ဟု ပြောသည်။

ရုပ်ရှင်ရိုက်ကူးမှုအနေဖြင့် လက်ရှိအချိန်တွင် Now and Ever ဟု အမည်ပေးထားသည့် ရုပ်ရှင်ကားကြီးကို ထပ်မံရိုက်ကူးနေကြောင်းနှင့် အက်ရှင်ဆန်ဆန် ရိုက်ကူးထားသည့် ထိုရုပ်ရှင်တွင် ဇက်ခီကို ကာရိုက်တာသစ်တစ်မျိုးနှင့် ထပ်မံမြင်တွေ့ရမည်ဖြစ်ကြောင်းလည်း သိရသည်။

"လက်ရှိမှာ Now And Ever ရုပ်ရှင်ကားကြီးကို ရိုက်ကူးနေပြီး ၂၀၁၉ ခုနှစ်အတွက်ကတော့ နောက်ထပ် ကားကြီးတစ်ကားလောက်ပဲ ထပ်လုပ်နိုင်တော့မှာပါ၊ Drama ဇာတ်ရုပ်က နည်းနည်းရိုးလာပြီဆိုတော့ နောက်ထပ်ဖန်တီးမယ့် ဇာတ်ကားတွေမှာ ပရိသတ်တွေကို ရသပြောင်းပေးမယ်လို့ စိတ်ကူးထားတယ်၊ Action ဆန်တဲ့ဇာတ်ရုပ်တွေဆီသွားဖို့ ကျွန်တော်တို့ စိတ်ကူးထားပါတယ်"ဟု ဇက်ခီက ဆိုသည်။

**ကိုလင်း**

# ချန်လုံး ဆံပင်ညှပ်ခြင်းအနုပညာ သင်တန်းကျောင်းက နှစ်စဉ် ပရဟိတ အခမဲ့ဆံပင်ညှပ်မှု ပြုလုပ်ပေးနေ

ဆံပင်ညှပ်အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့် လူငယ်များအတွက် အဓိကထား၍ သင်တန်းဖွင့်လှစ်ထားသည့် ချန်လုံး ဆံပင်ညှပ်ခြင်းအနုပညာ သင်တန်းကျောင်းအနေဖြင့် ပရဟိတအဖြစ် တစ်နှစ်တစ်ခါ အခမဲ့ဆံပင်ညှပ်မှုများ လုပ်ဆောင်ပေးနေကြောင်း သိရသည်။



သင်တန်းကျောင်းတည်ထောင်သူ ကိုချန်လုံးက "ကျွန်တော် ဒီအလုပ်ကိုစလုပ်ခဲ့တာ လွန်ခဲ့တဲ့ ၁၄ နှစ်ကျော်ကတည်းကပါ၊ မန္တလေးကနေ စခဲ့တာပေါ့၊ ကျွန်တော့်အနေနဲ့ ပထမဆုံးဆံပင်ညှပ်ဆိုင် စဖွင့်ခဲ့တာတော့ မကွေးမှာပါ၊ ကျွန်တော့်ဇာတိပေါ့၊ အဲဒီကနေ မန္တလေး၊ မန္တလေးကနေ ရန်ကုန်မှာ ဒီအလုပ်ကို လုပ်ခဲ့ပါတယ်၊ ကျွန်တော့်ကို ချန်လုံးဆိုပြီး သတိထားမိလာတာကတော့ Show ပွဲတွေမှာ ဆံပင်ညှပ်ပြရာကနေ သတိထားမိလာတာလို့ ဆိုရမယ်၊ နောက်တော့ ဆံပင်ညှပ်ပညာစာအုပ်တွေ ကျွန်တော်ထုတ်တယ်၊ အဲဒီအချိန်မှာ ကျွန်တော့်ဆီ သင်တန်းတက်ချင်သူတွေရှိလာတယ်၊ အဲဒီကနေ ဆံပင်ညှပ်သင်တန်းကိုပါ တွဲပြီး ဖွင့်လှစ်ခဲ့တာ အခုဆို ၁၄ နှစ်ကျော်ထဲ ရောက်နေပါပြီ"ဟု ပြောသည်။ ၎င်းအနေဖြင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများအထိ ဆံပင်ညှပ်ပညာဆိုင်ရာ ပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ပေါင်း ၈၀ ကျော် ရရှိခဲ့ကြောင်း၊ နောက်ဆုံးအနေဖြင့် ၂၀၁၈ ခုနှစ်က UK တွင် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ထိုပြိုင်ပွဲတွင် အာရှနိုင်ငံအဖြစ် တရုတ်နှင့် မြန်မာတို့သာ ပါဝင်ခဲ့ကြောင်း၊ ယခုဆိုလျှင် ချန်လုံး ဆံပင်ညှပ်ခြင်းအနုပညာ သင်တန်း၌ တစ်နှစ်ပတ်လုံး သင်တန်းသားများရှိနေပြီး ဆံပင်ညှပ်ပညာကို မတတ်မချင်း သင်ကြားပေးနေကြောင်း သိရသည်။ **ကိုလင်း**

# ချမ်းချမ်းအနေဖြင့် တစ်ကိုယ်တော်စီးရီးအသစ်ထွက်ရှိခြင်းထက် တစ်ပုဒ်ကောင်းသီချင်းများသာဆို၍ အွန်လိုင်းတွင် တင်သွားမည်

တကယ်ဆိုရင်အချစ်ပဲလိုတယ်၊ သိပ်ချစ်တယ် အရမ်းမုန်းတယ်၊ အိပ်မက်၊ သို့...ချစ်နေတုန်းပဲ စသည့် တစ်ကိုယ်တော်အခွေများ ထွက်ရှိခဲ့သည့် အဆိုတော် ချမ်းချမ်းအနေဖြင့် ယခုနောက်ပိုင်းတွင် အခွေထွက်ရှိမှု နည်းနေခြင်းနှင့်အတူ ပရိသတ်နှင့်ထိတွေ့မှုလည်း အနည်းငယ်ဝေးကွာနေခဲ့ရာ ထိုသို့ အခွေသစ်ထွက်ရှိမှုနည်းနေသည့် အကြောင်းရင်းနှင့် လတ်တလော အနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်၍ ချမ်းချမ်းက ယခုလို ပြောပြသည်။

"ပရိသတ်နဲ့ဝေးကွာတယ်ဆိုတာထက် ညီမကိုယ်တိုင်က တစ်ကိုယ်တော်အခွေထပ်ထွက်ဖို့ကို နည်းနည်း စိုးရိမ်စိတ်ဖြစ်နေတာဆို မှန်ပါတယ်၊ အခုအချိန်မှာ စီးရီးခွေထုတ်ဖို့က မလွယ်တော့ဘူးလေ၊ ပြီးတော့ သီချင်းတွေကိုလည်း ပရိသတ်က အသစ်အသစ်တွေ နားဆင်ချင်ကြတဲ့အခါဆိုတော့ ညီမ နောက်ပိုင်းကို တစ်ပုဒ်ကောင်းလောက်ပဲရွေးပြီး အွန်လိုင်းတင်လိုက်တော့တယ်၊ အချစ်ဆုံးမို့ ပြောပြချင်တယ်ဆိုတဲ့ သီချင်းလေးရယ်၊ ပြီးတော့ ချစ်သူများနေ့အတွက် အချစ်စစ်ဆိုတဲ့ သီချင်းလေးရယ်ကို အွန်လိုင်းပေါ်မှာ ပရိသတ်အတွက် တင်ပေးဖြစ်ခဲ့တယ်၊ အချစ်ဆုံးမို့ပြောပြချင်တယ် သီချင်းလေးကတော့ ဂန္ထဝင်သီချင်းများဆိုတဲ့ စီးရီးမှာ ဆိုထားတာပါ၊ အချစ်စစ်ဆိုတဲ့ သီချင်းက ညီမလေးမြတ်နိုးဟန်နဲ့အတူဆိုထားတဲ့ သီချင်းလေးပါ၊ တချို့ပရိသတ်တွေက သီချင်းခွေသစ် ဘာလို့မထွက်သေးတာလဲဆိုပြီး မေးကြတယ်၊ အမှန်အတိုင်းပြောရရင် ညီမ အနုပညာအလုပ်ထက် အပြင်စီးပွားရေးကို ပိုပြီးလုပ်ဖြစ်နေတာပါ၊ ကျန်းမာရေးကလည်း ညံ့သွားသေးတော့ ဂီတဘက်ကို ဂရုမစိုက်နိုင်တာလည်း ပါပါတယ်၊ တစ်ပုဒ်ကောင်းလောက်ပဲ တင်နိုင်တယ်လေ၊ သီချင်းဆိုလည်း နယ်ပွဲတွေကို မသွားဖြစ်ဘူး၊ ရန်ကုန်လောက်ပဲ ဆိုဖြစ်တယ်"ဟု လက်ရှိ အနုပညာ လှုပ်ရှားမှုများကို ချမ်းချမ်းက ပြောပြသည်။

တစ်ကိုယ်တော်အခွေများတွင် သီချင်း ၁၂ ပုဒ်လုံးကို ဖန်တီးရသည့်အပြင် စိတ်ကြိုက်ရွေးချယ်နိုင်ရန်ထက် အမြန်ထွက်နိုင်ရန် ပြင်ဆင်ရသည့်အတွက် သီချင်းပိုင်းတွင် အားနည်းမှုများ ဖြစ်လာနိုင်ကြောင်း၊ ပရိသတ်မကြိုက်ဘဲ အလေအလွင့်များသွားနိုင်ကြောင်း၊ ထို့ကြောင့် လတ်တလောတွင် တစ်ကိုယ်တော်အခွေထက် တစ်ပုဒ်ကောင်း သီချင်းများကိုသာ ရွေးချယ်သီဆိုသွားမည်ဖြစ်ကြောင်း ချမ်းချမ်းက ဆက်ပြောသည်။

ယခင်က ထွက်ရှိခဲ့သည့် တကယ်ဆိုရင် အချစ်ပဲလိုတယ် စီးရီးနှင့် သိပ်ချစ်တယ် အရမ်းမုန်းတယ် စီးရီးတို့ထက် နောက်ထွက်သည့် သီချင်းများက ပရိသတ်ကြား ပျံ့နှံ့မှု အားနည်းခဲ့ခြင်းနှင့်ပတ်သက်၍လည်း ချမ်းချမ်းက "သီချင်းဟောင်းတွေက နားစွဲလွယ်တယ်၊ ကော်ပီက ပိုပြီး ပရိသတ်ဆီအရောက်မြန်တယ်၊ ညီမက အသစ်တွေရေးထားတဲ့ ကိုယ်ပိုင်သံစဉ်တွေကို နောက်ထွက်ခဲ့တဲ့အခွေတွေမှာ သုံးခဲ့တယ်၊ ဒီမှာက အသစ်တွေဆို သိပ်နေရာမပေးကြဘူးလေ၊ အဲဒီတော့ နောက်ထွက်တဲ့အခွေတွေက ပရိသတ်ဆီအရောက် အားနည်းခဲ့တယ်လို့ ထင်တာပဲ၊ နားစွဲမလွယ်တာလည်း ပါမှာပေါ့နော်၊ ကိုယ့်သီချင်းတွေကို အချိန်တော့ပေးရမယ်လို့ ထင်ပါတယ်၊ ကြာရင်တော့ နားစွဲလွယ်ပြီး တဖြည်းဖြည်းနဲ့ ကြိုက်လာကြလိမ့်မယ်လို့ ထင်ပါတယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# လက်ထပ်ပွဲတုန်းက ပုံတွေ မိုင်လေဆိုင်းရပ်စ်ပြသ

အဆိုတော် မိုင်လေဆိုင်းရပ်စ်ဟာ သူ့ရဲ့ချစ်သူ လီယံဟမ်းစ်ဝေါ့နဲ့ လက်ထပ်ပွဲကို တိတ်တဆိတ်ပဲ ပြုလုပ်ခဲ့တာဖြစ်လို့ သူတို့ရဲ့ မင်္ဂလာဆောင်ပုံတွေကို ကြည့်ရှုခွင့်မရခဲ့ပါဘူး။ အခုအခါမှာတော့ မိုင်လေဆိုင်းရပ်စ်ဟာသူတို့မင်္ဂလာဆောင်တုန်းကပုံတွေကို ပြသလိုက်ပါပြီ။

အသက် ၂၆ နှစ်အရွယ် မိုင်လေဆိုင်းရပ်စ်ဟာ မင်္ဂလာဆောင်ဓာတ်ပုံတွေကို အင်စတာဂရမ်နဲ့တွစ်တာပေါ်မှာတင်ခဲ့ပြီး သူတို့ရဲ့မင်္ဂလာဆောင်ဟာ စိတ်ကူးယဉ်မဆန်လွန်းဘူးလားလို့ မေးခွန်းထုတ်ခဲ့ပါတယ်။ မိုင်လေနဲ့ လက်ထပ်ခဲ့တဲ့ ရုပ်ရှင်သရုပ်ဆောင် လီယံကတော့ အသက် ၂၉ နှစ်အရွယ်ရှိပြီး ဖေဖော်ဝါရီ ၁၄ ရက် ဗယ်လင်တိုင်းနေ့မှာ သူတို့လက်ထပ်တုန်းကပုံတွေကို ပြသခဲ့တာပါ။

သူတို့စုံတွဲဟာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ရက်က တန်နက်စီပြည်နယ် ဖရန့်ကလင်းမှာတိတ်တဆိတ် မင်္ဂလာပွဲပြုလုပ်ခဲ့ပါတယ်။ မိသားစုဝင်တွေနဲ့ ရွေးချယ်ပြီး ဖိတ်ကြားထားတဲ့ သူငယ်ချင်းတွေသာ မင်္ဂလာပွဲကို တက်ရောက်ခွင့်ရခဲ့ပါတယ်။ မိုင်လေဆိုင်းရပ်စ်ဟာ မင်္ဂလာဆောင်ဓာတ်ပုံရဲ့အောက်မှာနေ့ရက်တိုင်းဟာ ကျွန်မအတွက် ဗယ်လင်တိုင်းနေ့ပဲလို့ စာရေးသားခဲ့ပါတယ်။ ဓာတ်ပုံခြောက်ပုံတင်ခဲ့ရာမှာ သုံးပုံကတော့ အဖြူအမည်းနဲ့ ဖြစ်ပြီး ကျန်သုံးပုံကတော့ ဆေးသားပါတဲ့ ဓာတ်ပုံတွေပဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ခင်ပွန်းသည်ဖြစ်သူလီယံဟာ နေမကောင်းလို့ ဆေးရုံတက်နေရပြီး မိုင်လေတင်ထားတဲ့ ပုံတွေဟာ သူ့အမြန်ကျန်းမာလာဖို့ ခွန်အားတစ်ခု ဖြစ်လာမှာပါ။

ဟောလိဝုဒ်လိုက်ဖ်

# ကာဒီဘီဘက်က လေဒီဂါဂါရပ်တည်ပေး

ရက်ပ်ပါအဆိုတော်တစ်ဦးဖြစ်တဲ့ ကာဒီဘီဟာဂရမ်မီဆုလက်ခံရရှိတဲ့အပေါ် ပရိသတ်အချို့က မကျေနပ်ကြဘဲ ဆိုးရွားတဲ့ မှတ်ချက်တွေပေးနေကြတဲ့အချိန်မှာ လေဒီဂါဂါက ကာဒီဘီဘက်ကနေ အပြည့်အဝ ရပ်တည်ပေးလိုက်ပါတယ်။

ကာဒီဘီရဲ့ သီချင်းအယ်ဘမ်ဖြစ်တဲ့ Invasion of Privacy ဟာအကောင်းဆုံးရက်ပ် အယ်လ်ဘမ်အဖြစ် ဆုရရှိခဲ့ပြီး ကာဒီဘီဟာ အဲဒီဆုနဲ့မထိုက်တန်ဘူးဆိုတဲ့ ဝေဖန်မှုတွေနဲ့ ကြုံတွေနေရပြီးတဲ့နောက်မှာ ကာဒီဘီဟာ အင်စတာဂရမ်မသုံးတော့ပဲ နေနေပါတယ်။ အင်္ဂါနေ့မှာတော့ လေဒီဂါဂါက ကာဒီဘီရဲ့ကိစ္စနဲ့ပတ်သက်ပြီး ဂီတလုပ်ငန်းမှာ အမျိုးသမီးတစ်ယောက်အနေနဲ့ ဒီလိုရင်ဆိုင်နေရတာဟာ ခက်ခဲလွန်းပါတယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ လေးစားမှုမရှိတဲ့ စိတ်ခေါ်မှုတွေနဲ့ ရင်ဆိုင်ပြီး အနုပညာအလုပ်လုပ်ရတာ အင်မတန်မှ ခက်ခဲလှတယ်။ ဒီဆုဟာမင်းနဲ့ ထိုက်တန်ပါတယ်။ မင်းဟာ သိပ်ကိုသတ္တိရှိတဲ့ အမျိုးသမီးတစ်ယောက်ပါလို့ ရေးသားခဲ့ပါတယ်။ နောက်ပြီးတော့ လေဒီဂါဂါက ဂရမ်မီဆုပေးပွဲမှာသူနဲ့ ကာဒီဘီတို့အတူ တွဲရိုက်ထားတဲ့ပုံကိုတင်ခဲ့ပြီး ပုံအောက်မှာ ငါမင်းကိုချစ်တယ် ကာဒီလို့ ရေးသားခဲ့ပါတယ်။ လေဒီဂါဂါက အခြားသောသူတွေကိုလည်း ကာဒီဘီကို ထောက်ခံအားပေးကြဖို့ တိုက်တွန်းထားပါတယ်။

စီအင်န်အင်န်



ရက်ပ်အဆိုတော် ကာဒီဘီကို လေဒီဂါဂါနှင့်အတူတွေ့ရစဉ်။

## စာပေမြင့်မှ လူမျိုးတင့်မည်



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၈)

## မောင်ခင်မင် (ဓနုဖြူ)

“ ‘လာ’ ဆိုတဲ့ စကားက ပြောသူရှိတဲ့နေရာကို ညွှန်းရာမှာ ပြောသူအခုမရှိသေးရင်လည်း နောင်ရှိမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ညွှန်းတာတွေ့ရတယ်”

“ရှင် - ဘဘ၊ အဲဒါဘာပြောတာပါလဲ”

“သမီးနားရှုပ်သွားပြီလား။ ဒီလိုလေ။ သမီးက သူငယ်ချင်းကိုပြောတယ်ဆိုပါတော့။ ‘ရှေ့လကျရင် ငါမန္တလေးမှာရှိမယ်’ လို့ ပြောပြီး သူ့ကို မန္တလေးကို ဖိတ်မယ်ဆိုရင် ‘နင်မန္တလေးကို သွားလို့ပြောမလား၊ နင်မန္တလေးကို လာခဲ့’ လို့ ပြောမလား”

“သမီး အဲဒီမှာရှိမယ်ဆိုရင်တော့ ‘နင်မန္တလေးကို လာခဲ့’ လို့ ပြောရမှာပေါ့ဘဘ”

“ဟုတ်ပြီ၊ ကဲ... ‘ရှေ့လကျရင် မန္တလေးမှာ ငါ့အမေရှိမယ်’ လို့ပြောပြီး သူ့ကို မန္တလေးကို ဖိတ်မယ်ဆိုရင်ကော ဘယ်လိုပြောမလဲ”

“အဲဒီလိုဆိုရင်တော့ ‘နင်မန္တလေးကို သွား’ လို့ ပြောရမှာပေါ့ဘဘ”

“အဲဒါကို ဆိုလိုတာပါ။ ပြောသူက အခုမန္တလေးမှာ မရှိသေးပေမယ့် ရှေ့လမှာ မန္တလေးမှာရှိမယ်ဆိုရင် ‘နင်မန္တလေးကိုလာခဲ့’ လို့ ပြောမှာပဲ။ ပြောသူ မန္တလေးမှာ မရှိဘဲ တခြားလူ- ပြောသူရဲ့အမေဆိုပါတော့၊ သူရှိမယ်ဆိုရင်တော့ ‘နင်မန္တလေးကိုသွား’ လို့ ပြောရမှာပေါ့။ ပြောသူရှိမှာ မရှိမှာကို မူတည်ပြီး ရှိရင် ‘လာ’ လို့သုံးမယ်။ မရှိရင် ‘သွား’ လို့ သုံးမယ်။ အဲဒါကို ပြောတာပါ”

“နားလည်ပါပြီ ဘဘ။ ရှင်းသွားပါပြီ”

“ဘဘပြောချင်တာက ‘လာ’ နဲ့ ‘သွား’ ရဲ့ အဓိပ္ပာယ်ကို သူ့နေရာနဲ့သူ မှန်မှန်ကန်ကန် သုံးတတ်ဖို့ အခုပြောခဲ့တဲ့ အခြေအနေတွေ ပါဝင်ပတ်သက်နေတယ်ဆိုတဲ့ အချက်ပဲကွဲ့။ ‘လာ’ နဲ့ ‘သွား’ ကို တစ်လုံးချင်းအဓိပ္ပာယ်သိရုံနဲ့ မလုံလောက်ဘူးလေ။ နောက်ကွယ်မှာ သိမ်မွေ့တဲ့ သဘောတွေပါနေတယ်ဆိုတာ သိဖို့ပါပဲ”

“ဟုတ်ကဲ့ပါ”

“ကဲ... တိုက်ရိုက်ညွှန်းတဲ့ စကားတွေထဲမှာ အချိန်ကို ညွှန်းတာတွေလည်း ပါတယ်။ အချိန်တိုက်ရိုက် အညွှန်းစကားဆိုပါတော့။ လောလောဆယ် ပစ္စုပ္ပန်အချိန်ကို တိုက်ရိုက်ညွှန်းတဲ့ စကားက ‘ခု’ ပေါ့ ‘အခု’ လို့လည်း သုံးတယ်။ စာစကားဆိုရင်တော့ ‘ယခု’ ပေါ့”

“ဟုတ်ကဲ့ပါ”

“လက်ရှိအချိန်ရဲ့ အတိတ်ကိုညွှန်းရင်တော့ ‘အရင်’ ပေါ့။ စာစကားဆိုရင် ‘ယခင်’ပေါ့။ လာမယ့် အနာဂတ်ကို ညွှန်းရင်တော့ ‘နောင်’ တို့၊ ‘နောက်’ တို့ပေါ့”

“ဟုတ်ကဲ့ပါ”

“နေ့ကို ညွှန်းရင်တော့ ‘ဒီနေ့၊ ကနေ့’ ၊ စာသုံးဆိုရင် ‘ယနေ့’ ပေါ့။ ကဲ - သမီး ‘ကနေ့’ ကနေ နောက်ပြန်ပြီး လွန်ခဲ့တဲ့နေ့တွေကို ဘယ်လိုညွှန်းသလဲ”

“‘မနေ့က’၊ ‘တစ်နေ့က’၊ ‘မနေ့တစ်နေ့က’၊ ‘တစ်မြန်နေ့က’ ဆိုတဲ့ စကားတွေနဲ့ ညွှန်းပါတယ် ဘဘ”

“မရောက်သေးတဲ့ အချိန်ကို ညွှန်းရင်ကောကွယ်”

“ ‘မနက်ဖြန်၊ သန်ဘက်ခါ၊ ဖိန်းနွဲခါ’ လို့ တစ်ရက်စီကို တိုးတိုးပြီးညွှန်းပါတယ် ဘဘ”

“ဒါတွေက နေ့တို့၊ အချိန်တို့ကို တိုက်ရိုက်ညွှန်းတဲ့ စကားတွေပေါ့။ ဒီလိုမသုံးဘဲ ‘၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်မယ်’ ဆိုတာမျိုး ရက်စွဲနဲ့ တိတိကျကျ ညွှန်းတာမျိုးလည်း ရှိတာပေါ့”

“ဟုတ်ကဲ့ပါ”

“အချိန်တိုက်ရိုက်ညွှန်းတဲ့ အညွှန်းစကားတွေ သုံးရင်လည်း နေရာအညွှန်းစကားသုံးတဲ့အခါ လက်နဲ့ တိုက်ရိုက်ညွှန်ပြတာမျိုးကို အရင်းခံတဲ့အချိန်ကို မဖော်ပြဘဲ ညွှန်းလို့မရဘူးကွဲ့”

“အဲဒါ ဘာဆိုလိုတာလဲ ဘဘ”

“မနက်ဖြန်လို့ ညွှန်းချင်ရင် ကနေ့က ဘယ်နေ့လဲဆိုတာ မပါဘဲ ညွှန်းလို့ မရဘူးလို့ ပြောတာလေ။ ကနေ့ ဘယ်နေ့လဲဆိုတာ သိမှ မနက်ဖြန်တို့၊ မနေ့ကတို့ကို ညွှန်းလို့ ရမှာပေါ့။ ကနေ့ကို တစ်နည်းနည်းနဲ့ လက်တွေ့ဆက်စပ်ဖော်ပြဖို့ လိုတာပေါ့”

“ဟုတ်ကဲ့ပါ”

“ပြီးတော့ အချိန်တိုက်ရိုက်အညွှန်းစကားတွေဟာလည်း နေရာတိုက်ရိုက်အညွှန်းစကားတွေလိုပဲ ပြောင်းလဲနေတာလေ။ နီးရင် ‘ဒီဟာ’ ဖြစ်ပေမယ့် ဝေးရင် ‘ဟိုဟာ’ ဖြစ်သွားသလိုပဲ ‘ကနေ့’ ဆိုတဲ့ အညွှန်းစကားဟာ နောက်နေ့ကျရင် ‘မနေ့က’ ဖြစ်သွားရော မဟုတ်လား။ မနက်ဖြန်ဆိုတဲ့ အညွှန်းစကားကလည်း မနက်ဖြန်ကျရင် ‘ကနေ့’ ဖြစ်သွားပြန်ရောလေ။ ရွေ့လျားနေတာပေါ့”

“ ဟုတ်ကဲ့၊ နားလည်ပါပြီ ”

“ ဒီစကားတွေဟာ လက်တွေ့အဆက်အစပ်မပါဘဲ အဓိပ္ပာယ်မရှိဘူးဆိုတာပြောတာပါ။ ဆိုပါတော့။ သမီး မိတ်ဆွေတစ်ယောက်က သမီးဆီကို ‘ မနက်ဖြန်လာမယ် ’ လို့ စာပို့တယ်ဆိုပါတော့။ ဒါမှမဟုတ် အီးမေးပို့တယ်ဆိုပါတော့။ သူပြောတဲ့ ‘ မနက်ဖြန်’ ကို သိဖို့ အတွက် ဘာလိုအပ်သလဲ ”

“ သူစာပို့တဲ့နေ့က ဘယ်နေ့လဲဆိုတာ သိဖို့လိုအပ်ပါတယ် ဘဘ။ ဒါမှ ‘ မနက်ဖြန် ’ ရဲ့ အဓိပ္ပာယ်သိမှာပါ ”

“ ဟုတ်ပါတယ်။ ဘာရက်စွဲမှ မပါတဲ့စာမှာ ‘ သန်ဘက်ခါလာခဲ့ပါ ’ လို့ ရေးထားရင်လည်း အဓိပ္ပာယ်မရှိဘူး။ ပြောရဦးမယ်။ စာအုပ်တွေ၊ ပုံနှိပ်ထုတ်ဝေတဲ့နှစ်ကိုသိဖို့လိုအပ်လို့ စာအုပ်ထုတ်ရင်ထုတ်တဲ့ခုနှစ်တို့၊ လတို့ ဖော်ပြရတယ်လေ။ ဒါမှ တိတိကျကျကိုးကားနိုင်မှာပေါ့ ”

“ ဟုတ်ကဲ့ပါ ”

“ ကိုလိုနီခေတ်က ထုတ်တဲ့စာအုပ်တစ်အုပ် ဘဘတွေ့ဖူးတယ်။ ကိုးကားချင်လို့ အဲဒီစာအုပ်ပုံနှိပ်ထုတ်ဝေတဲ့နှစ်ကို စာအုပ်မှာရှာတော့ ဘာတွေ့တယ်ထင်သလဲ ”

“ ဘာတွေ့သလဲ ဘဘ ”

“ ထင်ထင်ရှားရှား ရိုက်ထားတာလေ။ ယခုနှစ်တွင် ပုံနှိပ်သည်တဲ့ - ဗျား။ ကောင်းပါလေရော”

“ သြော်... ဖြစ်မှ ဖြစ်ရလေနော် ”

“ ခုနှစ်မဖော်ပြဘဲ ယခုနှစ်တွင် ပုံနှိပ်သည် ဆိုတော့ ဘယ်နှစ်မှန်း ဘယ်လိုလုပ်ပြီး သိတော့မှာလဲကွယ် ”

“ ဟုတ်ကဲ့ပါ ”

“ မှတ်သားစရာတစ်ခု ပြောရဦးမယ်။ မြန်မာစကားမှာ ‘ ရှေ့ ’ နဲ့ ‘ နောက် ’ ဆိုတဲ့ စကားလုံးနှစ်လုံးရှိတယ်။ နေရာကိုလည်း ဖော်ပြတယ်။ အချိန်ကိုလည်း ဖော်ပြတယ်။ ‘ ရှေ့ ’ က အတိတ်ကိုဖော်ပြတာလား၊ အနာဂတ်ကို ဖော်ပြတာလား။

“အနာဂတ်ကို ဖော်ပြတာပါ ဘဘ။ ရှေ့နှစ်ကျရင်၊ ရှေ့လကျရင်လို့ သုံးဖူးပါတယ် ”

“ ဒါဖြင့် ‘ရှေ့ကလူတွေ လုပ်သွားတဲ့ကိစ္စ’ လို့ သုံးရင်တော့ ”

“ ဒါကျတော့ ရှေ့ကလူတွေဆိုတာ အတိတ်ကို ပြန်ညွှန်းတဲ့စကားဖြစ်နေပါတယ် ”

“ ‘နောက် ’ ကတော့ ဘယ်အချိန်ကို ညွှန်းတာလဲ ”

“နောက်က အတိတ်ကို ညွှန်းတာပါ။ နောက်ကြောင်းပြန်တယ်လို့ သုံးပါတယ် ”

“ ဒါဖြင့် နောက်မှ ပြောမယ်ဆိုရင်တော့ ”

“ ဟာ - ‘ နောက်မှ ’ ဆိုရင်တော့ အနာဂတ်ဖြစ်သွားပြီ ဘဘ ”

“ အဲဒါ စိတ်ဝင်စားစရာကောင်းတာပေါ့။ ‘ ရှေ့’ ရော၊ ‘ နောက်’ရော အတိတ်ကို ရည်ညွှန်းနိုင်သလို အနာဂတ်ကိုလည်း ရည်ညွှန်းနိုင်တယ်ကွဲ့ ”

“စိတ်ဝင်စားစရာပဲနော်ဘဘ။ ဘာဖြစ်လို့ အဲဒီလို နှစ်မျိုးစလုံး ရည်ညွှန်းနိုင်တာပါလိမ့် ”

“ အဲဒီပြဿနာကို အမြင်နှစ်မျိုးနဲ့ ကြည့်လို့ရတယ်။ ပထမတစ်မျိုးက ‘ လူ ’က ရပ်နေပြီးအချိန်က ‘ ရွေ့ ’နေတယ်လို့မြင်တဲ့အမြင်ပဲ။ အဲဒီလိုရှုမြင်ရင်း ကုန်သွားတဲ့ အတိတ်တွေက ရှေ့ရောက်သွားပြီး မလာသေးတဲ့ အနာဂတ်တွေကနောက်မှာ ကျန်ရစ်မှာပေါ့”

“ အဲဒါကို ရှင်းပြပါဦး ဘဘ ”

“ အခု ၂၀၁၉ ခုနှစ်နော်။ အချိန်ကရွေ့နေတယ်ဆိုရင် ၂၀၁၈ ခုနှစ်က ရှေ့ရောက်သွားပြီလေ။ ၂၀၂၀ ခုနှစ်က မလာသေးဘူး။ နောက်မှာ ကျန်ခဲ့တယ်။ ဒီတော့ကုန်သွားတဲ့ အတိတ်က ‘ ရှေ့ ’၊ မလာသေးတဲ့ အနာဂတ်က ‘ နောက် ’ ပေါ့ ”

“ နားလည်ပါပြီ ဘဘ။ ပြက္ခဒိန်မှာ ကုန်သွားတဲ့ဇန်နဝါရီလက ရှေ့ရောက်သွားပြီး စာရွက်ဆုတ်လိုက်ပြီး မလာသေးတဲ့ မတ်လကနောက်မှာ ကျန်ခဲ့တဲ့ သဘောပေါ့ ”

“ ဟုတ်ပဲ့။ အဲ... နောက်အမြင်တစ်မျိုးက ‘ အချိန် ’ က ရပ်နေပြီး လူက ‘ ရွေ့နေတယ် ’ လို့ မြင်တဲ့ အမြင်ပေါ့။ လူကရွေ့နေတာ အခု ၂၀၁၉ မှာရောက်နေပြီ။ ၂၀၂၀ ဆိုတဲ့ အနာဂတ်က မလာသေးဘူး။ ရှေ့မှာရှိနေတယ်။ ၂၀၁၈ ဆိုတဲ့ အတိတ်ကတော့ နောက်မှာကျန်နေခဲ့ပြီ။ အဲဒီတော့ အဲဒီအမြင်အရကြည့်ရင် ကုန်သွားတဲ့အတိတ်က‘နောက်’၊ မရောက်သေးတဲ့ အနာဂတ်က ‘ ရှေ့ ’ပေါ့ကွယ်”

“ ဟုတ်တယ်နော်ဘဘ။ ဒီလိုကြည့်ရင်တော့ ဇန်နဝါရီက နောက်မှာကျန်ခဲ့ပြီး မတ်ကရှေ့မှာ မရောက်သေးဘူးပေါ့။ စိတ်ဝင်စားဖို့ ကောင်းတယ်နော် ဘဘ ”

“ဟုတ်ပါတယ်။ သမီး အေးအေးဆေးဆေး စဉ်းစားရင် သဘောပေါက်မှာပါ။ ဒီတော့ အတိတ်ကို ညွှန်းရင် ‘ရှေ့သွားပုဂ္ဂိုလ်’ လို့ ညွှန်းနိုင်သလို ‘နောက်ကြောင်းပြန်’ လို့လည်း ညွှန်းနိုင်တယ်။ အနာဂတ်ကို ညွှန်းရင်လည်း ‘ရှေ့နှစ်’ လို့ ညွှန်းနိုင်သလို ‘ နောက်နှစ်’ လို့လည်း ညွှန်းနိုင်တယ်။ ဒီတော့ ‘ ရှေ့ ’၊ ‘ နောက် ’ ဆိုတဲ့အသုံးဟာ အတိတ်ရော အနာဂတ်ရော ညွှန်းနိုင်တဲ့ ထူးခြားတဲ့အသုံးပေါ့ကွယ်”

> **“ မှတ်သားစရာ တစ်ခုပြောရဦးမယ်။ မြန်မာစကား မှာ ‘ ရှေ့ ’ နဲ့ ‘ နောက် ’ ဆိုတဲ့ စကားလုံး နှစ်လုံးရှိတယ်။ နေရာကိုလည်း ဖော်ပြတယ်။ အချိန်ကိုလည်း ဖော်ပြတယ်။ ‘ ရှေ့ ’ က အတိတ်ကိုဖော်ပြတာလား၊ အနာဂတ် ကိုဖော်ပြတာလား။ “အနာဂတ်ကို ဖော်ပြတာပါ ဘဘ။ ရှေ့နှစ်ကျရင်၊ ရှေ့လကျရင်လို့သုံးဖူးပါတယ် ” “ဒါဖြင့် ‘ရှေ့ကလူတွေ လုပ်သွားတဲ့ ကိစ္စ’ လို့ သုံးရင်တော့” “ဒါကျတော့ ရှေ့ကလူတွေဆိုတာ အတိတ်ကို ပြန်ညွှန်းတဲ့ စကားဖြစ်နေပါတယ် ”**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

**ဒေါက်တာနီနီသန်း၊ ပါမောက္ခ(ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၁၉ ခုနှစ်၊ မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ သတိပြုရမယ့်အချက်အလက်တွေပဲ ဖြစ်ပါတယ်။**

ပထမဦးစွာ ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံသစ်နဲ့ အမှတ်ခွဲဝေမှုတို့ကို ရှင်းပြလိုပါတယ်။ မေးခွန်းပုံစံသစ်မှာ ယခင်လိုပဲ Section-A နဲ့ Section-B ဆိုပြီး အပိုင်း(၂) ပိုင်းပါဝင်မှာဖြစ်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ်(၁)ကနေ နံပါတ်(၄)အထိ (၁) မှတ်တန် မေးခွန်း (၇) ပုဒ်စီ မေးထားပါတယ်။ နံပါတ်(၅)မှာ Definition or Explanation or Statement (၁)မှတ်တန် (၈) ပုဒ်မေးထားတဲ့အတွက် စုစုပေါင်း(၃၆)မှတ်ဖိုး ဖြေဆိုရပါမယ်။

**Section-B** မှာတော့ short question ဖြစ်တဲ့ (၂)မှတ်တန် မေးခွန်း(၆) ပုဒ်ကို နံပါတ်(၆)မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇)မှာတော့ Medium question ဖြစ်တဲ့ (၄)မှတ်တန်မေးခွန်း (၈)ပုဒ်မေးပြီး နှစ်သက်ရာ(၅)ပုဒ်၊ နံပါတ်(၈)မှာတော့ (၈)မှတ်တန် (၆)ပုဒ်မေးပြီး (၄)ပုဒ် ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း (၉၂) မှတ်ထဲက (၆၄) မှတ်ဖိုး၊ စုစုပေါင်း(၁၂၈)မှတ်ဖိုးထဲက အမှတ်(၁၀၀)ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်း (၁) မှ (၅) အထိဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တဲ့အတွက် ဒီမေးခွန်းတွေဖြေဆိုတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကို ဦးစွာရှင်းပြပါမယ်။

**မေးခွန်း (၁)** အမှား အမှန်ရွေးချယ်စေတဲ့မေးခွန်း (True or False) မှာ အဖြေကို T (သို့) F လို့မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာ ဖြစ်ပါတယ်။

**မေးခွန်း(၂)** ကွက်လပ်ဖြည့်တဲ့ မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ ဥပမာ -------- is an indicator which is colourless in acid. ဆိုတဲ့ မေးခွန်းရဲ့အဖြေဟာ Phenolphthalein ဖြစ်ရမယ့်အစား Phenolphth**alene** (သို့) Phe**noltha**lein (သို့) **p**henolphthalein လို့ ဖြေရင်မှားပါတယ်။ စာကြောင်းရဲ့အစဖြစ်လို့ capital letter နဲ့လည်း ဖြေရပါမယ်။

**မေးခွန်း (၃)** ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန် တစ်ခုထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန် (၂) ခုကို တစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။ ဥပမာ Effect of pressure on [solids; liquids; gases] is negligible. ဆိုတဲ့မေးခွန်းအတွက် solids နဲ့ liquids လို့ဖြေမှ အမှတ်ရမှာဖြစ်ပါတယ်။

**မေးခွန်း (၄)** Matching ဖြေဆိုတဲ့အခါ List A နဲ့ List B ပါ အကြောင်းအရာကို ယှဉ်တွဲခြင်း မေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ် အက္ခရာ (a), (b), (c)... နဲ့ပုဒ်ခွဲနံပါတ် (i), (ii), (iii) ... တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလိုအတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

နံပါတ် (၁) မှ (၄) အထိ Objective types မေးခွန်းတွေကို အမှတ်ပြည့်ရအောင် ဖတ်စာအုပ်တစ်အုပ်လုံးကို သေချာစွာဖတ်ရှုလေ့လာမှသာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

**မေးခွန်း(၅)** မှာ Definition or Explanation or Statement (၁) မှတ်တန် (၈)ပုဒ် ပါပါတယ်။ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ အကြောင်းအရာချင်းတူနေလျှင်ဖြစ်စေ အဓိပ္ပာယ်ပြောင်းလဲမှု မရှိလျှင်ဖြစ်စေ မည်သည့် Definition ကိုမဆို ဖြေဆိုလို့ ရပါတယ်။ ဥပမာ- Definitions of Isotopes ကိုဖြေဆိုရာမှာ Atoms of the same element that have the same number of protons but different numbers of neutrons are called isotopes. (or) Isotopes are the atoms of the same element with different masses. (or) Atoms of the same element can have different numbers of neutrons". လို့ ဖြေဆိုနိုင်ပါတယ်။

အခုဆက်လက်ပြီး Section-B မေးခွန်း (၆) မှ (၈) အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့်အချက်တွေကို ပြောပြပါမယ်။ ဒီ Section-B မှာ definition, law, explanation မေးရင် (၂) မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ ထည့်ဖြေရပါမယ်။ ဥပမာ State the Boyle's law အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အပြင် Mathematical expression ကိုပါ ဖြေဆိုရပါမယ်။

**Chapter (1)** The Electronic Structures of Atoms, Periodic Table and Chemical Bonds အခန်းမှာ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p, ē, n အရေအတွက်ကို တွက်တတ်ရမယ်။ ပါဝင်တဲ့ ē တွေရဲ့ တည်ဆောက်ပုံအမျိုးမျိုး Electronic structures, Complete electronic structures နဲ့ Essential electronic structures ၊ ဒီဒြပ်စင်ရဲ့ Periodic Table ရှိတည်နေရာ (Position) ၊ ဒီဒြပ်စင်ရဲ့ valence, type of element (metal or nonmetal or metalloid) တွေကို ရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်း ပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒီဖြစ်လာတဲ့ဒြပ်ပေါင်းရဲ့ Formula, electron dot–cross structure တွေကိုရေးတတ်ဖို့ လိုပါတယ်။ octet rule ကို လိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို မလိုက်နာ(ခြွင်းချက်ရှိ)တဲ့ ဒြပ်ပေါင်းတွေလည်း ရှိတယ်ဆိုတာ သိထားရမယ်။ အဲဒီဒြပ်ပေါင်းတွေ (ဥပမာ- $BF_3$, $ClF_3$) ရဲ့ ē dot-cross structure တွေကို လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။

ဥပမာ $_9F$ အတွက် Complete electronic structure ဆိုရင်တော့ $1s^2$ $2s^2$ $2p^5$ လို့ sub-shell တွေနဲ့ အပြည့်အစုံရေးရမယ်။ Essential electronic structure ဆိုရင် outermost shell ဖြစ်တဲ့ $2s^2$ $2p^5$ ကိုပဲ ရေးရမယ်။ position ကတော့ Period 2, Group VIIB ဖြစ်ပြီး Valence 1 ဖြစ်တယ်။ type of element ဆိုရင် broken line ရဲ့ ညာဘက် p-block element ဖြစ်လို့ non-metal ဖြစ်ပြီး Halogen လည်း ဖြစ်တယ်။ ဒီဒြပ်စင် F ဟာ Na metal နဲ့ ပေါင်းစပ်တဲ့အခါ ionic (electrovalent) bond ပဲ ဖြစ်မယ်။ Formula နဲ့ ē dot-cross structure ကိုလည်း ရေးတတ်ရမယ်။

ခြွင်းချက်အနေနဲ့ Al ဟာ dark line ရဲ့ဘယ်ဘက်မှာရှိပြီး p-block element ဖြစ်ပေမယ့် metal character ပိုများတယ်။ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် Al metal နဲ့ Cl non-metal ပေါင်းရင် covalent bond ဖြစ်တာ သိရမယ်။ ဒါ့အပြင် alkaline earth metal ဖြစ်တဲ့ Be နဲ့ non-metal Cl ပေါင်းရင်လဲ covalent bond ပဲဖြစ်တယ် ဆိုတာတွေကို သတိထားရလိမ့်မယ်။ ဘာကြောင့်လည်းဆိုတော့ ionic bond, covalent bond ဖြစ်နိုင်မှုဟာ ပေါင်းစပ်တဲ့ atom နှစ်ခုရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှု (electronegativity difference) အပေါ်မှာ မူတည်လို့ပဲ။ ဥပမာ $AlF_3$ မှာ Al နဲ့ F ဟာ ionic bond ဖြစ်ပြီး $AlCl_3$ မှာ Al နဲ့ Cl ဟာ covalent bond ဖြစ်တယ်။ Al နဲ့ F ရဲ့ လျှပ်စစ်ဓာတ်မဆွဲအား ခြားနားမှုဟာ 1.5 ထက်ကြီးပြီး Al နဲ့ Cl ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ 1.5 ဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်။ Ionic compounds နဲ့ Covalent compounds တွေရဲ့ ခြားနားချက်တွေကိုလည်း သိထားရမယ်။

နောက်တစ်ခုကတော့ molecule တစ်ခုတည်းရှိ atom ပေါ်မှာ lone pair ē ရှိပြီး ဒီပစ္စည်းက ē deficient molecule နဲ့ ပေါင်းစပ်ရင် co-ordinate bond ဖြစ်ကြောင်း သိထားရမယ်။ ဥပမာ $NH_3$ ရဲ့ nitrogen atom မှာ lone pair ē ရှိပြီး $BF_3$ ရဲ့ B atom မှာ ē (၈)လုံးပြည့်ဖို့ (၂) လုံးလိုနေတာကြောင့် ယင်းဒြပ်ပေါင်း(၂)ခု ပေါင်းစပ်ရင် nitrogen က lone pair ē စုံကိုပေးပြီး အဲဒီ ē စုံကို N နဲ့ B တို့ဟာ ဖက်စပ်သုံးကြတယ်။ ဒါကြောင့် co-ordinate bond ကို Special type of covalent bond လို့ ခေါ်တယ်။

Periodic table ရဲ့ group နဲ့ period အလိုက် Periodic properties တွေဖြစ်တဲ့ atomic size, electronegativity, electropositivity, ionization energy နဲ့ electron affinity တွေ ပြောင်းလဲမှုကို လေ့လာတဲ့အခါ Atom တွေရဲ့ size ဟာ အုပ်စုတစ်ခုတည်းမှာ အပေါ်မှအောက်သို့သွားရင် အရွယ်ကြီးလာပြီး အပိုင်းတစ်ခုတည်းမှာ ဘယ်ဘက်မ ညာဘက်သို့သွားရင် အရွယ်ငယ်သွားတာကို တွေ့ရ ပါမယ်။ period တစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် electropositivity နည်းသွားပြီး electronegativity တိုးလာတာကို တွေ့နိုင်ပါတယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန် ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရပါမယ်။

ဒါပေမယ့် ခြွင်းချက်တော့ ရှိပါတယ်။ Period 2 ထဲမှာ $_4Be$ ရဲ့ ionization energy က $_5B$ ထက် များနေပြီး $_7N$ ရဲ့ ionization energy ဟာ $_8O$ ထက်များနေတဲ့အကြောင်းတွေက Be မှာ fully filled 2s sub-shell ရှိပြီး N မှာတော့ half filled 2p sub-shell ရှိနေလို့ပါပဲ။ ဒါကြောင့် Be နဲ့ N က တည်မြဲတယ်။ ē ကိုထုတ်ဖို့မလွယ်ဘူး။ ဒါကြောင့် ion ဖြစ်ဖို့ စွမ်းအင်အများကြီးလိုတယ်။ ဒါကြောင့် ionization energy ကြီးတာပေါ့။ Group VIIB, halogens တွေထဲမှာ $_9F$ ရဲ့ electron affinity က $_{17}Cl$ ထက်ငယ်နေတဲ့ အကြောင်းကတော့ F atom ဟာ အရွယ်အစားသေးငယ်တဲ့အတွက် ဝင်လာတဲ့ ē ကို F atom မှာရှိပြီးသား ē (၉) လုံးက ပြင်းထန်စွာ တွန်းကန်မှုကြောင့် ဖြစ်တယ်။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့အများဆုံး အုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုလည်းရှိပါတယ်။ group IA (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့ အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron ကို လွယ်ကူစွာ ဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက်ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာထိန်းချုပ်မထားနိုင်တဲ့အတွက် နောက်ထပ် electron တစ်လုံးထပ်ထည့်ဖို့ ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy က နည်းသွားရခြင်းဖြစ်ပါတယ်။ Group 0 (noble gases) မှ elements တွေဟာ တည်မြဲတဲ့ electron တည်ဆောက်ပုံ ပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဆုံးအခွံမှ ē တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်းဖြစ်တယ်။ group VIIB (halogens) မှ elements များမှာတော့ အပြင်ဘက်ဆုံးအခွံမှာ ē (၇) လုံးရှိကြပါတယ်။ နောက်ထပ် ē တစ်လုံးထပ်ထည့်လိုက်ရင် noble gases တွေရဲ့ ē တည်ဆောက်ပုံဖြစ်သွားကြလို့ ē ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့ လိုအပ်ပါတယ်။

အခန်း(၂) မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့ နိယာမတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula/ equation, constant terms, measurable quantities နဲ့ units တွေပါ သိထားဖို့ လိုအပ်ပါတယ်။ Law နဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေ တွက်တဲ့အခါမှာလည်း အသုံးပြုရမဲ့ gas law equation နဲ့ unit များကို မှန်ကန်စွာ ရေးတတ်ဖို့လိုပါတယ်။ unit များမလိုပါက မထည့်မိဖို့ သတိထားရပါမယ်။ law တွေရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression/ formula ပေးပြီး law အမည်ကိုပြန်ရေးတဲ့အခါ အပြည့်အစုံဖော်ပြရပါမယ်။ Mathematical expression နဲ့ mathematical equation မတူတာ သေချာသိထားဖို့ လိုပါတယ်။

ဒါ့အပြင် ဓာတ်ငွေ့ one mole ရဲ့ mass နဲ့ one molecule ရဲ့ mass တွေကို ခွဲခြားတတ်ရမယ်။ One mole of $H_2$ ရဲ့ mass ဆိုရင် 2 g ဖြစ်ပြီး one molecule of $H_2$ ရဲ့ mass ဆိုရင် 2 amu ဖြစ်တယ် ဆိုတာသိရမယ်။

**Chapter (3)** Stoichiometry မှာတော့ ဓာတ်ပြုခြင်းတစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း / ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ ပမာဏတွေကို law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ် အခြေခံပြီး တွက်ချက်ရတာတွေ ပါပါတယ်။ ဓာတ်ပြု ပစ္စည်း(သို့)ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/formula weight, % composition တွေကို လည်းတွက်တတ်အောင် လေ့ကျင့်ထားရပါမယ်။ ဓာတ် ပစ္စည်းများရဲ့ molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကိုတွက်ချက်ခြင်း၊ ဓာတ်ပစ္စည်းတွေရဲ့ ပမာဏကို mole (သို့) millimole နဲ့ တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာ ပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းက ဖြစ်ပေါ်လာတဲ့ ဓာတ်ဖြစ်ပစ္စည်းပမာဏဟာ limiting substance ပေါ်မူတည်နေကြောင်း နားလည်ဖို့လိုပါတယ်။

Volumetric analysis (ထုထည်တိုင်းဓာတ်ခွဲခြင်း) မှာ Burette, Pipette, Conical flask တွေသုံးပြီး ပျော်ရည်အချင်းချင်းဓာတ်ပြုခြင်းကို လေ့လာတာဖြစ်ပါတယ်။ Titration, standardization, molarity, molar solution တို့ကို နားလည်ရမယ့်အပြင် equivalence point နဲ့ end point ခြားနားချက်တို့ကိုလည်း သိရှိရမှာဖြစ်ပါတယ်။ ပျော်ရည်များဖြစ်တဲ့အတွက် ယင်းပျော်ရည်များရဲ့ပြင်းအား (molarity) တွက်ချက်ခြင်း၊ စံပျော်ရည်(ပြင်းအားသိပျော်ရည်)ဖျော်ယူခြင်း၊ စံပျော်ရည်များအသုံးပြုပြီး acid-base titration လုပ်ဆောင်နိုင်ခြင်းတို့ကို သိရှိနားလည်ဖို့လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေကိုလည်း သတိထားရမယ်။ amount of solute ကို mole နဲ့ပြရင် ထုထည်ကို $dm^3$ နဲ့ထားရပြီး millimole နဲ့ပြရင်တော့ Volume ကို $cm^3$ နဲ့ ရေးရမှာဖြစ်တယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း)ပုစ္ဆာမျိုးကို တွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimole) မပြောင်းမှ $M_1V_1 = M_2V_2$ နဲ့တွက်လို့ ရတယ်ဆိုတာ သတိပြုရပါမယ်။ Titration ပုစ္ဆာတွေတွက်ရင် balanced equation ကို မှန်ကန်အောင် ရေးနိုင်ဖို့ အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညှိတာမညီခဲ့ရင် mole ratio မှားနိုင်တာကြောင့် ပုစ္ဆာတစ်ပုဒ်လုံး မှားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။ Molarity ရှာတဲ့အခါ Molarity ပုံသေနည်းကို မှန်ကန်ပြည့်စုံစွာ ရေးပြီးမှ တွက်ရပါမယ်။

Chapter (4) Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင် (Electrodes) အမျိုးမျိုးပြောင်းပြီး လျှပ်စစ်ဓာတ်သုံးဖြိုခွဲခြင်းတွေကို လေ့လာတဲ့အကြောင်းအရာ ဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ insulator ခြားနားချက်၊ electrolytes နဲ့ non-electrolytes ခြားနားချက်တွေကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာ သတ္တုအခဲအခြေအနေနှင့် အရည်အခြေအနေနှစ်မျိုးစလုံးမှာ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence ē တွေ ရွေ့လို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ပါဘူး။ ဥပမာ သစ်သား၊ ရော်ဘာ၊ ပလတ်စတစ်တွေပေါ့။

Electrolytes တွေကတော့ electrovalent compounds တွေဖြစ်ပြီး သူတို့ရဲ့အခဲရည်ပျော် (molten salt) (သို့မဟုတ်) ရေမှာဖျော်ထားသော ပျော်ရည် (aqueous salt solution) မှာ ions တွေ ရွေ့လျားလို့ လျှပ်ကူးနိုင်တယ်။ ဥပမာ Molten NaCl (အခဲရည်ပျော်)နဲ့ Aqueous NaCl (ရေပျော်ရည်) တွေဖြစ်တယ်။ non-electrolytes တွေက covalent compounds ဖြစ်ပြီး molecules တွေပါဝင်နေတယ်။ ions တွေ မပါလို့ လျှပ်မကူးနိုင်ပါဘူး။ ဥပမာ သကြားပျော်ရည်၊ ယူရီးယား ပျော်ရည်တွေပေါ့။

Electrolysis လုပ်ရာမှာ molten salt (အခဲရည်ပျော်) နဲ့ aqueous salt solution (ဆားပျော်ရည်) ဘယ်လိုကွာခြားသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ cation တစ်မျိုးနဲ့ anion တစ်မျိုးစီသာပါပြီး aqueous salt solution မှာတော့ အဲဒီ ions များအပြင် ရေမှထွက်လာတဲ့ $H^+$ နဲ့ $OH^-$ ions တွေပါလာမယ်ဆိုတာ သိရှိထားရပါမယ်။ electrode reaction ရေးရင်လည်း ထည့်သွင်းစဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းမှရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့ အုပ်စုများရဲ့တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များ (anode, cathode) ရဲ့ သဘာဝစတဲ့အချက်များက လွှမ်းမိုးနေကြောင်း ရှင်းရှင်းလင်းလင်းသိထားဖို့ လိုပါတယ်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ဒါမှ cathode နဲ့ anode reactions များရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက cathode မှာထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာထွက်မယ်ဆိုတာ မှန်ကန်စွာဆုံးဖြတ်နိုင်ပါမယ်။ ဥပမာ fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ $Na^+$ နဲ့ $Cl^-$ ion တွေပဲရှိတယ်။ ဒါကြောင့် cathode မှာ $Na^+$ က Na atom အဖြစ်ကပ်တင်ပြီး anode မှာ $Cl_2$ gas ထွက်မယ်။ Dilute NaCl ဆားပျော်ရည်ဖြစ်ရင်တော့ $Na^+$, $Cl^-$ အပြင် $H^+$, $OH^-$ တို့ကိုပါ စဉ်းစားရမယ်။ electrochemical series (E.C.S) ရဲ့ position အောက်ဘက် ရောက်လေ discharge ဖြစ်လွယ်လို့ $H_2$ နဲ့ $O_2$ gas တွေ ထွက်မယ်။ Moderately concentrated NaCl solution ဆိုရင်တော့ concentration effect ကြောင့် anode မှာ $O_2$ မထွက်ဘဲ $Cl_2$ ထွက်မယ်။ Brine (saturated NaCl solution) ကို Pt or graphite electrodes သုံးပြီး electrolysis လုပ်မယ်ဆိုရင်လည်း NaCl ရဲ့ပြင်းအားများတာကြောင့် concentration effect ရှိတယ်။ Anode မှာ $Cl_2$ ပဲထွက်မယ်။ ဒါပေမယ့် brine ကို graphite anode နဲ့ mercury cathode သုံးပြီး electrolysis လုပ်ရင်တော့ nature of electrode အရ product အနေနဲ့က Na/Hg ထွက်မယ်။ Electrolysis product တွေအပေါ်မှာ သက်ရောက် တဲ့ အချက်တွေကို Table (1) မှာ ဖော်ပြထားပါတယ်။

process တွေမှာ Redox reactions တွေ ပါဝင်နေတယ်။ ဓာတ်ဖို ions (cations) တွေက cathode (ဓာတ်မတိုင်) မှာ ဓာတ်လျှော့ခြင်း ဖြစ်ပေါ်ကြပြီးတော့ ဓာတ်မ ions (anions) တွေက anode (ဓာတ်ဖိုတိုင်) မှာ ဓာတ်တိုးခြင်းဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိထားမှ electrode တွေပေါ်မှာ ဖြစ်ပေါ်တဲ့ half-reaction တွေကို မှန်မှန်ကန်ကန်ရေးနိုင်ပါမယ်။

ဓာတ်တိုးဓာတ်လျှော့ညီမျှခြင်းညှိရာမှာ ညှိပုံ(၂)မျိုး oxidation number method နဲ့ half-reaction method ရှိပါတယ်။ မေးခွန်းမှာ ဘယ်နည်းနဲ့ မေးမေး အဆင့်ဆင့်ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ oxidation number method နဲ့ ဖြေမယ်ဆိုရင် ပေးထားတဲ့ညီမျှခြင်းမှာပါတဲ့ ဓာတ်တိုးဓာတ်လျှော့ဖြစ်တဲ့ elements (သို) ions များအပေါ်မှာ element/atom တစ်လုံးရဲ့ oxidation number ကို ဖော်ပြခြင်း၊ oxidize (-ē) / reduce (+ē) ရေးပေးရခြင်း၊ ē transfer အရေအတွက် (oxidation ဖြစ်တဲ့ atom အတွက် ē ဆုံးရှုံးမှုနဲ့ reduction ဖြစ်တဲ့ atom က ē ရရှိမှု) တွေကို မှန်မှန်ကန်ကန်ရေးပေးရပါမယ်။ ခဲတံနဲ့မရေးမိဖို့လည်း သတိပြုရပါမယ်။ Oxidation number ကို သက်ဆိုင်ရာအက်တမ်ရဲ့အပေါ်မှာပဲ ရေးခွင့်ရှိပါတယ်ဆိုတာ သေသေချာချာမှတ်ထားပေးဖို့လိုပါတယ်။

Half-reaction method ဆိုရင်တော့ oxidation နဲ့ reduction ဖြစ်တဲ့ half-reaction နှစ်ကြောင်း ခွဲရေးပြီး အဆင့်ဆင့်မှန်ကန်စွာ ဖြေဆိုပေးရပါမယ်။

**Table 1 Factors Influencing Electrolysis Products**

| Electrolytes & theirs ions | Electrodes and Reactions | | | | Deciding factor |
|---|---|---|---|---|---|
| | Anode | Anode reaction | Cathode | Cathode reaction | |
| (1) Fused NaCl ($Na^+$, $Cl^-$) | Pt (or) graphite | $2Cl^- \rightarrow Cl_2 + 2\bar{e}$ | Platinum | $Na^+ + \bar{e} \rightarrow Na$ | - |
| (2) Dilute Aqueous NaCl solution ($Na^+$, $Cl^-$, $H^+$, $OH^-$) | Pt (or) graphite | $4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$ | Platinum | $2H^+ + 2\bar{e} \rightarrow H_2$ | E.C.S. |
| (3) Saturated NaCl solution (brine) ($Na^+$, $Cl^-$, $H^+$, $OH^-$) | Pt (or) graphite | $2Cl^- \rightarrow Cl_2 + 2\bar{e}$ | Platinum | $2H^+ + 2\bar{e} \rightarrow H_2$ | Concentration effect |
| | graphite | $2Cl^- \rightarrow Cl_2 + 2\bar{e}$ | Mercury | $Na^+ + \bar{e} \rightarrow Na$<br>$Na + Hg \rightarrow Na/Hg$ | Nature of electrode & concentration effects |

Faraday's laws တွေကို အသုံးပြုပြီး သတ္တုဒြပ်စင်တွေရဲ့ relative molecular mass, cathode ပေါ်မှာကပ်တင်တဲ့ သတ္တုပမာဏ၊ electrolysis လုပ်နေစဉ် အသုံးပြုတဲ့လျှပ်စစ်ပမာဏနဲ့ anode မှာ ထွက်လာတဲ့ ဓာတ်ငွေ့ထုထည်တွေကို တွက်ယူနိုင်ပါတယ်။ Electroplating လုပ်ငန်းများဖြစ်တဲ့ ကြေးရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်းနှင့် ခရိုမီယမ်စိမ်ခြင်းတွေမှာလည်း Faraday's first law သုံးပြီး သတ္တု ရည်စိမ်တဲ့ ပစ္စည်းပေါ်မှာ ကပ်တင်စေမယ့်သတ္တုပမာဏ၊ လျှပ်စစ်ဖြတ်သန်းစေရမယ့်အချိန်၊ ဖြတ်သန်းရမယ့် လျှပ်စစ်ပမာဏတို့ကို ကြိုတင်တွက်ယူနိုင်ပါတယ်။ ဒါ့အပြင် electroplating (၃)မျိုးမှာ အသုံးပြုထားတဲ့ electrolytes တွေ၊ anode မှာသုံးတဲ့ metals တွေ၊ electrode reactions တွေကို Table (2) မှာ လေ့လာနိုင်ပါတယ်။ object (ကပ်တင်ခံမယ့်ပစ္စည်း) ကိုတော့ cathode မှာပဲ ထားရမယ်ဆိုတာ သေချာစွာ မှတ်သားထားစေလိုပါတယ်။

နောက်ဆုံးအဖြေထုတ်တဲ့ညီမျှခြင်းကို အသေးငယ်ဆုံး mole အရေအတွက်နဲ့ ဖော်ပြရမယ်။

**Chapter (6) Rates of Reactions and Equilibria** အခန်းမှာတော့ ဓာတ်ပြုနှုန်းနဲ့ ဓာတ်ပြုမျှခြေ ဆိုင်ရာအကြောင်းအရာတွေ ပါပါတယ်။ ဓာတ်ပြုနှုန်းဆိုတာ အချိန်တစ်ယူနစ်အတွင်း ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းများရဲ့ ပြောင်းလဲခြင်းဖြစ်တယ်။ ဓာတ်ပြုနှုန်းနှေးရင် အချိန်ကြာပြီး ဓာတ်ပြုနှုန်းမြန်ရင် အချိန်တိုပါတယ်။ ဒါကြောင့် ဓာတ်ပြုနှုန်းဟာ အချိန်နဲ့ပြောင်းပြန်အချိုးကျတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာပါဝင်နေတဲ့ ဓာတ်ပြုပစ္စည်းများထဲရှိ Atoms/molecules/ions များ အချင်းချင်းထိတိုက်တိုင်း ဓာတ်ပြုခြင်းမဖြစ်ပါ။ လုံလောက်တဲ့စွမ်းအင်နဲ့ ဓာတ်ပြုခြင်းဖြစ်စေမဲ့ သင့်တော်တဲ့အနေအထားမှာ ဓာတ်ပြုပစ္စည်းများ အချင်းချင်း ထိတိုက်မှု အကြိမ်များလေလေ ဓာတ်ပြုနှုန်းမြန်လေလေဖြစ်တယ်။

**Table 2 Electroplating (for appearance of the electroplated objects and resistance to corrosion)**

| Name of Electroplating | Electrolytes used | Electrodes used as | | Reactions | |
|---|---|---|---|---|---|
| | | Cathode | Anode | Cathode | Anode |
| (i) Cu plating | $CuSO_4$ Solution | Object (article) | Cu | $Cu^{2+} + 2\bar{e} \rightarrow Cu$ | $Cu \rightarrow Cu^{2+} + 2\bar{e}$ |
| (ii) Ag plating | $K[Ag(CN)_2]$ solution | Object | Ag | $Ag^+ + \bar{e} \rightarrow Ag$ | $Ag \rightarrow Ag^+ + \bar{e}$ |
| (iii) Cr plating | $Cr_2(SO_4)_3$ in $H_2SO_4$ and water | Steel object | Pb | $Cr^{3+} + 3\bar{e} \rightarrow Cr$ | $4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$ |

**Chapter (5) Oxidation and Reduction** အခန်းမှာတော့ oxidation နဲ့ reduction တွေရဲ့အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုသတ်မှတ်နိုင်ပါတယ်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေနဲ့ ions တွေမှာရှိတဲ့ elements တွေရဲ့ Oxidation number တွက်ပုံတွက်နည်းကို လေ့ကျင့်ထားရပါမယ်။ Oxidation number ရေးရင် သင်္ချာဂဏန်းရဲ့ရှေ့မှာ (+)(-) လက္ခဏာထည့်ပြီး ဖော်ပြရပါမယ်။ Ions တွေရဲ့ charge ကို ရေးရင် သင်္ချာဂဏန်းရဲ့နောက်မှာ လက္ခဏာထည့်ရမယ်။

Oxidizing agent (ဓာတ်တိုးစေသောပစ္စည်း) နဲ့ reducing agent (ဓာတ်လျှော့စေသောပစ္စည်း) ခြားနားချက်တွေကတော့ ē တွေကို လက်ခံတဲ့ပစ္စည်းဟာ Oxidizing agent ဖြစ်ပြီး ē ထုတ်ပေးတဲ့ပစ္စည်းက reducing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်တိုးစေပြီး ကိုယ်တိုင်ဓာတ်လျှော့ရင် Oxidizing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်လျှော့စေပြီး ကိုယ်တိုင်ဓာတ်တိုးရင် reducing agent ဖြစ်တယ်ဆိုတာ သိထားသင့်တယ်။ Oxidizing agent နဲ့ reducing agent တွေပေးထားရင်လည်း ရွေးတတ်ရမယ်။ Redox reaction တွေမှာ reducing agent ရှိ ē တွေက oxidizing agent ဆီ ကူးပြောင်းသွားတာကို သဘောပေါက်နားလည်ရမယ်။

**Chapter (4) Electrolysis** အခန်းမှာတွေ့ခဲ့ရတဲ့ Electrolytic

ဓာတ်ပြုခြင်းတစ်ခုရဲ့ မြန်ခြင်း၊နှေးခြင်းအပေါ် သက်ရောက်တဲ့အချက်(၆) ချက်ရှိတယ်။ ဓာတ်ပြုပစ္စည်းများရဲ့ပါဝင်ကိန်း၊ ဖိအား၊ အပူချိန်၊ ဓာတ်ကူပစ္စည်းများ၊ ရောင်ခြည်နဲ့ ဓာတ်ပြုပစ္စည်းများရဲ့ မျက်နှာပြင်ဧရိယာတို့ ဖြစ်တယ်။

Effect of concentration of reactant မှာ ဓာတ်ပြုခြင်းထဲမှာပါတဲ့ ဓာတ်ပြုပစ္စည်း (reactants) များရဲ့ ပါဝင်ကိန်းများရင် reactants အချင်းချင်း ထိတိုက်မှု (Collision) ပိုများမယ်။ ဒါကြောင့် ဓာတ်ပြုခြင်းများဟာ ဓာတ်ပြုပစ္စည်းများရဲ့ Concentration များလာရင် ထိတိုက်နိုင်တဲ့အခြေအနေများတဲ့အတွက် reaction rate မြန်တယ်။ Effect of concentration of reactant ကို ဥပမာနဲ့ လေ့လာကြည့်ရအောင်။ Mg ribbon 1 g ကို 0.5 M HCl နဲ့ 1.0 M HCl ရှိနေတဲ့ Beaker တစ်လုံးစီထဲကို ထည့်လိုက်ရင် 1.0 M HCl ထည့်ထားတဲ့ Beaker ခွက်ထဲက Mg ribbon တွေက မြန်မြန်ဓာတ်ပြုပြီး ကုန်သွားမယ်။ 1.0 M HCl ရဲ့ ပြင်းအားက 0.5 M HCl ရဲ့ ပြင်းအားထက်ပိုများလို့ ဖြစ်တယ်။ တစ်နည်းအားဖြင့် 1.0 M HCl ထဲရှိ acid molecule အရေအတွက်ဟာ 0.5 M HCl ထဲရှိ acid molecule အရေအတွက်ထက် ပိုများတဲ့အတွက် Mg atom နဲ့ acid molecules တွေ ထိတိုက်တဲ့အကြိမ်အရေအတွက် ပိုများလာလို့ ဓာတ်ပြု နှုန်း မြန်ရခြင်းဖြစ်တယ်။

Effect of pressure ကတော့ ဓာတ်ငွေ့များသာပါတဲ့ ဓာတ်ပြုခြင်းများနဲ့သာ သက်ဆိုင်တယ်။ Solids, liquids နဲ့ aqueous solutions များပါဝင်ခဲ့ရင် ဖိအားသက်ရောက်မှုမရှိနိုင်ပါ။ သံစလေးတွေဟာ oxygen 20 % သာပါတဲ့လေထဲမှာ ဖြည်းညင်းစွာလောင်ကျွမ်းပြီး pure oxygen မှာတော့ မီးပွားများ ထွက်ပြီး ပြင်းထန်စွာလောင်ကျွမ်းတာကို တွေ့ရပါတယ်။ oxygen ပါဝင်မှုများလေလေ ယင်းဓာတ်ငွေ့ရဲ့ဖိအားလည်း များလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းလည်းမြန်လာတယ်။

Effect of temperature မှာတော့ ဓာတ်ပြုခြင်းများဟာ နိမ့်တဲ့အပူချိန်ထက် မြင့်တဲ့အပူချိန်မှာ လျင်မြန်စွာ ဓာတ်ပြုနိုင်ကြတယ်။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားတဲ့ အစားအစာတွေဟာ အခန်းအပူချိန်မှာထားတဲ့ အစားအစာတွေထက် ပုပ်သိုးပျက်စီးမှုနှေးတာကို တွေ့နိုင်ပါတယ်။ အပူချိန် ၁၀ ဒီဂရီ မြင့်လာရင် ဓာတ်ပြုနှုန်းဟာ (၂)ဆပိုမြန်လာတယ်လို့ဆိုပါတယ်။

Effect of catalysts မှာ positive catalyst နဲ့ negative catalyst (၂)မျိုးရှိတယ်။ Enzyme (biocatalyst)ကို သက်ရှိများရဲ့တစ်သျှူးများမှာ တွေ့ရတယ်။ အစာခြေအင်ဇိုင်းများဖြစ်တဲ့ တံတွေးထဲမှ ptyalin နဲ့ အစာအိမ်အရည်ထဲမှ pepsin enzymes တွေဟာ starch နဲ့ proteins တို့လို မော်လီကျူးကြီးတွေကို ခန္ဓာကိုယ်ဆဲလ်များမှ အသုံးပြုနိုင်တဲ့ sugar လိုသေးငယ်တဲ့ မော်လီကျူးများအဖြစ် ခြေဖျက်ရာမှာ လျင်မြန်စေတဲ့အတွက် ယင်းအင်ဇိုင်းများဟာ positive catalysts များ ဖြစ်ကြတယ်။

Effect of radiation ကို ဓာတ်ပြုခြင်းတစ်ချို့မှာ တွေ့နိုင်ပါတယ်။ $H_2$ နဲ့ $Cl_2$ gas တို့ဟာ တောက်ပတဲ့ နေရောင်အောက်မှာ ပြင်းထန်စွာပေါက်ကွဲပြီး ဓာတ်ပြုနိုင်တယ်။ အဲဒီလို အလင်းရောင်ကနေ Energy (hv) ကို စုပ်ယူပြီးမှဖြစ်တဲ့ ဓာတ်ပြုခြင်းကို photochemical reaction လို့ ခေါ်ပါတယ်။

Effect of surface area of reactants ကိုလည်း ဥပမာနဲ့ လေ့လာကြည့်ရအောင်။ 1.0 M HCl (100 $cm^3$) ပါတဲ့ Beaker နှစ်လုံးကိုယူပါ။ ပထမ Beaker ထဲကို 1 g Mg Powder များထည့်ပြီး ဒုတိယ Beaker ထဲကို 1 g Mg Ribbon များထည့်ပြီး ကြည့်ပါ။ Mg Powder က အရွယ်အစားငယ်ပြီး surface area များလို့ ဓာတ်ပြုခြင်းမြန်တာတွေ့ရတယ်။ Mg Ribbon ကတော့ အရွယ်အစားကြီးပြီး surface area ငယ်တဲ့အတွက် ဓာတ်ပြုခြင်းနှေးတယ်။

ဓာတ်ပြုခြင်းတစ်ခုမျှခြေရောက်ဖို့ ဒီဓာတ်ပြုခြင်းဟာ အပြန်အလှန်ဓာတ်ပြုခြင်း အမျိုးအစားဖြစ်ရပါမယ်။ Reversible reaction မှာ ရှေ့သို့ဓာတ်ပြုခြင်း (forward reaction) ဆိုတာ product ဖြစ်တဲ့ဘက် ညာဘက်သို့သွားခြင်း ဖြစ်တယ်။ ရှေ့သို့ဓာတ်ပြုခြင်းနဲ့ ဆန့်ကျင်ဘက်သွားတဲ့ဓာတ်ပြုခြင်းကို reverse reaction လို့ခေါ်တယ်။ product တွေပြန်ပြိုကွဲပြီး reactant ပြန်ဖြစ်သွားတာပါ။ မျှခြေ ရောက်ပြီဆိုရင်တော့ အပြန်အလှန်ဓာတ်ပြုခြင်း(၂)ခုလုံးရဲ့ ဓာတ်ပြုနှုန်းကတူသွားပြီး ပါဝင်ပစ္စည်းများရဲ့ ပါဝင်ကိန်းတွေ မပြောင်းတော့ပါဘူး။ ဒါကို dynamic equilibrium လို့ခေါ်တယ်။ အဲဒီ dynamic equilibrium ပေါ်ကို သက်ရောက်မှုတွေပေးလိုက်ရင် မျှခြေလားရာပြောင်းလဲပုံကို Le Chatelier's principle က ဖော်ပြထားတယ်။

ဒီမျှခြေကိုပြောင်းလဲစေတဲ့ သက်ရောက်မှု(၃)ခုရှိပါတယ်။ temperature, pressure နဲ့ concentration တို့ပဲဖြစ်ပါတယ်။ မျှခြေကိုရောက်နေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ အပူချိန်မြှင့်လိုက်ရင် အပူစုပ်တဲ့ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပြီး မျှခြေယာယီပျက်သွားပါတယ်။ မြှင့်လိုက်တဲ့အပူချိန်ကုန်သည်အထိ အပူစုပ် ဓာတ်ပြုခြင်းဖြစ်ပြီးရင် မျှခြေ (New state of equilibrium) ကို ပြန်ရောက်ပါတယ်။

ထိုနည်းတူပဲ ဓာတ်ငွေ့ပါတဲ့ ဓာတ်ပြုခြင်းတွေမှာ ဖိအားမြှင့်ပေးခဲ့ရင် Boyle's law အရ ထုထည် ကျုံ့တဲ့ဘက်ကိုဦးတည်ပြီး ဓာတ်ပြုခြင်းဖြစ်ကာ မျှခြေယာယီပျက်သွားပါတယ်။ ဓာတ်ငွေ့ reactant နဲ့ product တွေရဲ့ mole (သို့) volume တူရင် ဖိအားသက်ရောက်မှုမရှိပါဘူး။ Le Chatelier's principle နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေကိုလည်း လေ့ကျင့်ထားဖို့လိုပါတယ်။

ပါဝင်ပစ္စည်းများဖြစ်တဲ့ reactant နဲ့ product တွေရဲ့ ပါဝင်ကိန်းတွေကို ပြောင်းပေးရင် ပါဝင်ကိန်းများတဲ့ဘက်မှ နည်းတဲ့ဘက်ကို ဦးတည်ပြီး မျှခြေယာယီပျက်သွားပါတယ်။ ဒါပေမယ့် တစ်ချိန်ချိန်မှာ မျှခြေကို ပြန်ပြီး ရောက်သွားပါတယ်။

**Chapter (7)** မှာတော့ Energy changes in chemical reactions (ဓာတ်ပြုခြင်းများနဲ့ သက်ဆိုင်တဲ့ စွမ်းအင်ပြောင်းလဲခြင်း) တွေကို ဖော်ပြထားပါတယ်။ Energy အမျိုးအစားများနဲ့ ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရင် အပူထွက်ခြင်း(သို့) အပူစုပ်ခြင်းဖြစ်တာတွေကို တွေ့ရပါမယ်။ဓာတ်ပြုခြင်းတစ်ခုဖြစ်လို့ ပတ်ဝန်းကျင်ကို အပူတွေထွက်လာရင် exothermic reactions လို့ခေါ်ပြီး အပူပြောင်းလဲခြင်း $\Delta H^\theta$ တန်ဖိုးကို အနုတ်လက္ခဏာနဲ့ ဖော်ပြရတယ်။ အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်ကအပူကိုစုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး $\Delta H^\theta$ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ heat absorbed (သို့) heat released ဖြစ်ခြင်းကို constant pressure မှာလေ့လာခဲ့ရင် Enthalpy change ($\Delta H$) လို့ သတ်မှတ်တယ်။ အကယ်၍ standard temperature (25 ˚C/298 K) နဲ့ standard pressure (1 atm/760 mmHg) မှာ လေ့လာမယ်ဆိုရင် Standard enthalpy change ($\Delta H^\theta$) ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ Thermo-chemical equations တွေကို ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း (အပေါင်း(သို့)အနုတ်လက္ခဏာ)များ၊ physical states တွေကို ထည့်ပေးဖို့လိုအပ်ပါတယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး(၃)မျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ $\Delta H^\theta$ တန်ဖိုးကို (+) (သို့) (-) လက္ခဏာဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီးမှတ်သားထားရပါမယ်။

**စာမျက်နှာ ၂၂ သို့**

*စာမျက်နှာ ၂၁ မှ*

Hess's law ပုစ္ဆာတွေနဲ့ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကတော့ ပေးထားချက်နဲ့ နောက်ဆုံးအဖြေဟာ heat of formation (သို့) heat of combustion လားဆိုတာကို မေးခွန်းမှာသေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ $\Delta H^{\theta}$ တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change $\Delta H^{\theta}$ ရဲ့လက္ခဏာတွေနဲ့ unit များကို ပြည့်ပြည့်စုံစုံထည့်သွင်းဖော်ပြရပါမယ်။ heat of combustion ဖြစ်တဲ့ oxygen gas နဲ့ ပေါင်းစပ်မယ့် element (or) compound ဟာ 1 mole သာဖြစ်ရမယ်။ heat of formation ဖြစ်တဲ့ product compound က 1 mole ဖြစ်ရမယ်ဆိုတာတွေကို သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က kJ $mol^{-1}$ ဖြစ်ပြီး heat of formation ကို သင်္ကေတ $\Delta H_f^{\theta}$ နဲ့ ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းများကို "1 ထက်ကြီးတဲ့ ကိန်းပြည့်မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုး ပြောင်းလဲသွားပါမယ်။ Thermochemical equations တွေကို reverse (ပြောင်းပြန်) လုပ်လိုက်ရင်လည်း heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါပြောင်းပေးရပါမယ်။ နောက်ဆုံး အဖြေမှာ heat of combustion ဆိုရင် သင်္ကေတက $\Delta H^{\theta}$ နဲ့ heat of formation ဆိုရင် သင်္ကေတဟာ $\Delta H_f^{\theta}$ ဖြစ်ပါတယ်။ unit တွေမှာ $kJmol^{-1}$ ဖြစ်ရမယ် ဆိုတာ သေသေချာချာသိထားဖို့ လိုပါတယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ၎င်း equation ရှိ substances တွေရဲ့ mass ကို မေးတဲ့ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

**Chapter (8) Some important metals and their compounds** နဲ့ **Chapter (9) Metal reactivity** ကတော့ metallurgy (သတ္တုဗေဒ) နဲ့ ပတ်သက်တဲ့ အခန်းတွေဖြစ်တယ်။ Metals တွေကို သူတို့ရဲ့သတ္တုရိုင်း (Ores) တွေမှထုတ်ပုံ၊ metals တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်းတွေ့ရှိနိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။

သတ္တုတွေနဲ့အောက်စီ၊ လေ (အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ ဓာတ်ပြုနိုင်စွမ်းသတ္တိတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာသိထားရပါမယ်။ Ores တွေနဲ့ Ores ထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့အမည်တွေ၊ Chemical formulae တွေ၊ သတ္တုရိုင်းမှ သတ္တုထုတ်ဖော်တဲ့ နည်းစဉ်တွေ၊ ယင်းသတ္တုများပါတဲ့ ဒြပ်ပေါင်းထုတ်ဖော်ပုံတွေ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေအပြင် ဓာတ်ပြုညီမျှခြင်းတွေကိုလည်း လေ့လာထားရမှာ ဖြစ်ပါတယ်။

Steel အမျိုးအစား (၅) မျိုး၊ alloys (သတ္တုစပ်များ)နဲ့ ယင်းတို့ရဲ့compositions တွေ၊ properties တွေနဲ့ အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့ လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်းအကြောင်းနဲ့ သံချေးတက်ခြင်းကို ကာကွယ်ခြင်း၊ recycling metals (Al & Fe) အကြောင်းတွေကို လေ့လာထားဖို့ လိုပါတယ်။

**Chapter (10) Nitrogen and its compounds** အခန်းကတော့ nitrogen ဆိုင်ရာ ဓာတ်ခွဲခန်းဓာတ်ငွေ့ ($N_2$, $NH_3$, NO, $N_2O$, $NO_2$) ထုတ်ဖော်ပုံ၊ **Chapter (11) Sulphur and its compounds** အခန်းမှာ မြေအောက် (ပေ ၇၀၀ ဝန်းကျင်)ထဲမှာရှိတဲ့ sulphur ကို Frasch Process နဲ့ အမြောက်အမြားထုတ်ယူခြင်း၊ sulphur နဲ့ သက်ဆိုင်တဲ့ ဓာတ်ငွေ့ ($H_2S$, $SO_2$) ထုတ်ဖော်ခြင်း၊ **Chapter (12) The halogens** အခန်းမှာ halogens များဖြစ်တဲ့ $Cl_2$, $Br_2$, $I_2$ ထုတ်ဖော်ခြင်းတွေ လေ့လာထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေကို လေ့လာရင် အညွှန်းမှန်ကန်ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့ စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့စုဆောင်းပုံ၊ ဓာတ်ငွေ့ပြည့်မပြည့်စမ်းသပ်နည်း၊ လိုအပ်လျှင် ဓာတ်ငွေ့ကို ခြောက်သွေ့အောင်ပြုလုပ်နည်းတို့နဲ့တကွ သေချာစွာ လေ့လာမှတ်သားထားရမှာဖြစ်ပါတယ်။

ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ရုပ်ဂုဏ်သတ္တိတွေနဲ့ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမယ့်ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဗေ့စ်ဂုဏ်သတ္တိရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကို သိရှိထားရပါမယ်။

Nitrogen, sulphur, halogens တွေနဲ့ ဆိုင်တဲ့ ဒြပ်ပေါင်းတို့ရဲ့ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ထားဖို့လိုပါတယ်။ Caustic soda (NaOH), chlorine, ammonia, nitric acid နဲ့ sulphuric acid တို့ကို အမြောက်အမြားထုတ်လို့ရတဲ့ Manufacturing (Industrial) Process တွေကိုလည်း သေသေချာချာနားလည်အောင် လေ့လာထားဖို့ လိုအပ်ပါတယ်။

**Chapter (13) Acids, Bases and their Neutralization** မှာတော့ Acids, Bases တို့ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး၊ proton ထုတ်ပေးနိုင်မှုအပေါ် အခြေခံတဲ့ strong acid နဲ့ weak acid ၊ pure acid ပါဝင်မှုပေါ် အခြေခံတဲ့ concentrated acid နဲ့ dilute acid တို့ရဲ့ခြားနားမှု၊ Ionic product of water ($K_w$) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ $K_w$ တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် $K_w$ တန်ဖိုးပြောင်းတယ်ဆိုတာလည်း သိရမယ်။

pH နဲ့ pOH တို့ရဲ့သဘောတရားဖွင့်ဆိုချက်အပြင် pH နဲ့ pOH တို့ရဲ့တန်ဖိုးကိုကြည့်ပြီး ပျော်ရည်တစ်ခုဟာ အက်စစ်လား၊ ဗေ့စ်လားခွဲခြားဖို့ အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH 7 မှာဆိုရင်တော့ ရေသန့်(သို့) ဓာတ်ပြယ် (neutral) တဲ့ ပျော်ရည်ဖြစ်ပါတယ်။ acid တွေရဲ့ပြင်းအားကို $K_a$ (dissociation constant) သို့မဟုတ် $pK_a$ နဲ့ပြနိုင်သလို Base/alkali ပျော်ရည်တွေရဲ့ပြင်းအားကို $K_b/pK_b$ နဲ့ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုထဲမှာ $[H^+]$ များရင် $K_a$ တန်ဖိုးကြီး မယ်။ $K_a$ နဲ့ $pK_a$ ပြောင်းပြန်အချိုးကျလို့ $pK_a$ တန်ဖိုးငယ်သွားမယ်။ ဒါကြောင့် acid strength ကောင်းတယ်။ ပြီးတော့ $[H^+]$ နည်းရင် $K_a$ တန်ဖိုးငယ်ပြီး $pK_a$ တန်ဖိုးကြီးမယ်။ ဒါကြောင့် acid strength နည်းမယ်ဆိုတာ နားလည် သဘော ပေါက်ဖို့လိုပါတယ်။

ဆားအမျိုးအစား(၄)မျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့အားပြင်းဗေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဗေ့စ်၊ အားပျော့အက်စစ်နဲ့အားပြင်းဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပျော့ဗေ့စ်တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့ အကြောင်းရင်းတွေကို ဆားနမူနာများနှင့် အကျိုးအကြောင်း ဆက်စပ်ဖြေရှင်းတတ်ဖို့ လိုပါတယ်။

Buffer solution နဲ့ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ Acidic buffer/ Basic buffer examples နဲ့ ပုစ္ဆာတွေကို မှန်ကန်စွာ ရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer ပျော်ရည်များက acid / base အနည်းငယ် ထည့်သော်လည်း pH ကို မပြောင်းအောင် ဘယ်လိုထိန်းထားနိုင်တာလဲဆိုတဲ့ ရှင်းလင်းချက်ကိုသိထားဖို့ လိုပါတယ်။ Buffer solution ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ပြိုကွဲမှုကို အပြန်အလှန်ညီမျှခြင်း၊ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket [ ] နဲ့ဖော်ပြရပြီး unit ကို M (သို့) mol $dm^{-3}$ နဲ့ဖော်ပြခြင်း၊ pH, pOH, $pK_a$ တို့မှာ unit ဖော်ပြရန်မလိုအပ်ခြင်းစတဲ့ သတိထားရမယ့်အချက်တွေကို နားလည်ဖို့လိုအပ်ပါတယ်။ acid, base တွေရဲ့ pH, pOH, $[H^+]$, $[OH^-]$, $pK_a$ ရှာတဲ့ ပုစ္ဆာတွက်တွေကိုလည်း mathematical formulae တွေ မှန်ကန်စွာရေးပြီး တွက်နိုင်ရပါမယ်။

**Chapter (14) Organic Chemistry** အခန်းမှာတော့ alkanes, alkenes, alkynes နဲ့ alcohols တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံ၊ Isomers တွေရဲ့ တည်ဆောက်ဖွဲ့စည်းပုံ၊ ယင်းတို့ကို trivial နဲ့ IUPAC system တွေနဲ့ အမည်ပေးပုံ၊ ယင်း Hydrocarbons ဒြပ်ပေါင်းတွေကို ဓာတ်ခွဲခန်းမှာ ထုတ်ယူနည်းများနဲ့ယင်းတို့ရဲ့ဂုဏ်သတ္တိတွေကို လေ့လာထားရပါမယ်။ ယင်းဒြပ်ပေါင်းများထုတ်ယူနည်းနဲ့ ဓာတ်ဂုဏ်သတ္တိတွေမှာပါတဲ့ ဓာတ်ပြုခြင်းအမျိုးအစား (substitution, addition reactions) တွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခုပြောင်းလဲခြင်း (Conversion)တွေ၊ ဉာဏ်စမ်းပုစ္ဆာတွေ၊ ခွဲခြားခြင်းတွေကို သေသေချာချာလေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်းခွဲခြားတတ်အောင်၊ ခွဲခြားရာမှာမျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့အရောင်ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ်သတိပြုရမယ့်အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကို ရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ အမည်၊ ဓာတ်ပြုအခြေအနေအပြည့်အစုံထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ပတ်သက်ပြီး non-renewable energy များဖြစ်တဲ့ fossil fuels (crude oil, natural gas, coal) ဖြစ်ပေါ်ပုံ၊ renewable energy များဖြစ်တဲ့ biodiesel & biogas တွေ၊ crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့် ရလာတဲ့ Hydrocarbons နဲ့ ယင်းတို့ရဲ့ အသုံးဝင်ပုံ၊ kerosene, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline ပြောင်းလဲနိုင်ပုံ၊ Gasoline, methanol (liquid fuels) ရဲ့ flash point တွေ၊ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့ လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline နဲ့ diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဒါ့အပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှရနိုင်တဲ့ chemicals တွေအကြောင်း၊ အဲဒီ chemicals တွေရဲ့အသုံးဝင်ပုံ၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite ZSM-5, coal နဲ့ coal gas တွေရဲ့ compositions တွေကို သိရှိထားရပါမယ်။

နောက်ဆုံး **Chapter (15) Chemistry in Society** ဆိုတဲ့ လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေ အသက်ရှင်နေနိုင်ဖို့ လိုအပ်တဲ့သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေသြဇာနဲ့ ဓာတ်မြေသြဇာတို့ဟာ အပင်တွေရဲ့အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံ အဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာသုံးတဲ့ ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris ရဲ့composition ၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာပါဝင်တဲ့ ဆားများနဲ့ ပင်လယ်ရေမှဆားထုတ်ဖော်နည်းများအကြောင်းတွေ ပါဝင်ပါတယ်။

ဒါ့အပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (addition polymer) ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (condensation polymer) ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomers တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomers နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံနဲ့ ပါဝင်တဲ့ဓာတ်စည်းအမျိုးအစား၊ addition နဲ့ condensation polymers တွေရဲ့ ဂုဏ်သတ္တိနဲ့ အသုံးပြုပုံတွေကို လေ့လာမှတ်သားထားရပါမယ်။ Thermoplastic နဲ့ Thermosetting polymers တွေကို ပြန်လည်အသုံးချတဲ့နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ ဆပ်ပြာချက်ခြင်းအကြောင်း၊ soapless detergent အကြောင်းနဲ့ ယင်းတို့ရဲ့ချေးချွတ်နိုင်စွမ်းသတ္တိအကြောင်းတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။ Addition polymers ၊ Condensation polymers တို့နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို Table(3) မှာ ဖော်ပြပေးထားပါတယ်။

**Table 3 Summary of Polymers**

| Type of Polymers (based on structures) | Name of polymers | Monomers present | Properties of polymers | Uses |
|---|---|---|---|---|
| Addition polymers | Polyethene/ Polyethylene (PE) | ethene $CH_2=CH_2$ | tough, durable | plastic bags, bowls, bottles, packaging |
| | Polypropene/ Polypropylene (PP) | propene $CH_3CH=CH_2$ | tough, durable | crates and boxes, plastic rope |
| | Polychloroethene/ Polyvinylchloride (PVC) | chloroethene $CH_2=CHCl$ | strong, hard | insulation, pipes & guttering |
| | Polytetrafluoroethene/ Teflon (PTFE) | tetrafluoroethene $CF_2=CF_2$ | non-stick surface, withstands high temperature | non-stick frying pans, non-stick taps & joints |
| | Polyphenylethene/ Polystyrene (PS) | Styrene $C_6H_5CH=CH_2$ | light, poor conductor of heat | insulation, packaging (foam) |
| Condensation polymers | Nylon/Polyamide | a diamine & a dicarboxylic acid | - | making shirts, ties, sheets & racquet strings |
| | Terylene/Polyester | a diol & a dicarboxylic acid | - | fibre, clothing |

**အကြံပြုချက်**

အခု Chapter တစ်ခုချင်းအလိုက် လေ့လာမှတ်သားရမယ့်အကြောင်းအရာတွေနဲ့ သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ဘယ်လိုလေ့လာမှတ်သားသင့်တယ်ဆိုတာ သဘောပေါက်ပြီထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ် သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ units များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာမေးခွန်းပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားပေးဖို့ သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းပုံစံအသစ်ဟာ ရွေးချယ်ခွင့်နည်းသွားတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅)ခန်းလုံးကို စေ့စပ်သေချာစွာ သိထားဖို့လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၉ ခုနှစ်၊ မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။ ။



## ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ လှူဒါန်းခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်(၂)၊ (၆)ရပ်ကွက်၊ အမှတ် ၃ နေ ဇနီးဖြစ်သူ ဒေါ်အေးအေးသိန်း၊ သား ဦးသူရိန်မြင့်ရွှေ Zawgyi Premier Co., Ltd. ဒေါ်စန္ဒာတင်ထွန်းမိသားစုမှ ဖခင်ကြီး ဗိုလ်မှူးမြင့်ရွှေ(ငြိမ်း) ကွယ်လွန်ခြင်း (၁၄)နှစ်ပြည့်အားရည်စူး၍ အလှူငွေကျပ် ၁၅ သိန်းနှင့် Zawgyi Premier Co., Ltd. ဝန်ထမ်းများမှ ကင်ဆာဝေဒနာရှင်များအတွက် ငွေကျပ် ၃၈ သိန်းတန်ဖိုးရှိ Ovaltine နှင့် Ensure အာဟာရဘူးများလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံရယူပါသည်။

**လှူဒါန်းမှုအပေါ်နတ်လူသာဓုခေါ်စေသော်**

# ကျေးဇူးတင်ပါသည်

ပါရမီတိရစ္ဆာန်ဆေးကုခန်းနှင့် ရောဂါရှာဖွေရေးစင်တာ "Parami Pet Food & Accessories" ဖွင့်ပွဲကို (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်းနှင့် အောက်ဗဟိုလမ်းထောင့်၊ အမှတ် ၁၁၅ ၌ ကျင်းပခဲ့ပါသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပထမဦးစွာ အဖွင့်အမှာစကား ပြောကြားပေးပါသော မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာစောပလယ်စော၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)ဗိုလ်ချုပ်ကြီးကျော်သန်း၊ ဗိုလ်ချုပ် သန်းငွေး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ငြိမ်း) ၊ ဦးစိုးစီနှင့် ဇနီး ပါမောက္ခ ဒေါက်တာလဲ့လဲ့ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးမြင့်ဦးနှင့်ဇနီး ဆရာမ ဒေါ်မြင့်မြင့်သီ၊ ဒေါက်တာဦးမြင့်ခိုင်၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းမှ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ Injinity Vets မှ ဆရာဝန်များ၊ ဆရာမကြီး ဒေါက်တာမေမီမိုးနှင့် ကြွရောက်ချီးမြှင့်ကြသော မိတ်ဆွေသူငယ်ချင်းများကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ပါရမီတိရစ္ဆာန်ဆေးကုခန်းနှင့် ရောဂါရှာဖွေရေးစင်တာ**
**Parami Pet & Food Accessories**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6693၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

### ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊ မိဂလုံကျေးရွာ၊ အထက(ခွဲ)သတ္တမတန်းမှ မောင်သန်းဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၃/ကကရ(နိုင်)၀၅၃၅၉၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊ မိဂလုံကျေးရွာ အမက(၂) စတုတ္ထတန်းမှ မစုမွန်အောင်နှင့် ဒုတိယတန်းမှမောင်ခန့်ကိုလင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၃/ကကရ(နိုင်)၀၅၃၅၉၃ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အထက(ခွဲ) ငွေအိုင် ပဉ္စမတန်း(က)မှ မောင်ငြိမ်းချမ်းမောင်၏ဖခင် ဦးမြင့်ဇော်(ခ) ဦးဇော်ကြီး ၉/မထလ(နိုင်)၂၁၁၉၇၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်(ခ)ဦးဇော်ကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ချောင်းသာ၊ အကွက်အမှတ် ၁၉၉၀၊ ချောင်းသာအကွက်၊ ဦးပိုင်အမှတ် ဆ-၈၀၊ဆ-၈၁၊ဧရိယာ ဝဒသမ၁၁၆ဧက ရှိ မြေအား ဦးထွန်းလှိုင်က မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ကွင်းအမှတ်၁၉၉၀၊ချောင်းသာအကွက်၊ ဦးပိုင်အမှတ်(ခ-၁၀၇)၊ဧရိယာ ဝဒသမ ၁၀၇ဧကရှိမြေအား ဦးထွန်းလှိုင်အမည်ဖြင့်မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ဖခင်အမည်မှန်

သရက်ခရိုင်၊ ကံမမြို့နယ်၊ အထက(ကြို့ပင်) နဝမတန်း(A)(၂)မှ မသန်းသန်းမော်၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/ကမန(နိုင်)၀၄၃၉၀၉ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွန်း**

### ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ပြည်ထောင်စုလမ်းသွယ်၊အမှတ် ၆၂တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅-ဒီ၊ မြေကွက်အမှတ်၄၇-၃၉/၂၀အေ-၄အေ၊ ဒေါက်တာကျော်ဝင်း ၁၂/တမန(နိုင်) ၀၅၆၈၄၄၊ ဒေါ်သင်းသင်း ၁၂/ဥကတ(နိုင်)၁၂၉၃၉၉ အမည်ပေါက် မြေအမျိုးအစား မြေပိုင်မြေကွက်ဖြစ်ပါသည်။ ယင်းမြေ၏ အရောင်းအဝယ်စာချုပ်အမှတ်၃၆၉၅/၂၀၁၁ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး(လက်ခံအမှန်)နှင့် အမှားပြင်ဆင်စာချုပ်အမှတ် ၁၁၈/၂၀၁၄ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး(လက်ခံအမှန်)နှင့် ဒေါက်တာကျော်ဝင်း၊ ဒေါ်သင်းသင်းတို့မှ SP အမှတ်(၁၃၇၅၄/၂၀၁၈)ဖြင့် ဒေါ်တင်တင်အေး ၁၂/ပဘတ(နိုင်) ၀၁၂၀၅၂ သို့ ကိုယ်စားလှယ်လွှဲအပ်ထားကြောင်း ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ယင်းကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာကိုတင်ပြ၍ ဒေါ်တင်တင်အေးမှ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာပါသဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ) ဓမ္မသ တတိယတန်းမှ မိအိန်ချား၏ ဖခင်အမည်မှန်မှာ မင်းကျော်လင်းဦး ၃/ကကရ(နိုင်)၂၃၉၇၆၁ ဖြစ်ပါကြောင်း။

### အမှန်ဖတ်ရှုပါရန်

၉-၂-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) မအိဖူးငုံ ၁၂/ဥကတ(နိုင်)၁၈၄၀၀၇နှင့် အများသိစေရန်ကြေညာတွင် ဒေါ်သန္တာမြိုင် ၁၂/ဥကတ(နိုင်)၀၉၅၀၅၉ ဟု အမှန်ဖတ်ရှုပါရန်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်နေ ဦးပန်းခြံ၏သမီး ဒေါ်ခင်စန်းဝေ (ခ) ဒေါ်စန်းဝေ ၁၂/ကတန(နိုင်)၀၀၈၆၂၂ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၇၄၅၃၈ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ဦး ၁၀/မလမ(နိုင်) ၂၀၀၉၄၅ ကမ္ဘရာရွာ၊ ကော့ကရိတ်မြို့က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၁၀၉၇၉ Honda Blade 110 ယာဉ်လက်ဝယ်ရှိသူ Billion Moe Co,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## နိုင်ငံပိုင်မြေနှင့် အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံနှင့် မြေကွက်(၁၇)ခု ကိုအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသောLot No တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာတစ်စောင်စီ တင်သွင်းရမည်၊ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၂-၂၀၁၉ရက်မှ ၁၅-၃-၂၀၁၉ရက်အထိ
**နေရာ** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်)
စပေါ်ငွေသွင်းရမည့် တန်ဖိုးကိုအဆိုပြုလွှာဝယ်ယူသည့်အခါတစ်ပါတည်းဖော်ပြပေးပါမည်။

၄။ တင်ဒါတင်သွင်းရမည့်အစီအစဉ်
**P.O Cheque တင်ပြရမည့်ရက်** - ၁၈-၃-၂၀၁၉ရက်၊ ၁၉-၃-၂၀၁၉ရက်၊ ၂၀-၃-၂၀၁၉ရက်
**တင်ဒါတင်သွင်းရမည့်ရက်** - ၂၂-၃-၂၀၁၉ရက်
- Lot No (၁)မှ(၁၇)အထိ နံနက်၁၀နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။
**နေရာ** - ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်တို့အား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန်အဆိုပြုလွှာ တင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်အား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၆၃၃၉နှင့် ၀၆၇-၄၀၆၁၈၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ website https://www.mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No | လုပ်ငန်းအမည် | မြေဧရိယာ (ဧက) |
|---|---|---|
| ၁ | ၂ | ၃ |
| | ရှမ်းပြည်နယ်(၁၇)ခု | |
| | မြေနှင့်အဆောက်အအုံ(၁၅)ခု | |
| ၁ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ သပြေလမ်း၊အိမ်အမှတ်(၁/၄)၊ ဦးပိုင်အမှတ်(၅၈/က)၊ ကွင်းအမှတ်(၁၁)ရှိ မြေနှင့်အဆောက်အအုံ | ၀.၀၂၉ |
| ၂ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွှန်းကျိုင်းကျေးရွာ လွှန်းကျိုင်းကွင်းအမှတ်(၂၃)ရှိမြေနှင့်အဆောက်အအုံ | ၀.၁၉၈ |
| ၃ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့(ဝိန်းကျောက်ရွာ)၊ ယခင်ဟောင်လိတ်ကျေးရွာအုပ်စု၊ လွှန်းကျိုင်းကွင်း၊ ကွင်းအမှတ်(၂၃)၊ အခါဈေးနောက်အိမ်အမှတ်(ဝက(ခ) ၂၁၅)ရှိ မြေနှင့် အဆောက်အအုံ | ၀.၂၁ |
| ၄ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ တော်ကော့(အတွင်း) ရပ်ကွက်၊ ဟောင်လိတ်ကျေးရွာအုပ်စု မြေနှင့်အဆောက်အအုံ | ၀.၂၃ |
| ၅ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ကွင်းပြင်ဒေသ၊ ပါခါးကျေးရွာရှိမြေနှင့် အဆောက်အအုံ | ၀.၁၀၄ |
| ၆ | ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ ရွှေသမင်ကွက်သစ် အမှတ်(၆၄၇)ရှိမြေနှင့်အဆောက်အအုံ | ၀.၃၈၄ |
| ၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့ (၆)ရပ်ကွက်၊ ဝိန်းလောင်းလမ်းရှိမြေနှင့်အဆောက်အအုံ | ၀.၂၈၃ |
| ၈ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅)ရပ်ကွက်၊ နယ်မြေ(၁၃)၊ ကွင်းအမှတ်ဘုံကျောင်းအနောက်၊ ဦးပိုင်အမှတ်(ဃ-၇၈)ရှိမြေနှင့်အဆောက်အအုံ | ၀.၁၁၅ |
| ၉ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နယ်မြေ(၃)၊ (၃၈)လမ်း၊ (၂၃×၂၄)လမ်းကြား၊အကွက်အမှတ်(မန်းကောင်းကျောင်းကွက်)၊ ဦးပိုင်အမှတ်(၈၂၀)ရှိမြေနှင့်အဆောက်အအုံ | ၀.၀၈၂ |
| ၁၀ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅)ရပ်ကွက်၊ နယ်မြေ(၁၄)၊ လမ်း(၄၀)၊ ဦးပိုင်အမှတ်(၁၁၆၇)၊ အကွက်အမှတ်ငါးပါးသီလရှင် စာသင်တိုက်ကျောင်းကွက်ရှိ မြေနှင့် အဆောက်အအုံ | ၀.၀၆၈ |
| ၁၁ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ သံလွင်ကျေးရွာ၊ အကွက်အမှတ်ကွင်းပြင်၊ ရပ်ကွက်(၈)ရှိ မြေနှင့်အဆောက်အအုံ | ၀.၃၈၅ |
| ၁၂ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၆၂/က)၊ ဦးပိုင်အမှတ်(၃၂၇)၊ တရုတ်ဘုရားကျောင်း၊ ရေကန်လမ်းနှင့် (၄၂)လမ်းထောင့်၊ နယ်မြေ(၁၃)ရှိမြေနှင့်အဆောက်အအုံ | ၀.၀၄၅ |
| ၁၃ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၁)ရပ်ကွက်၊ အိမ်အမှတ်(၁)၊ (၁၁/ဓ)၊ မဟာဗျူဟာလမ်း၊ အရှေ့အရပ်၊ ဦးပိုင်အမှတ်(၂၂)ရှိ မြေနှင့်အဆောက်အအုံ | ၀.၁၆၅ |
| ၁၄ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ဟိုနားကျေးရွာအုပ်စု၊ လုံမွန်ကျေးရွာ၊ အကွက်အမှတ်-ကွင်းပြင်၊ ဦးပိုင်အမှတ် (N/၁)၊ မြေနှင့်အဆောက်အအုံ | ၂.၄၁ |
| ၁၅ | ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ၊ ယခင်ရပ်ကွက်(၆)/(၄)၊ ယခုရပ်ကွက်(၂)၊ ကွင်းအမှတ်(၁၄)၊ ဦးပိုင်အမှတ်(၂၁)၊မြေကွက်အမှတ်(၂၀)ရှိမြေနှင့်အဆောက်အအုံ မြေကွက်(၂)ခု | ၀.၂၁၃ |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ ပန်ဆိုင်း (ကြူကုတ်)မြို့ ယခင်ရပ်ကွက်(၆/၄)၊ ကွင်းအမှတ်(၁၄)၊ ဦးပိုင်အမှတ်(၁၀၀)၊ မြေကွက်အမှတ်(၇၇-ခ)ရှိမြေကွက် | ၀.၀၅၇ |
| ၁၇ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ အကွက်အမှတ် (မန်အိုင်အရှေ့ကွင်း)နယ်မြေ(၁၃)၊ ဦးပိုင်အမှတ်(၆)ရှိမြေကွက် | ၀.၀၉၂ |

## ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော ပိဋကသုံးပုံပါဠိတော်မြန်မာပြန်စာမေးပွဲကို ၁၃၈၁ ခုနှစ် (၂၀၁၉) ခုနှစ်၌ သတ္တမအကြိမ် ကျင်းပမည်ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုလိုသော ပုဂ္ဂိုလ်များ **(ရဟန်းရှင်၊ လူ မည်သူမဆို)** ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော်(၁)ရက် (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်) ဗုဒ္ဓဟူးနေ့မှ စတင်၍ ၁၃၈၀ ပြည့်နှစ် တပေါင်းလကွယ်နေ့ (၂၀၁၉ ခုနှစ် ဧပြီ ၄ ရက်) ကြာသပတေးနေ့ကို နောက်ဆုံးထားကာ စာမေးပွဲဝင်ခွင့်လျှောက်လွှာများ တင်သွင်းနိုင်ကြပါသည်။ စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံများကို ဓမ္မဗိမာန်ရုံးခန်း၊ (စိန်ရတနာ ဓမ္မာစရိယစာသင်တိုက်၊ ၆ ထပ်ဆောင် ၃ လွှာ)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉-၂၅၀၉၀၄၉၇၂၊ ၀၉-၂၆၀၂၂၃၃၅၈၊ ၀၉-၄၂၉၂၂၀၇၂၁ သို့ လည်းကောင်း၊ အောင်မင်္ဂလာဓမ္မသိပ္ပါလယ ဗုဒ္ဓစာပေသင်တန်းကျောင်း၊ တောင်စလင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂-လမ်း၊ ၃၂-လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၅၆၉၇၊ ၀၉-၉၁၀၂၄၀၅၉ သို့လည်းကောင်း၊ သာမဏေကျော် စာသင်တိုက်၊ ဥသာမြို့သစ်၊ (၁၈)ရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း ၀၉-၅၃၀၁၅၆၁သို့လည်းကောင်း၊ သဒ္ဓမ္မဇောတကသုဇာတာရုံစာသင်တိုက်၊ နန္ဒဝန်ရပ်၊ မုံရွာမြို့၊ ဖုန်း-၀၉-၇၉၈၈၂၁၉၄၁သို့ လည်းကောင်း၊ သာသနာ့ဝန်ဆောင်မြို့ဦးကျောင်းတိုက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊ ဖုန်း-၀၉-၇၉၂၂၈၁၂၃၁သို့ လည်းကောင်း ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

### မွေးသက္ကရာဇ် အမှန်

ကျောက်ပန်းတောင်းမြို့နယ်၊ စင်မြင့်ကျေးရွာအုပ်စု၊ မြင်သာကျေးရွာနေ ဦးဝင်းရွှေ၏သား မောင်သန်းချိုမြင့် ၉/ကပတ(နိုင်) ၂၄၀၃၁၀၏ မွေးသက္ကရာဇ်အမှန်မှာ၂၈-၁၁-၁၉၉၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာကျေးရွာ(မူလွန်-ကော့စံ)သတ္တမတန်းမှ မောင်ဖြိုးမင်းထက်၊ တတိယသန်းမှ မောင်ဇွဲလင်းထက်၊ မောင်ခန့်သွန်းညီတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးညွန့်အောင် ၁၀/ကထန(နိုင်)၁၀၂၄၆၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက အုတ်ကျင်း သတ္တမတန်း(A)မှ မစန္ဒာထွန်း၊ စတုတ္ထတန်းမှ မောင်အောင်ခန့်သူ၊ ပထမတန်းမှ မောင်ထိန်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးနဝရတ် ၁/မညန(နိုင်) ၀၈၁၃၉၅ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ မြို့သစ်ရပ်ကွက်၊ ကုမုဒြာလမ်း၊အမှတ်(B-4)မြေနေရာတွင် ထုတ်လုပ်မည့် နှင်းပွင့်ဖြူ အမှတ်တံဆိပ်သောက်ရေသန့်ကို ဘူးအမျိုးမျိုးဖြင့် ထည့်သွင်း၍ မြန်မာပြည်တစ်ဝန်းထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန်း**
**၇/တငန(နိုင်)၀၄၁၂၂၁**
**ဖုန်း-၀၉-၄၀၁၅၁၀၈၈၇**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ ရိပ်သာပတ်လမ်း၊ အကွက်အမှတ်၅၂၊ ကင်မလင်းကျွန်း(ရွှေဝတ်မှုံ)အကွက်၊ ဦးပိုင်အမှတ်၁၄၅၊ဧရိယာ ဝဒသမ၁၉၅ဧကရှိ မြေကို တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံးအမည်ဖြင့် မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၈လမ်း၊ ၃၈×၃၉ လမ်းကြား၊ အမှတ် ၁၄၀ နေ ဦးရစ်ချက်(ခ)ဦးစိန်ကြည် (ဘ) ဦးစောလင်း ၁/မကတ(နိုင်)၀၆၅၅၃၂ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ မဟာနဒီအကွက်အမှတ်(ဏ-၉)၊ ဦးပိုင်အမှတ်(၁၆-က)၊ ဧရိယာ ၀ ဒသမ ၄၁၃၂ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်အာဂူး အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်း လွှဲပြောင်းခြင်းစသည့်ကိစ္စရပ်များကို အမည်ပေါက်သူ ဒေါ်အာဂူးကိုယ်စား လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့အမှုသည် ဦးရစ်ချက်(ခ)ဦးစိန်ကြည်သို့ မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၂၇-၂-၂၀၁၄ ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၉၇/၂၀၁၄ ဖြင့် ကိုယ်စားလှယ် လွှဲအပ်ပေးခဲ့ပါသည်။ ထို့အပြင် ဒေါ်အာဂူး အမည်ပေါက် ဂရန်စာချုပ်မူရင်းကိုလည်း ကျွန်ုပ်တို့အမှုသည် ဦးရစ်ချက်(ခ)ဦးစိန်ကြည်ထံသို့ ဒေါ်အာဂူးကိုယ်တိုင်က ပေးအပ်ထားပါသည်။ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ ဒေါ်အာဂူးက အထွေထွေကိုယ်စားလှယ်လွှဲစာသော်လည်းကောင်း၊ အထူးကိုယ်စားလှယ်လွှဲစာသော်လည်းကောင်း လွှဲအပ်ထားခြင်းမရှိပါ။

ထို့ကြောင့် မြေအမည်ပေါက်သူ ဒေါ်အာဂူး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ကျွန်ုပ်တို့အမှုသည် ဦးရစ်ချက်(ခ) ဦးစိန်ကြည်၏ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ မြေကွက်အတွင်းသို့ ကျူးကျော်နေထိုင်ခြင်းမပြုလုပ်ရန်နှင့် ကျူးကျော်ဝင်ရောက်နေထိုင်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်မြတ်သွင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၃၆၃)**

**ဒေါ်မေသူမြင့်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၇၂၉)**

**အမှတ် ၃၇၄၊ ၈၃ လမ်း၊ ၃၁×၃၂ လမ်းကြား၊ ဂုန္တန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## အဘိဓမ္မာသင်တန်းဖွင့်တော့မည်

၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်(စနေနေ့)တွင် အဘိဓမ္မာ အဆင့်ဆင့် သင်တန်းများကို မြို့မဈေးကုန်းကျောင်း၌ ဖွင့်လှစ်ပါမည်။ မည်သူမဆို အဘိဓမ္မာသင်တန်း တက်ရောက် သင်ကြားလေ့လာနိုင်သည်။

**မြို့နယ်အဘိဓမ္မာပြန့်ပွားရေးအဖွဲ့**
**ပျဉ်းမနားမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၆၉၈၄၃ Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးမန်ဇုန်း ၄/ထတန (နိုင်)၀၁၀၀၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၁၉၂၁၄ Jialing - 90 ယာဉ်လက်ဝယ်ရှိသူ ဦးညို့ထွေး ၅/ကလထ (နိုင်)၀၄၆၄၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### စက်မှုဝန်ထမ်းဟောင်းများအသင်း ဆဋ္ဌမအကြိမ် အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားလွှာ

ဆဋ္ဌမအကြိမ်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားပါသဖြင့် စက်မှုဝန်ကြီးဌာန၊ ယခင်အမှတ် (၁) နှင့် (၂) စက်မှုဝန်ကြီးဌာနအပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး အသင်းဝင်ထားသည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ရပ်နီးရပ်ဝေးဒေသအနှံ့အပြားရောက်ရှိနေသည်ဖြစ်စေ တက်ရောက်ကြပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပပြုလုပ်မည့်ရက် | – | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်၊ (စနေနေ့) |
| ကျင်းပပြုလုပ်မည့်အချိန် | – | နံနက် (၀၉:၀၀) နာရီ |
| ကျင်းပပြုလုပ်မည့်နေရာ | – | စက်မှုဗိမာန်၏ ရွှေဘိုကုံဘုရားအရှေ့ဘက်မုခ်အနီး၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၇၅၀၈၆ |

မှတ်ချက်။ အကြံပြုလွှာများကို ၂၀.၂.၂၀၁၉ ရက်နေ့အရောက် ပေးပို့ကြပါရန်

**အမှုဆောင်အဖွဲ့**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**


N.G.E.S အင်္ဂလိပ်စာ သင်တန်း
(နွေရာသီ နှင့် ပုံမှန်) တန်းခွဲများ
အင်္ဂလိပ် စကားပြော သဒ္ဒါနှင့် အရေးအဖတ် (၅နှစ် မှ ၁၅နှစ်)(၁၆ နှစ်မှအထက်)
(English For Speaking, Listening, Reading & Grammar) +
(Essay, Letter & Story Writing)
နွေရာသီ၊ မတ်၊ ဧပြီ၊ မေ (၃)လ သင်တန်းများအတွက်၊ ၂၈ ဖေဖော်ဝါရီထိ
5% Discount ဖွင့်ကျောင်းအပ်လက်ခံပြီ။
၉၄၊ ၅ လမ်း (အထက်/လမ်းတို) လမ်းမတော်၊ ရန်ကုန်မြို့
09 5079896,09965005219,09799675960


### ဖခင်အမည်မှန်

အောင်လံမြို့နယ် မောက်တင် အထက တက္ကသိုလ်ဝင်တန်းမှ မအေးပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကြည် ၈/မထန(နိုင်)၀၁၇၁၆၀ ဖြစ်ပါကြောင်း။

**ဦးမောင်ကြည်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့ ရုံးရပ်ကွက် တောင်ပိုင်းနေ မောင်ရဲမင်းနိုင် ၈/မလန(နိုင်)၁၃၆၁၂၄၏ ဖခင်အမည်မှန်မှာ ဦးခိုင်လွင် ၈/မဘန (နိုင်)၀၇၀၂၃၃ ဖြစ်ပါကြောင်း။

**ဦးခိုင်လွင်**


● စည်းကမ်းကို အုတ်မြစ်ချသည် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .
UEC
ကကက-၁၃/၂၂/၂၇၅
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP
၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ်နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။
DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း – English 4 - skills၊ ဝန်းချီ၊ တွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725,09 7938 93726 ,09 5157988
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



AR YU GLOBAL CARE within reach INTERNATIONAL HOSPITAL

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား
စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com



KAPLAN
MYANMAR UNIVERSITY COLLEGE

၂၁ ရာစုတွင် ဦးဆောင်လမ်းပြ ခေါ်ဆောင်သွားနိုင်သည့် အင်ဂျင်နီယာ ခေါင်းဆောင်ကောင်း၊ မန်နေဂျာကောင်းတွေရဲ့ လုပ်ငန်းတာဝန် အခန်းကဏ္ဍတွေဟာ အလွန်အရေးပါလာသည်နှင့်အမျှ ခေါင်းဆောင်ကောင်းတွေအတွက် လိုအပ်သော

"Engineering Management"
ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို

ဦးဇော်နိုင် (Managing Director, Mandalay Technology)
ASEAN Engineer Registered မှ
ကိုယ်တိုင်လာရောက် ဆွေးနွေးမည်ဖြစ်ပါသဖြင့်
တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ (တနင်္ဂနွေနေ့)
အချိန် ။ ။ မနက် ၁၀ နာရီမှ ၁၂ နာရီအထိ
နေရာ ။ ။ KMUC Campus, A/6၊ ဝဂ္ဂီရိပ်သာလမ်း၊ (Diamond Condo နောက်ကျော)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

တက်ရောက်ဖို့ စာရင်းပေးရန်
၀၉ ၇၇၇ ၆၃၆ ၀၀၀
၀၉ ၇၇၇ ၆၈၆ ၀၀၀

## အလှူ့ဒါယိကာမကြီး
# ဒေါ်ရွှေမြိုင် (မုဒုံ)
### အသက်(၉၁)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နေ (ဦးထွန်းရှိန်)မြို့နယ် သစ်တောဦးစီးဌာနမှူး(ငြိမ်း)၏ဇနီး၊ (ဦးသိန်းညွန့်)-ဒေါ်စန်းမြင့်၊ (ဦးစောလွင်)-ဒေါ်တင်တင်ကြည်၊ ဦးစောထွန်း(Dagon International Co.,Ltd.)-ဒေါ်အေးအေးမြ(အထက-၁၊သဃ်န်းကျွန်း)၊ ဗိုလ်မှူးကြီးအေးထွန်း(ငြိမ်း)-ဒေါ်အေးသီတာလင်း၊ ဗိုလ်ကြီးဝင်းထွန်း(ငြိမ်း)၊ ဦးမင်းနိုင်(Dagon International Co.,Ltd.)-ဒေါ်ခင်ဌေးဝင်း၊ ဦးတင်ထွဋ်ဦး(Myanmar Finance International Limited)-ဒေါ်ခင်ခင်ရှိန်၊ ဦးမျိုးအောင်တို့၏မိခင်၊ မြေး၁၅ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၁၄-၂-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃း၂၀နာရီတွင် သုံးဆယ်မြို့၊ အနောက်သပြေကုန်းရပ်ကွက်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့၊အရှေ့ရိုးကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

၁၁-၂-၂၀၁၉ရက်(တနင်္လာနေ့)တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ ဆင်ပြောင်ရေယာဉ်နှင့် ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်း မီးပြတိုက်အနီးတွင် လုပ်ငန်းတာဝန်များထမ်းဆောင်နေစဉ် ရေယာဉ်အရာထမ်း/အမှုထမ်းများ ရုတ်တရက်ကွယ်လွန်ခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရေကြောင်းဌာနမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများ**

**ရေကြောင်းဌာန၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## အလှူ့ဒါယိကာမကြီး
# ဒေါ်ရွှေမြိုင် (မုဒုံ)
### အသက်(၉၁)နှစ်

သူငယ်ချင်း ဗိုလ်မှူးကြီးအေးထွန်း(ငြိမ်း)၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ရွှေမြိုင် (မုဒုံ)သည် ၁၄-၂-၂၀၁၉ရက် ညနေ ၃း၂၀ နာရီတွင် သုံးဆယ်မြို့၌ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

# ဦးဇော်ဝင်း (M.P.E)
### (၁၉၈၇မှ ၂၀၀၈)ဝန်ထမ်းဟောင်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၁၀၅၄-က)နေ (ဦးကြီးစိန်)-ဒေါ်မေသန်းတို့၏သား၊ (ဦးသန်းထွန်း)၏ညီ၊ (ဦးဝင်းနိုင်-ဒေါ်ဌေးဌေးဝင်း)၏အစ်ကို၊ ကိုသိန်းရွှေ-မသင်းသင်းခိုင်၊ ကိုကျော်ဇင်-မသင်းသင်းစိုး၊ မောင်ထွန်းထွန်းအောင်-မထက်ထက်၊ မခင်ရတနာဖြိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ကြူကြူဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၂-၂၀၁၉ရက် နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဒလမြို့နယ်၊ ခနိတော်သုသာန် သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဒေါ်ရှိန်းငိုန်း (Therese)မင်းတပ်မြို့ အသက်(၆၄)နှစ်
### B.Sc(Chemistry)

ချင်းပြည်နယ်၊ မင်းတပ်မြို့နေ (ဦးထန်းခွီရှိန်း-ဒေါ်မှန်အွယ်)တို့၏သမီး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ(ဦးကံဖေ-ဒေါ်သောင်းညွန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ သုံးလွှာ၊ အမှတ်-၃၀နေ ဦးဟန်ထွန်း(မန်နေဂျာ-ငြိမ်း)၊ အင်းလျားလိတ်ဟိုတယ်၏ချစ်လှစွာသောဇနီး၊ မောင်ထွန်းနေအောင်(3 A/E,MTM Ship-management)၊ မောင်ထွန်းဇာနည်(MPT)-မကေဇင်သက်(MPT)တို့၏ချစ်လှစွာသောမိခင်၊ (ဦးကေဂျီရှိန်း)-ဒေါ်ခင်အုန်းကြည်၊ (ဦးဂေလိန်းယွမ်း-ဒေါ်ရှိန်းအွယ်ယ)၊ (ဒေါက်တာရှိန်းအောင်ငိုင်း)-ဒေါ်ရီရီမြင့်၊ (ဦးဂေခွီရှိန်း)-ဒေါ်ရှိန်းလိုင်၊ (ဦးထန်းယွမ်း)-ဒေါ်လိန်းလိုင်တို့၏ညီမ၊ ဦးရှိန်းထန်း-ဒေါ်ကြည်ကြည်မြ၊ (ဦးရှိန်းယော)-ဒေါ်မြင့်မြင့်သိန်း၊ (ဦးရှိန်းဟုန်ထွန်း)-ဒေါ်အင်လွန်းကျိန်၊ (ဦးရှိန်းလိန်းမာန်)တို့၏အစ်မသည် ၁၅-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် အလုံမြို့နယ် St.Therese ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံသုသာန်၌ မွန်းလွဲ ၁၂း၃၀နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ စိန့်ထရေးဇားဘုရားကျောင်းမှ ကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၉ရက်တွင် နေအိမ်၌ ဝတ်ပြုဆုတောင်းမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
# ဦးထွန်းထွန်း [ရေယာဉ်မှူး(ဆင်ပြောင်)]
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးမျိုးတင့်)-ဒေါ်အဝင်းတို့၏သား၊ ဒေါ်နိုင်နိုင်ထွန်း၏မောင်၊ ဦးကျော်ကျော်ထွန်း၊ ဦးဟန်စိုးထွန်း-ဒေါ်လှလှမြင့်၊ ဒေါ်ဇင်ဇင်ထွန်းတို့၏အစ်ကို၊ မကဲ့ကော်စိုး၏ဘကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးခင်သောင်း)-ဒေါ်လှလှဝင်းတို့၏သားသမက်၊ တိုက်၂၀၆၊ အခန်း A၊ ငါးလွှာ၊ ဗဟိုလမ်း၊ ကျွန်းတော (မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခိုင်ခိုင်ဌေး၏ ခင်ပွန်း၊ မစုစန္ဒီထွန်း၏ ချစ်လှစွာသောဖခင်သည် ၁၁-၂-၂၀၁၉ ရက်တွင် တာဝန် ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၉ ရက် နံနက် ၉း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
# ဦးသန်းထွန်း(ခ)အီဘရာဟင်
**Radio Officer**
**C.D.C.No 5691**
**(M.T.M)**
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁လမ်း၊ သုံးလွှာ(ဝဲ)၊ အမှတ်(၅၉)နေ (ဦးစံရွှေ-ဒေါ်မြမေ) တို့၏သား၊ (ဒေါ်ထွေးရီ)မြန်မာ့ဆက်သွယ်ရေး(ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်မင်းကို-ဒေါ်နီလာထွန်း(U.S.A)၊ ဒေါ်ရီနွယ်ထွန်း(အထက်တန်းရှေ့နေ)၊ ဒေါ်စုမြတ်ထွေး(Golden Trident Co.,Ltd) တို့၏ဖခင်၊ မောင်ချမ်းငြိမ်းကို၊ မောင် Zachary ဇာနည်ကို၊ မထက်ဧကရီနိုင်တို့၏အဘိုးသည် ၁၃-၂-၂၀၁၉ရက် ည ၁၀း၀၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄-၂-၂၀၁၉ရက် အဆွာရ်အပြီး ညနေ ၅နာရီတွင် ရေဝေးကဘာရ်စတန်သုသာန်သို့ ပို့ဆောင် ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်စန်းကြည်(ခ) ဒေါ်ကြည်ကြည်
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အေးရိပ်သာ(၁)လမ်း၊ အောင်တံခွန်ကွန်ဒိုနှင့် ရန်ကုန်မြို့၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ ပန်းသစ္စာလမ်းနေ (ဦးလှရွှေ-ဒေါ်ကြင်လှိုင်)၊ (ဦးချစ်ရွှေ-ဒေါ်ခင်) တို့၏သမီး၊ ဒေါ်မြသောင်း၏ညီမ၊ မဆုမွန်ကြည်၊ မောင်ဖိုးပြည့်၊ မရှိလာရတနာတို့၏မိခင်၊ ဦးသိန်းစိုး၏ ဇနီးသည် ၁၄-၂-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ဇရပ်ကွင်းကျေးရွာ သုသာန်သို့ မွန်းတည့် ၁၂နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဦးမင်းလွင်
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### (ပ)ရေလုပ်သား
### (ဆင်ပြောင်သင်္ဘော)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ စိန်မေတ္တာလမ်း၊ အမှတ်(၂၃)နေ (ဦးဘငြိမ်း-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးစိုးသိန်း-ဒေါ်သန်းသန်းအေး) တို့၏သားသမက်၊ ဒေါ်ဌေးဌေးရီ၏ခင်ပွန်း၊ ဗိုလ်ကြီးဝေဖြိုး(ခ)မင်းထက်သာ၊ မောင်မင်းထက်သျှား၊ မဇွန်ထာဝရ တို့၏ဖခင်၊ (ဦးလှထွန်း- ဒေါ်ဌေးဌေး)၊ ဦးစိန်ခင်-(ဒေါ်ညွန့်ညွန့်ရီ)၊ (ဦးအေးသွင်)-ဒေါ်အေးမြင့်ကြည်၊ (ဦးထွန်း)-ဒေါ်စုစုတင်၊ ဒေါ်နုနုယဉ်(တော်ဝင်ကိုယ်ပိုင်အလယ်တန်းကျောင်း)တို့၏ညီ/မောင်သည် ၁၁-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးစိုးသိန်း
### အသက် (၇၉နှစ်)၊ မိတ္ထီလာ/ထားဝယ်

ထားဝယ်မြို့ (ဦးအေးကြည်-ဒေါ်မေစု)တို့၏ သားထွေး၊ မိတ္ထီလာမြို့၊ အရှေ့ပြင်ရပ်နေ စိန်ရွှေရတနာကုန်သည် (ဦးဒွေး-ဒေါ်ဖွားသစ်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးကျင်အေး-ဒေါ်လှိုင်ကြည်)၊ (ဗိုလ်မှူးကြီးမင်းလွင် (အငြိမ်းစား)- ဒေါ်တင်ကြည်)၊ မိတ္ထီလာမြို့ (ဦးညိုဝင်း-ဒေါ်ခင်ဝင်းကြည်)တို့၏ ညီမောင်၊ ရန်ကုန်မြို့ ဦးမျိုးညွန့်-ဒေါ်ခင်သန်းနွယ်တို့၏ အစ်ကို၊ အမှတ်-၃၇၊ ရွှေဘုံသာလမ်း၊ ပထမထပ်(ယာ)နေ ဒေါ်ခင်နှင်းရည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး လှမင်း(ငြိမ်း)-ဒေါ်ရူပစိုး၊ ဒေါ်စန္ဒာစိုး၊ ဦးလွမ်းမိုးစိုး-ဒေါ်ကျော့ယဉ်မင်း၊ ဦးသန့်စင်စိုး-ဒေါ်ကလျာစိုး၊ (ဦးသန့်စင်စိုး)-ဒေါ်သန်းချိုနွယ်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ ဦးဝဏ္ဏထွန်း-ဒေါက်တာဝတီလှမင်း၊ မောင်သန်းထိုက်ဇော်၊ မသန့် သီရိစိုး၊ မစိမ့်စန္ဒီစိုး၊ မောင်အောင်ချစ်မိုး၊ မဝါဆိုမိုး၊ မနှင်းနုနုနွေးတို့၏ ချစ်လှစွာသော ဘိုးဘိုး၊ ရဟန်းဒါယကာ၊ ကျောင်းဒါယကာကြီး၊ ရွှေကုန်သည် ဦးစိုးသိန်း (မဂိုလမ်း)သည် ၉၆ ပါး ရောဂါဝေဒနာဖြင့် ၁၃-၂-၂၀၁၉ ရက်နေ့ ည ၇း၄၀ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၉ ရက်နေ့ (၁၀း၀၀)နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ ၁၉-၂-၂၀၁၉ ရက်နေ့ အမှတ် ၃၇၊ ရွှေဘုံသာလမ်း၊ ပထမထပ်နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာအား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ချစ်ချစ်မူ
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၇)လမ်း၊ အမှတ်(၈၇၂/က)နေ (ဦးသန်းတင်-ဒေါ်တင်တင်ထွေး)တို့၏သမီး၊ ဦးတင့်လွင်၏ဇနီး၊ ဦးခင်မောင်လွင်-ဒေါ်ခင်နှင်းဦး၊ ဒေါ်စီစီလွင်၊ ဦးကျော်ဦး-ဒေါ်နီနီလွင်၊ ဦးနန္ဒ-ဒေါ်စန္ဒာလွင်၊ ဦးဝင်းမောင်လွင်တို့၏မိခင်၊ မောင်သိန်းလှိုင်မြ၊ မဇင်မာလွင်၊ ကိုနေမျိုးလွင်-မရွှေရည်ဝင်း၊ မမြတ်သီရိဦး(အထက-၂၊ ဗဟန်း)၊ မောင်ဘုန်းစည်သူ (အထက-၂၊ဗဟန်း)၊ မောင်ဘုန်းပြည့်စုံ(အမက-၃၊ ဗဟန်း) တို့၏အဘွား၊ မောင်ကောင်းမြတ်ထက်၏ဘွားဘွားသည် ၁၄-၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်း လွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ဇရပ် ဒါယကာကြီး
# ဦးထွန်းမြင့် အသက်(၇၈)နှစ်
### တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမြို့နယ်ဥက္ကဋ္ဌ
### အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ ဗဟိုကော်မတီ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁၅)လမ်း/အနောက်၊ အမှတ်(၈)နေ (ဦးမြသီး-ဒေါ်ကြာသန်း)တို့၏သား၊ (ဦးပန်းလှိုင်-ဒေါ်ခင်သန်း)တို့၏သားသမက်၊ (ဦးကျော်လှိုင်)-ဒေါ်တင်ရွှေ၊ ဦးထွန်းလှိုင်၊ (ဦးထွန်းလှိုင်)-ဒေါ်ကျင်အုံး၊ ဒေါ်သောင်းရီတို့၏အစ်ကို၊ ဒေါ်ဝေဝေလှိုင်(မြန်မာ့ အာမခံလုပ်ငန်း)၊ ဦးကျော်မျိုးထွန်း(မြန်မာတိုင်းပုံနှိပ်တိုက်)-ဒေါ်နီ နီထွေး(SGS)တို့၏ဖခင်၊ မောင်ဇင်လင်းဖြိုးတို့၏အဘိုး၊ ဒေါ်လှရွှေလှိုင်၏ခင်ပွန်းသည် ၁၅-၂-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂- ၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးဝင်းမြင့် (လှိုင်ဝင်းဆွေ)
### (မြို့နယ်ပညာရေးမှူး-ငြိမ်း၊ စာရေးဆရာ၊ စာပေဗိမာန်စာမူဆုရှင်)
### အသက်(၆၉)နှစ်

ပခုက္ကူမြို့၊ ရွှေချောင်းရွာ၊ လက်ထုတ်ပိုင်းနေ(ဦးဗိုလ်ကြီး-ဒေါ်တင့်တင့်)တို့၏သား၊ နန်းဘဲရွာနေ(ဦးဘဆက်-ဒေါ်သင်းလှိုင်) တို့၏သားသမက်၊ ပခုက္ကူမြို့သစ်၊ ခတ္တာလမ်းနေဒေါ်ကြင်ရီ (မူလတန်းကျောင်းအုပ်-ငြိမ်း)၏ခင်ပွန်း၊ နေပြည်တော်နေ ဦးဟိန်းလင်းဇာ (မြေတိုင်းဦးစီးဌာန)၊ ဒေါ်ကေသီနွယ်(အခြေခံပညာဦးစီးဌာန)နှင့် ပခုက္ကူမြို့သစ်နေ (မောင်အောင်ဇေလတ်)တို့၏ဖခင်၊ ဦးဝင်းမြင့်(လှိုင်ဝင်းဆွေ၊ မောင်တမာ-ပခုက္ကူ)သည် ၁၄-၂-၂၀၁၉ရက် ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ပခုက္ကူစက်မှုဇုန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ ပညာရေးနှင့်စာပေလောကမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်တင်ဖြူဖြူသိန်းဇန်
### အလပြ(ငြိမ်း)၊ ထခွဲ၊ လ-၃(ရွှေပြည်သာ)
### အသက်(၅၆)နှစ်

ဦးကျော်ကျော်လွင် Ayeyarwaddy Ladge & Resort (Union City Project) H.G.C ၏ချစ်လှစွာသောဇနီးသည် ၁၄-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွား ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **စတသ(၂၆)မှသူငယ်ချင်းများနှင့်မိသားစုဝင်များ**

# ဒေါ်ဆွေဆွေမာ
### (တောင်ငူ)
### အသက်(၅၂)နှစ်

တောင်ငူမြို့၊ (၆)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ (ဦးတင်ညွန့်)-ဒေါ်ကျင်ငွေ(နဂါးညီနောင်လက်ဖက်ခြောက်)တို့၏သမီးချွေးမ၊ တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ ၁၁လမ်းနေ (ဦးမြင့်ဆွေ-ဒေါ်ခင်စန်းမြင့်)တို့၏သမီး၊ တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ ၁၁လမ်းနေ ဦးညွန့်ငွေ (ညွန့်လျှပ်စစ်)၏ဇနီး၊ မောင်ကျော်ဆုသွေး၊မအင်ကြင်းဆွေတို့၏မိခင်သည် ၁၄-၂-၂၀၁၉ရက် ည ၁၁း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၉ရက် မွန်းလွဲ ၁ နာရီတွင် အနောက်သုသာန်သို ့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
# ဒေါ်အုန်းမြင့် (မြိတ်) အသက်(၁၀၃)နှစ်
### အသင်းဝင်အမှတ်(၂၃၆၇)

မြိတ်မြို့၊ ဈေးတန်းရပ်နေ(ဦးအုန်းသင်)၏ဇနီး ဒေါ်အုန်းမြင့်သည် ၁၂-၂-၂၀၁၉ ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ အမှုဆောင်အဖွဲ့

# ဒေါ်ခင်ခင်ဖြူ
### (စစ်တွေ)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ သန်လျင်တံတားစီမံကိန်းအိမ်ရာဝင်း၊ အရှေ့မင်းလမ်း၊ အမှတ်(၂၁၆)နေ (ဦးအောင်သာဘန်း-ဒေါ်မေဆင်) တို့၏သမီး၊ [ရဲမှူးဦးကျော်၊ စုံထောက်ကျောင်းအုပ်ကြီး(CID)ငြိမ်း]၏ဇနီး၊ ဦးဝင်းမြင့်-ဒေါက်တာခင်မေကျော် (လူမှုဖူလုံရေး-ငြိမ်း)၊ ဦးခင်မောင်ကျော်(အင်/ချုပ်၊ ဆလရ-ငြိမ်း)-ဒေါ်ရင်ရင်မေ၊ (ဦးချောလွင်)-ဒေါ်ခင်ပြုံးကျော်(Brown Academy)တို့၏မိခင်၊ ဒေါက်တာခိုင်သင်ဇာကျော်(UK)၊ ဒေါက်တာ ခိုင်စပယ်ကျော်(UK)၊ ဒေါက်တာခံရစ်စတိုဖာအင်ဒရူး-ဒေါက်တာခိုင်မွန်ရည်ကျော်(UK)၊ ဦးအောင်ကျော်လွင်(VHQ Co,Malaysia)၊ မောင်ရဲကျော်လွင်(Final M.B.B.S Malaysia)တို့၏ အဘောင်ရှင်၊ မောင်သန့်စင်(UK)၏အဖီးရှင်သည် ၁၄-၂-၂၀၁၉ရက်(ကြာသပတေးနေ့) ည ၇း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်ခင်ခင်ဖြူ
### (စစ်တွေ)
### အသက်(၉၅)နှစ်

စစ်တွေမြို့နေ(ဦးအောင်သာဘန်း-ဒေါ်မေဆင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ သန်လျင်တံတားစီမံကိန်းအိမ်ရာဝင်း၊ အရှေ့မင်းလမ်း၊ အမှတ်(၂၁၆)နေ [ရဲမှူး ဦးကျော်၊ စုံထောက်ကျောင်းအုပ်ကြီး(CID) ငြိမ်း]၏ဇနီး၊ (ဒေါ်နံ့သာဦး-ဦးဘတင်)၊ (ဦးဘမောင်- ဒေါ်အေးမြိုင်)တို့၏ညီမ၊ (ဦးမြဒင်-ဒေါ်စောမေ)၊ ဒေါ်ခင်စောတင်-(ဦးစိန်ညိုထွန်း)၊ (ဒေါ်ကြည်ကြည်အောင်-ဦးစံရွှေဘု)၊ ဒေါ်လီလီသာ-ဦးထွန်းဖဲ၏အစ်မသည် ၁၄-၂-၂၀၁၉ရက် (ကြာသပတေး နေ့) ည ၇း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တုတ်တုတ် (သံတွဲမြို့)
### အသက်(၉၁)နှစ်

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ အလယ်ရွာနေ(ဦးဖိုးယုံ-ဒေါ်စိန်ဂုံး)တို့၏သမီး၊ သံတွဲမြို့နေ (ဦးစံကြူး)၏ဇနီး၊ (ဦးဘိုစိန်)-ဒေါ်လှဝင်း၊ ဒေါ်မြမြဝင်း၊ ဦးသန်းစိန် (မှတ်ပုံတင်အရာရှိချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)-ဒေါ်နီနီ၊ ဦးကျော်နိုင်-ဒေါ်ဌေးဌေး၊ ဦးခင်ဖေဦး(ဒုတိယအထွေ ထွေမန်နေဂျာ၊ MICBငြိမ်း)-ဒေါ်ခင်သန်းမူတို့၏ချစ်လှစွာသောမိခင်၊ ဦးတင်သိန်း-ဒေါ်တင်ရီ၊ (ဦးကျော်အုန်း)-ဒေါ်မြင့်မြင့်ခင်တို့၏အဒေါ်၊ မြေး ၁၅ယောက်၊ မြစ်ကိုးယောက်တို့၏အဘွား သည် ၁၅-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်(၂)လမ်း၊ ပါရမီရိပ်သာ၊ တိုက်အမှတ်(၁၁)၊ သုံးလွှာ(B)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၉ ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၉ ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ကြည်ကြည်သော်
### J.A.T(ငြိမ်း)၊ အထက(၂)မော်လမြိုင်၊ အထက(၃)ဟင်္သာတ
### အသက်(၈၅)နှစ်

မော်လမြိုင်မြို့နေ (ဦးအုန်းသော်-ဒေါ်ဖွားတင်)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးဝင်းအောင်-ဒေါ်မြင့်ကြည်၊ မော်လမြိုင်မြို့နေ(ဒေါက်တာကြီးစိုး)-ဒေါက်တာခင်ငြိမ်းအေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လင်းရောင်ခြည်လမ်း၊ အမှတ်(၁၄/2B) ပထမထပ်နေ ဦးဟိန်းဇော်မောင် (H&M Construction)-ဒေါ်မြင့်မြင့်အောင်(ကထိက/ဌာနမှူး)အင်္ဂလိပ်စာဌာန ဆေးဝါးတက္ကသိုလ်(မန္တလေး)တို့၏ချစ်လှစွာသောမိခင်၊ ဟင်္သာတမြို့ အထက(၄) ကျောင်းအုပ်ဆရာကြီး(ငြိမ်း)(ဦးအောင်တင့်)၏ဇနီးသည် ၁၅-၂-၂၀၁၉ရက် (သောကြာနေ့) တွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၉ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဦးမောင်ဖြူသံ အသက်(၈၄)နှစ်

စနဲမြို့လူမှုရေးအသင်း(ရန်ကုန်)ဝင်ဦးအောင်သိန်းညွန့်-ဒေါ်ခင်ဝင်းတို့၏ဖခင်၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၆)နေ ဦးမောင်ဖြူသံသည် ၁၄-၂-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသား/သူများ လိုက်ပါပို့ဆောင်ကြပါရန်။ အလုပ်အမှုဆောင်ကော်မတီ

စနဲမြို့လူမှုရေးအသင်း(ရန်ကုန်)

# ဦးညွန့်ဆွေ [ညွှန်ကြားရေးမှူး(ငြိမ်း)] အသက်(၇၈)နှစ်
### နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
### အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရန်ပြိုလမ်း၊ အမှတ်(၃၃)နေ (ဦးမောင်ထိန်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးသာခင်-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်စိန်ကြည် (အထက်တန်းပြ-ငြိမ်း အထက-၁၊မရမ်းကုန်း)၏ခင်ပွန်း၊ မဆွေမွန်ဦး(Best Oil Co,Ltd)၊ မဆွေဆွေမင်း(ACE Data Systems)၊ ကိုဟိန်းထွဋ်မင်း(Nano Four Tech HHM Co,Ltd)- မဆွေဇင်ဖြိုး(Sweety Home Industry Co,Ltd)၊ မောင်ဆွေမင်းထွဋ်(ခ)သားကို၊ မောင်ဆွေမင်းထက်(ခ)သားညီ-မနေခြည်ထွန်း(E-City)တို့၏ဖခင်၊ မအိမ့်ချမ်းမြေ့သူ၊ မဆွီတီ၊ မောင်ခန့်သူရိန်မင်းတို့၏အဘိုးသည် ၁၅-၂-၂၀၁၉ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများမှ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝဘေးစီမံခန့်ခွဲမှု၏ သဘောသဘာဝအရ ဘေးအမျိုးအစားအလိုက်၊ ကဏ္ဍအလိုက်၊ အဆင့်အလိုက်၊ ပြင်းအားအလိုက်စသည်ဖြင့် စီမံခန့်ခွဲဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ ဖြစ်ပေါ်လာသော အခြေအနေပေါ်မူတည်ပြီး စီမံခန့်ခွဲမှုအပိုင်း၊ ရှာဖွေကယ်ဆယ်ရေးအပိုင်း၊ ထောက်ပံ့နှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

## အိန္ဒိယဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၁၉ Hero Gold Cup အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက အိန္ဒိယနိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက နီပေါလက်ရွေးစင် အမျိုးသမီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်စွဲသည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့သည့် နီပေါအသင်းနှင့် တစ်ကျော့ပြန်တွေ့ဆုံရာတွင် ဂိုးပြတ်နိုင်ပွဲရယူပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။ နီပေါအသင်း၏ ရုန်းကန်မှုကြောင့် မြန်မာအသင်းသည် ပထမပိုင်းတွင် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယပိုင်းတွင် အနိုင်ဂိုးများ သွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ အိုလံပစ်ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအမျိုးသမီးအသင်းသည် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သောကြောင့် ခြေစစ်ပွဲအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ချန်ပီယံဆုရယူနိုင်ရန် ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း၊ ရီရီဦး၊ ခင်မိုးဝေ စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး နီပေါအသင်းကို ရင်ဆိုင်ခဲ့သည်။ နီပေါအသင်းကလည်း ရလဒ်ကောင်းရယူနိုင်ရန် မြန်မာအသင်းကို ခပ်မာမာတုံ့ပြန်ကစားခဲ့ရာ ပထမပိုင်းတွင် မြန်မာအသင်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ၃၄ မိနစ်တွင် ရီရီဦးက မြန်မာအသင်းအတွက် ဦးဆောင်ဂိုး သွင်းခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် ယိုနီရာက နီပေါအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၅ ●

## ရန်ကုန်မြို့၌ ကျင်းပမည့် ဝမ်းချန်ပီယံရှစ်ပြိုင်ပွဲတွင် ချင်းတိုင်းရင်းသား တီရဲလ်ထန် ကမ္ဘောဒီးယားနိုင်ငံသားနှင့် ထိုးသတ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့၌ ကျင်းပမည့် ဝမ်းချန်ပီယံရှစ်ပြိုင်ပွဲတွင် ချင်းတိုင်းရင်းသား တီရဲလ်ထန် ကမ္ဘောဒီးယားနိုင်ငံသားနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ Rose Garden ဟိုတယ်၌ ပြုလုပ်သည့် ကမ္ဘာ့အားကစားပြိုင်ပွဲများကို ဦးစီးကျင်းပလျက်ရှိသော ONE Championship TM' သည်မစ်ဒယ်ဝိတ်နှင့် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန် (မြန်မာစပါးအုံး)နှင့် မြန်မာနိုင်ငံသား ချင်းတိုင်းရင်းသား Dragon Leg တီရဲလ်ထန်တို့အား မြန်မာနိုင်ငံရှိ မီဒီယာများနှင့် အွန်လိုင်းတိုက်ရိုက် တွေ့ဆုံမေးမြန်းမှု အခမ်းအနားမှ သိရသည်။**(ယာပုံ)**



မြန်မာ့စပါးအုံး အောင်လအန်ဆန်သည် စာမျက်နှာ ၁၄ ကော်လံ ၁ ❒

**တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား သေဒဏ်၊ ထောင်ဒဏ်အသီးသီး ပြစ်ဒဏ်ချမှတ်**

စာ » ၁၃

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်
၂၀၁၉ ဗုဒ္ဓဂယာ စရိတ်ငြိမ်း လက်ကျန်ခရီးစဉ်များ
ရုံးချုပ် - ၀၁-၆၅၅၅၂၀၊ ၀၉-၅၆၀၀၁၂၃ ရုံးခွဲ၊ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၁၂
၅ ရက် ဒေါ်လာ ၆၀၀ - မတ် ၁၈၊
၇ ရက် ဒေါ်လာ ၆၂၅ - မတ် ၃၀၊
၈ ရက် ဒေါ်လာ ၆၂၅ - မတ် ၂၀ (၂၀ လို)၊ ၂၇ (၃ လို)၊ ဧပြီ ၁၀၊
၁၀ ရက် ဒေါ်လာ ၆၄၀ - ဧပြီ ၃၊
၁၂ ရက် ဒေါ်လာ ၇၂၅ - မတ် ၄ (၁ လို)၊ ၉ (၆ လို)၊ ၁၈ (၁၆ လို)၊ ၂၃ (၁၃ လို)၊ ဧပြီ ၁၃ (၁၁ လို)၊ ၁၅။
၁၅ ရက် ဒေါ်လာ ၇၇၅ - မတ် ၆ (၂ လို)၊ ၂၀၊
၁၅ ရက် ဒေါ်လာ ၈၂၅ - မတ် ၉ (၁ လို)၊ ၁၆ (၉ လို)၊ ၁၈ (၁၉ လို)၊ ၂၃၊ ဧပြီ ၁၂ (၂ လို)၊ ၁၃၊
စရံ (၂) သိန်း၊ +
ဟိုတယ်/သီးသန့် စီစဉ်ပေးသည်။
ညမောင်းလုံးဝမပါ
သံရုံးလိုက်ရန်မလို
စရံငွေချေ/ဦးရာလူစနစ်
Air Bus လေယာဉ်ဖြင့်သာ
(ကိုယ်ကတ္တားပါ) Facebook Page - ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ Email : khinandartravels@gmail.com Website : www.khinnandartravel.com